နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

မှ ထုတ်ဝေသည်။

၂၀၂၀ ခုနှစ်၊ မတ်လ ၂၃

အမှတ် (၇၅)၊ ဥဿဖရားလမ်း၊ (၃၃) တိုးချဲ့ရပ်ကွက်

မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်

ဖုန်း၊ + ၉၅(၀) ၉၂၅၄၂၁၄၁၇၅

info@aappb.org

Www.aappb.org


ဦးဝင်းတင်
နောက်ကြည့်မှန်
မင်းကိုနိုင်

Fallen Political Prisoners

၂၀၀၀ – ၂၀၂၀

# နှစ် ၂၀ ထိုခရီး

၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက်

AAPP

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

**Assistant Association for Political Prisoner**

**AAPP**

# မာတိကာ


ရည်ညွှန်း ၆

ကျေးဇူးစကား ၇

နှစ် ၂၀ ထိုခရီး ၈

အနှစ် ၂၀ ပြည့်နှင့်ပတ်သက်၍ ၉

## အပိုင်း ၁

ပြည်ပရောက်အဖွဲ့တခုအဖြစ် ဖြတ်သန်းမှု ၁၅

အေအေပီပီရဲ့ခရီးအစ ၁၇

လူမှုကူညီမှုများ ၂၀

နိုင်ငံအရေးတွင် ဆက်စပ်လှုပ်ရှားမှု ၂၁

ပြခန်းနှင့် အင်တာနက်စာမျက်နှာ ၂၂

စည်းရုံးလှုံ့ဆော်မှုများ ၂၅

စိတ်ခတ်မြှင့်တင်ရေးဆိုင်ရာကူညီရေးအစီအစဉ် ၃၇

ဆုများနှင့် အသိအမှတ်ပြုမှုများ ၃၈

ရုပ်သံမှတ်တမ်းနှင့် တေးအယ်ဘမ် ၃၉

ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်စာတမ်းများ ၄၁

## အပိုင်း ၂


မြန်မာနိုင်ငံအတွင်း လှုပ်ရှားဆောင်ရွက်ခြင်း ၄၉

ပြည်တွင်းသို့ ပြန်လည်ရွှေ့ပြောင်းရန် ဆုံးဖြတ်ခြင်း ၅၁

ကူညီထောက်ပံ့မှု ၅၆

စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာထောက်ပံ့ကူညီရေးအစီအစဉ် ၆၁

လူ့အခွင့်အရေးသင်တန်းများ ၇၀

စောင့်ကြည့်မှတ်တမ်းတင်ခြင်း ၇၆

ပြခန်း ၇၈

လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ ၈၂

အေအေပီပီနှင့် လွှတ်ငြိမ်းသက်သာခွင့်များ ၈၄

အေအေပီပီနှင့် လူ့အခွင့်အရေးကော်မရှင် ၈၇

အေအေပီပီနှင့် လွှတ်တော် ၈၉

အစီရင်ခံစာများ ၉၃


## အပိုင်း ၃


ရှေ့ဆက်ရဦးမည့်အနာဂတ် ၉၈

မပြီးသေးသောခရီးရှည် ၁၀၃

# ရည်ညွှန်း

ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ကျဆုံး၊ ကွယ်လွန်သွားကြသော နိုင်ငံရေးအကျဉ်းသားများ၊ မိသားစုများအားလုံးကို ရည်ညွှန်းပါသည်။

ထိုသူများသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အကျဉ်းအကျပ်များ၊ ဆင်းရဲပင်ပန်းမှုများ အောက်တွင် မည်သို့ပင် ရင်ဆိုင်နေရသည်ဖြစ်စေ အများပြည်သူအကျိုးအတွက် မလျှော့သောဇွဲသတ္တိတို့ဖြင့် ရဲရင့်တည်ကြည်စွာ တွန်းလှန်ဖြတ်ကျော်ခဲ့သည်ကို မိမိတို့အနေဖြင့် လေးနက်စွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံရေးအကျဉ်းသားရှိနေသရွေ့ အားလုံးလွတ်မြောက်ရေး အတွက် မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် စွမ်းအားများဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်

## ကျေးဇူးစကား

အေအေပီပီ အနှစ် ၂၀ ဖြတ်သန်းမှုတွင် အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားများ၏ သက်ဝင်လှုပ်ရှားမှုရှိသော သမိုင်းမှတ်တိုင်များကို ဆက်လက်ထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပြီး မြန်မာပြည်တွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ခဲ့ကြသော နိုင်ငံရေးအကျဉ်းသားများ၏ စွန့်လွှတ်အနစ်နာခံခဲ့ရမှုများကို လူမှုအသိုင်းအဝိုင်းများကြား မေ့ပျောက်ခြင်း မရှိစေရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ ထိုအနှစ် ၂၀ အတွင်း အေအေပီပီဟု လူသိများခဲ့သည့် မိမိတို့အဖွဲ့အစည်းသည် ပြည်တွင်းနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုမှုများစွာ ရရှိခဲ့သည်။ ထိုသို့ အသိအမှတ်ပြုခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများအရေးကိစ္စနှင့်ပတ်သက်၍ အဓိကအရင်းအမြစ် အဖွဲ့အစည်းတခုအဖြစ် အားထားရာ ဖြစ်ခဲ့သည်မှာ အေအေပီပီတွင် တာဝန်ထမ်းဆောင်ခဲ့သူအားလုံးနှင့် နိုင်ငံရေးအကျဉ်းသားများအပေါ် စာနာနားလည် အားပေးထောက်ခံခဲ့ကြပြီး အေအေပီပီ၏ ဆောင်ရွက်မှုများကို ဝိုင်းဝန်းကူညီပေးခဲ့သူများအပေါ် များစွာ မူတည်ခဲ့ပါသည်။ ထိုသူတို့၏ လုပ်အား၊ အကူအညီများမပါဘဲ ယနေ့ အေအေပီပီအဖြစ် တည်ရှိနေနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် လွန်ခဲ့သော အနှစ် ၂၀ က ထိုင်းနိုင်ငံ နယ်စပ်မြို့ကလေးဖြစ်သည့် မဲဆောက်မြို့ကလေးတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀ ဦးမှ စတင်ခဲ့ပြီး၊ ယနေ့ အေအေပီပီတွင် တာဝန်ထမ်းဆောင်နေသူ ၄၂ ဦး အပါအဝင် အနှစ် ၂၀ အတွင်း အေအေပီပီ၏ ရုံးတွင်လည်းကောင်း၊ ပြင်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း၊ နိုင်ငံတကာရှိ ရောက်ရှိရာနိုင်ငံများမှလည်းကောင်း ကျရာနေရာမှ တာဝန်ယူ ထမ်းဆောင်ခဲ့သော အေအေပီပီအဖွဲ့သားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံခြားသားဝန်ထမ်းများနှင့် အဖွဲ့အစည်းအပေါ် အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့အတူ မိုင်ပေါင်း ရာထောင်ချီ သည့် ဇာတိမြို့များမှ အကျိုးအမြတ်မယူဘဲ အေအေပီပီရုံးသို့ လပေါင်းများစွာအချိန်ပေး၍ လာရောက်လုပ်အားပေးခဲ့ကြသော စေတနာ့ဝန်ထမ်း နိုင်ငံခြားသားများ၊ အေအေပီပီတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သူများ အားလုံးအား အထူး ကျေးဇူးတင်ရှိပါသည်။

အေအေပီပီလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စတင်ထူထောင်ချိန်မှ ယနေ့အချိန်ထိ မပျက်မကွက် ငွေကြေးကူညီ ထောက်ပံ့ပေးခဲ့သောNational Endowment for Democracy (NED) နှင့် Open Society Institute (OSI), Democracy Human Rights and Labor of State Department (DRL) အပါအဝင် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများအားလည်းကောင်း၊ တဦးချင်းအလှူရှင်များအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် မူဝါဒနှင့်နည်းပညာ အကူအညီပေးသူများ၊ အဆက်အသွယ်များရရှိရန် ကူညီပေးသူ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် အေအေပီပီ၏ လုပ်ငန်းအကောင်အထည်ဖော်မှုများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရအဆက်ဆက် တာဝန်ရှိသူ လူပုဂ္ဂိုလ် အဖွဲ့အစည်းအားလုံးအား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# အနှစ် ၂၀ ထိုခရီး

တိုင်းပြည်အတွင်းရှိလူတိုင်း နိစ္စဓူဝ မဖြစ်မနေ ထိစပ်နေရသည်မှာ နိုင်ငံရေးပင်ဖြစ်သည်။ မိမိနိုင်ငံ၏အရေးအရာများကို လူတိုင်း စိတ်ဝင်စားသင့်သည်ဟု နိုင်ငံရေးသုခမိန်များကလည်း မိန့်ဆိုခဲ့ကြသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးစိတ်ဝင်စားသူများ၊ လှုပ်ရှားဆောင်ရွက်သူများကို ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်က ရန်သူသဖွယ် သတ်မှတ်၍ ဖိနှိပ်မှု၊ ခြိမ်းခြောက်မှု၊ ဖမ်းဆီးချုပ်နှောင်မှု၊ ထောင်သွင်းအကျဉ်းချမှုအပြင် အသက်သေသည်အထိ နှိပ်စက်ညှဉ်းပန်းမှုများ ရှိခဲ့သည်။

ထိုသို့သောအခြေအနေများကို ရဲရင့်ပြတ်သားစွာရင်ဆိုင်၍ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ထောင်သောင်းချီသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ တနည်းအားဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အထိ နိုင်ငံရေးအကျဉ်းသားများ ထောင်သောင်းချီ၍ ရှိခဲ့သည်။

သို့သော်လည်း နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားလုံးကို ယနေ့တိုင် အငြင်းပွားနေရဆဲဖြစ်သည်။ အုပ်ချုပ်သူများ စနစ်မတူညီစွာ ပြောင်းလဲအုပ်ချုပ်ခဲ့ကြသော်လည်း နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက် မပြုနိုင်ခြင်း၊ မပြုလိုခြင်းမှာ တူညီနေပေသည်။

ထို့ကြောင့်ပင် နိုင်ငံရေးအကျဉ်းသားဆိုသည်ကို မိမိတို့ဘာသာ အသိအမှတ်ပြု၊ အဓိပ္ပါယ်ဖွင့်ဆို၍ နိုင်ငံရေးအကျဉ်းသားများ၏ အရေးအရာကိစ္စများကို နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် စိတ်ဝင်စားသူများက စုစည်းလုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုသို့လှုပ်ရှားဆောင်ရွက်ရင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းသည် ဆယ်စုနှစ် နှစ်ခု ဖြတ်သန်းလာခဲ့ပြီဖြစ်သည်။ အစိုးရအဆက်ဆက်ပြောင်းလာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းကတော့ ဆက်လက်တည်ရှိဆဲ၊ တည်ရှိရန်လည်း လိုအပ်နေဆဲပင်ဖြစ်ပါသည်။

အောင်ဘောဘီဘီ အနှစ်

# အနှစ် ၂၀ ပြည့်နှင့် ပတ်သက်၍

ကိုတိတ်နိုင်



၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်း စစ်အုပ်ချုပ်ရေးနဲ့ နိုင်ငံကို အုပ်ချုပ်ခဲ့တယ်။ တပ်မတော်ထောက်လှမ်းရေး တန်ခိုးအာဏာဟာ တပ်ထက်ပိုပြီး ကြီးထွားခဲ့တယ်။ တချိန်တည်းမှာ နိုင်ငံရေးလှုပ်ရှားသူမှန်သမျှကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လိုက်လံရှာဖွေပြီး လူဖမ်းပွဲကြီးကို အကြီးအကျယ်ပြုလုပ်ခဲ့ကြတယ်။ စစ်ခုံရုံးတင်ပြီး ရှေ့နေငှားခွင့်၊ ချေပခွင့်မရှိဘဲ ထင်သလို နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခဲ့ကြတယ်။

ကျနော်အပါအဝင် ထောင်ပေါင်းများစွာသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ရဟန်းရှင်လူ ကျောင်းသားပြည်သူများ ထောင်နန်းစံခဲ့ကြရတယ်။ အချို့ ထောင်ထဲမရောက်ခင် စစ်ကြောရေးမှာပဲ အသက်ပေးခဲ့ကြသူတွေလည်း မနည်းမနောပါ။

အကျဉ်းထောင်တွေထဲမှာ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ နေထိုင်စားသောက်မှုတွေက အသက်ဆက်ဖို့တောင် ကျားကုတ်ကျားခဲ ကြိုးစားရှင်သန်ကြရတယ်။ သူတို့တွေဟာ ထောင်ရဲ့အပြင်ကို လူ့ပြည်လို့ခေါ်တဲ့ အခြေအနေအထိ လူ့အခွင့်အရေးဟာ အဟောသိကံ ဆိုက်ခဲ့ကြရတယ်။

ထောင်ကလွတ်ပြီးနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားဟောင်းတွေဟာ မျက်ခြည်မပြတ် စောင့်ကြည့်ခံခဲ့ရတယ်။ နည်းနည်းလှုပ်တာနဲ့ ပြန်ဖမ်းပြီး ထောင်သွင်းအကျဉ်းချခဲ့ပြန်တယ်။ လူမှုတရားမျှတမှုဆိုတာ ဝေလာဝေးပေ့ါ..။ ဒီအခြေအနေတွေကြောင့်ပဲ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ဆိုတာ ပေါ်လာရတာပါ။

အေအေပီပီအကြောင်းပြောရင် အပိုင်း ၃ ပိုင်းလောက် ခွဲပြောမှရမယ် ထင်ပါတယ်။

ပထမပိုင်းအနေနဲ့ ထောင်က အစောဆုံးလွတ်လာကြတဲ့ နိုင်/ကျဉ်းဟောင်းတွေနဲ့ ထောင်ထဲရှိသူတွေကို စာနာနားလည်တတ်ကြတဲ့သူတွေနဲ့ပေါင်းပြီး အကျဉ်းထောင်ထဲ ကျန်ခဲ့တဲ့လူတွေကို နည်းလမ်းပေါင်းစုံရှာကြံပြီး ကူညီကြတယ်။ ဖိနှိပ်ခြိမ်းခြောက်မှုတွေအောက်မှာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရန်ပုံငွေရှာကြ၊ ပွဲဈေးတွေမှာ ဈေးရောင်း၊

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

တတ်နိုင်သလောက် အလှူငွေတွေ ထည့်ဝင်ကြ၊ ကြော်လှော်ချက်ပြုတ်ကြ၊ နယ်စွန်နယ်ဖျားအထိ ကုန်းကြောင်း၊ ရေကြောင်းနဲ့ ချီ တက်ပြီး ထောင်ဝင်စာ ထုပ်တွေထည့်ကြ စသဖြင့် ကူညီကြသူတွေဟာ တရုန်းရုန်းနဲ့ပါပဲ။ သို့သော်လည်း သူတို့တွေဟာ စစ်ထောက်လှမ်းရေးရဲ့ မျက်စိစပါးမွေးစူးတာ၊ အညှိုးထားတာ တော့ ခံကြရတာပေါ့။

ဒီအခြေအနေကြောင့်ပဲ ဒီလူတွေကို အညှိုးထား ဖမ်းဆီးတာတွေ တကျော့ပြန်လာတော့တာပေါ့။ အချို့လည်း ထောင်ထဲပြန်ရောက်ကြ၊ အချို့ တိုင်းပြည်ဖြတ်ကျော် ရှောင်တိမ်းရတဲ့အနေအထားတွေ ဖြစ်လာရတယ်။ ၁၉၉၆ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုတစ်ခုဖြစ်ခဲ့တယ်။ ဒီလှုပ်ရှားမှုမှာ ပါဝင် ပတ်သက်ခဲ့တဲ့အတွက် ကျနော်လည်း ပြည်တွင်းမှာ ၈ လလောက် လှည့်ပတ် တိမ်းရှောင်ပြီးနောက် ၁၉၉၇ ဩဂုတ်လမှာ ပြည်တွင်းက ထွက်ခွာလာခဲ့ရတယ်။

နယ်စပ်မှာ ကျနော်တို့ထက် အရင်ရောက်နေကြတဲ့ ကျောင်းသားလူငယ် တွေ၊ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေက နွေးထွေးစွာ ကြိုဆိုကြ၊ ကူညီ ကြပါတယ်။ ကျနော်ဆိုရင် လူ့ဘောင်သစ်ရုံး၊ အေဘီရုံးတွေမှာ နှစ်ချီ နေထိုင်ခဲ့ တာပါ။ နောက် OSI က ခရစ်တီးနားအိမ်မှာ၊ ပက်ထရစ်အိမ်မှာလည်း လ အတော် ကြာ နေခဲ့ရပြန်တယ်။ ချင်းမိုင်မှာဖွင့်ထားတဲ့ NCUB ရုံး၊ တခါ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးနဲ့ အချို့အလုပ်တွေ အတူတွဲလုပ်ရင်း သူတို့ငှားပေးထားတဲ့ အိမ်မှာ နှစ်ချီ နေခဲ့ရပြန်ပါတယ်။ မဲဆောက်မှာ ဖွင့်ထားတဲ့PP21 ရုံးမှာလည်း ခိုလှုံ ခဲ့ဖူးပါတယ်။ နယ်စပ်နဲ့ ပြည်ပမှာ အခြေစိုက်ထားတဲ့ အဖွဲ့အစည်းတွေကို မဝင် သေးဘဲ လေ့လာနေတာကြောင့်လည်း လှည့်ပတ်ခိုလှုံနေခဲ့တာပါ။

၁၉၉၈ ခုနှစ်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဥက္ကဋ္ဌ ကိုအောင် မိုးဇော် စီစဉ်ပေးမှုကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာလားလာ Mr. Rajsoomer Lallah နဲ့ ချင်းမိုင်မြို့မှာ တွေ့ဆုံခွင့်ရခဲ့ပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျဉ်းသားနဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေရဲ့အခြေ အနေတွေကိုဆွေးနွေးဖြစ်ခဲ့ပါတယ်။ ဒါဟာ ကျနော့်ရဲ့ နိုင်ငံရေးအကျဉ်းသားတွေ အရေးနဲ့ ပတ်သက်ပြီး ပြည်ပမှာ ပထမဆုံး နိုင်ငံတကာသံတမန်နဲ့ ထိတွေ့ တင်ပြနိုင်ခဲ့တာပဲဖြစ်ပါတယ်။

ကျနော်အပါအဝင် တချို့ကတော့၁၉၉၉ ခုနှစ်၊ ဇွန်လမှာ ဆန္ဒတူသူအချို့ နဲ့ နရသိန် လူမှုကူညီရေး ဖွဲ့ပြီး နိုင်/ကျဉ်းတွေကို ကူညီတဲ့ အစီအစဉ်လေးတခု အစပျိုးခဲ့တယ်။ နိုင်/ကျဉ်း မဟုတ်တဲ့သူတချို့ (ရောဝတီကိုအောင်ဇော်၊ ကိုသက်၊ ကိုအောင်မော်ဇင် NED) လည်း ပါခဲ့ပါတယ်။ OSI က နည်းပညာ အကူအညီယူပြီး နိုင်/ကျဉ်းတွေရဲ့ အချက်အလက်အချို့ စုစည်းနိုင်ခဲ့တယ်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာတော့ နိုင်/ကျဉ်းဟောင်း ၁၀ ဦးနဲ့ အကျဉ်းထောင်ထဲက နိုင်/ကျဉ်းတွေကို ကူညီဖို့၊ လူ့အခွင့်အရေးချိုးဖောက်ခံနေရ တဲ့ အခြေအနေတွေကို နိုင်ငံတကာက သိလာဖို့၊ အရေးယူဆောင်ရွက်ပေးဖို့ အတွက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်းပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြတယ်။ ၂၀၀၀ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာတော့ အတည်ပြုဖွဲ့စည်းခဲ့ပါတယ်။

အေအေပီပီ အနှစ်

နယ်စပ်ဒေသ အရင်ရောက်နှင့်နေကြတဲ့ ဒီမိုကရက်တစ်အင်အားစုတွေ၊ တိုင်းရင်းသား တော်လှန်ရေးအင်အားစုတွေကလည်း တတ်စွမ်းသလောက် ကူညီကြပါတယ်။ အနီးကပ်ကူညီကြတဲ့ ကိုဇော်ဝင်းလွင် (ခ) ကိုမိုးဆွေ (ရောင်ခြည်ဦး အလုပ်သမားအဖွဲ့)၊ ကိုကျော်သူရ (ABSDF)၊ ကိုညို (လူ့ဘောင်သစ်) တို့ကိုလည်း ကျေးဇူးတင်ပါတယ်။ တချို့ တချို့သော ဆန့်ကျင်သူတွေလည်း ရှိပါတယ်။ အတိုက်အခံဆိုတာ နေရာတိုင်းမှာ ရှိတတ်တဲ့ သဘာဝပေါ့။

အဖွဲ့အစည်း လည်ပတ်နိုင်ဖို့ ပြင်းပြင်းထန်ထန် ရုန်းကန်ရတယ်။ ကိုမင်းဇင် (ယခု ISP)၊ Cristina fink (OSI), Kelley Currie (IRI) တို့က အဖွဲ့အစည်းလည်ပတ်နိုင်ဖို့နဲ့ အကြံဉာဏ်များ ကူညီပေးခဲ့ပါတယ်။ ထောင်ကျစာရင်းတွေနဲ့ သူတို့ရဲ့ ကိုယ်ရေးအကျဉ်းတွေ စုဆောင်းရတာ အချိန်အတော်ပေးရပြီး အတော့်ကို လျှို့ဝှက်ရတယ်။ အတွင်းက ကူညီနေတဲ့လူတွေက ကြီးမားတဲ့ အန္တရာယ်ကြားထဲက စွန့်စားကြရတယ်။ ထောင်ဝင်စာအတွက် ကူညီပေးသူအချို့ ထောင်တွေတန်းတွေ ကျကုန်ကြတယ် (နာမည်တွေကိုတော့ ထုတ်မပြောတော့ပါဘူး)။ ထိုသူများကို အလေးအနက် ဦးညွှတ်ဂုဏ်ပြုပါကြောင်း ဒီနေရာမှာ ထပ်ပြောပါရစေ ..

စစ်အာဏာရှင်အောက်မှာ နိုင်/ကျဉ်းတွေ ထောင်ချီ ရှိနေကြတယ်။ မျှတတဲ့ တရားစီရင်မှုလည်း မရခဲ့ကြဘူး။ ထောင်ထဲမှာလည်း သူတို့ဟာ အကျဉ်းသားအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံနေရသလို နေထိုင်စားသောက်မှု ဆင်းရဲချို့တဲ့နေကြရတယ်။ ကူးစက်ရောဂါတွေ စသဖြင့် ခံစားခဲ့ကြရတယ်။ ဒီအခြေအနေတွေကို နိုင်ငံတကာအစိုးရများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ ပြည်သူများ သိရှိနားလည်နိုင်အောင် အချက်အလက်တွေ၊ အစီရင်ခံစာတွေနဲ့တကွ ချဉ်းကပ်လှုံ့ဆော်ခဲ့တာ ၁၀ စုနှစ်တခုကျော် လှုပ်ရှားလုပ်ဆောင်ခဲ့တယ်။ သူတို့ရဲ့ လွတ်မြောက်ရေးအတွက် တဖွဲ့ချင်းရော၊ အခြားမဟာမိတ်အဖွဲ့တွေနဲ့ စုပေါင်းပြီး စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်ခဲ့တာပါ။ လူ့အခွင့်အရေးကောင်စီက ကျင်းပတဲ့ နိုင်ငံတကာလူ့အခွင့်အရေးညီလာခံကို နှစ်စဉ်လိုလို တက်ရောက်ခွင့်ရခဲ့တယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရတွေ၊ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ ဆက်စပ်လှုပ်ရှားမှုတွေ အဆက်မပြတ် လှုပ်ရှားဆောင်ရွက်ခဲ့တယ်။ လက်ရှိ နိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေနဲ့ အကျဉ်းထောင်များရဲ့ ဖိနှိပ်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို တင်ပြနိုင်ခဲ့သလို အချို့ ထူးခြားအခြေအနေများကို အချိန်နဲ့တပြေးညီ သိရှိနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရတွေ၊ လူ့အခွင့်အရေးအဖွဲ့အစည်းတွေက ဒီကိစ္စအပေါ် အာရုံစိုက်မှုရလာတာတွေ ရှိခဲ့သလို အရေးယူဆောင်ရွက်မှုတွေလည်း ရရှိခဲ့ပါတယ်။

၂၀၀၀ ခုနှစ်အကျော် ကာလများမှာ နိုင်/ကျဉ်းဟောင်းတွေ အကြောင်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတွေကြောင့် နယ်စပ်ဒေသကို အသုတ်လိုက်အသုတ်လိုက် ထပ်မံထွက်လာကြတယ်။ သူတို့အတွက် ကျန်းမာရေး၊ စားသောက်နေထိုင်ရေး၊ လုံခြုံရေးကိစ္စတွေကိုလည်း တတ်နိုင်သလောက် ယာယီဖြေရှင်းနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွက် နယ်စပ်ဒေသက ဒီမိုကရေစီရေးလှုပ်ရှားတဲ့ အဖွဲ့တွေနဲ့ပေါင်းပြီး ကမ္ဘာလုံးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု နှစ်ကြိမ်လုပ်ဆောင်ခဲ့တယ်။ ဒုတိယအကြိမ်မှာ နိုင်/ကျဉ်းလွတ်မြောက်ရေး ဆန္ဒပြလွှာ ၇ သိန်းကျော်ရပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဆီ ကိုယ်တိုင် သွားရောက်ပေးအပ်နိုင်ခဲ့တယ်။ နယ်စပ်ရုံးမှာ နိုင်ငံရေးအကျဉ်းသားတွေ၊ အကျဉ်းထောင်တွေအကြောင်း ပိုမိုပြည့်စုံစွာ လေ့လာနိုင်အောင် ပြခန်းငယ်တခုလည်း ဖွင့်လှစ်ပြသထားပါတယ်။

၁၂ နှစ်ကာလအတွင်းမှာ အစီရင်ခံစာ ၂၀ ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး စာတမ်းငယ်များ၊ ဘာသာပြန်၊ ထုတ်ပြန်ကြေညာချက်နဲ့ သတင်းထုတ်ပြန်ချက်ပေါင်းများစွာကို အချိန်နဲ့တပြေးညီ ထုတ်ပြန်ခဲ့ပါတယ်။ အင်တာနက် ဝက်ဆိုဒ် www.aappb.org ကို တည်ဆောက်ခဲ့ပြီးနောက်ပိုင်းမှာ twitter, Facebook စတဲ့ ဆိုရှယ်မီဒီယာများကိုလည်း အသုံးပြုပြီး အဖွဲ့ရဲ့လှုပ်ရှားဆောင်ရွက်မှုများနဲ့ နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်များရဲ့ နောက်ဆုံးအခြေအနေများကို တင်ပြခဲ့ပါတယ်။

အဖွဲ့ရဲ့လုပ်ဆောင်ချက်တွေကို ပိုပြီးထိရောက်စေဖို့ နယ်စပ်ဒေသမှာရှိတဲ့ မဟာမိတ်အဖွဲ့အစည်းများနဲ့ လက်တွဲဆောင်ရွက်ခဲ့သလို တိုင်းပြည်ရဲ့ လိုအပ်တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုများကိုလည်း မဟာမိတ်အဖွဲ့အစည်းများနဲ့ လက်တွဲလုပ်ဆောင်ခဲ့ပါတယ်။

လူ့အခွင့်အရေးကိစ္စရပ်များကို နယ်စပ်ဒေသများမှာ အခြေပြုနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်(ND-Burma)မှာ အေအေပီပီဟာ အဓိကနေရာက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်ထိ အရှိန်အဟုန်ကောင်းကောင်းနဲ့ ပူးပေါင်းဆောင်ရွက်နေဆဲပါ။

၂၀၁၂ ခုနှစ် ဩဂုတ်လမှာ အေအေပီပီက ဦးဆောင်လှုပ်ရှားသူများကို အမည်မည်းစာရင်းက ပယ်ဖျက်ခဲ့ပါတယ်။ (ဘယ်အချိန်က စာရင်းသွင်းထားသည်ကိုတော့ မသိရှိရအမှန်ပါ)

တတိယပိုင်းအနေနဲ့ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်းကို ပြန်လည်လာရောက်ခွင့်ရပြီးတဲ့နောက် ရန်ကုန်၊ မန္တလေးမြို့များမှာ ရုံးများဖွင့်လှစ်ခဲ့ပါတယ်။

အေအေပီပီအနေနဲ့ မြန်မာနိုင်ငံအတွင်း ရပ်တည်ခွင့်ရပြီးတဲ့နောက် အဖွဲ့ရဲ့ လုပ်နိုင်စွမ်းအပေါ်မူတည်ပြီး နိုင်ငံရဲ့ အချိုးပြောင်းလဲမှုအခြေအနေပေါ်မူတည်ပြီး အဖွဲ့ရဲ့မူဝါဒများကို ပြင်ဆင်လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံရေးအကျဉ်းသား မရှိသော၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ကာကွယ်၊ ထိန်းသိမ်း၊ ဖြည့်ဆည်းပေးသော လွတ်လပ်သည့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း ဖြစ်လာစေရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကူညီပေးရန်ဆိုတဲ့ ရည်မှန်းချက်အောက်မှာ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

အေအေပီပီ ၁၂နှစ်

အဓိကအားဖြင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ကူညီထောက်ပံ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊ ဥပဒေရေးရာများ ပြုပြင်ပြောင်းလဲရေးနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး၊ အရပ်ဘက်လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို တစိုက်မတ်မတ် လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။

ဒါတွေဟာ အေအေပီပီရဲ့ ယနေ့တိုင် လှုပ်ရှားဆောင်ရွက်နေဆဲ လုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်။

ထိရောက်မှုအနေနဲ့ နိုင်ငံရေးအကျဉ်းသားများနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အားလုံးကိုတော့ မလွှမ်းခြုံနိုင်ပါဘူး။ သို့သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် ကိုယ်နိုင်တဲ့တထောင့်တနေရာကနေ အခြေအနေတခုခုကို ပြောင်းလဲနိုင်မယ်လို့တော့ ယုံကြည်စွာခံယူရင်း လျှောက်လှမ်းလျက်ပါ။ ။

**တိတ်နိုင်**

**အတွင်းရေးမှူး(အေအေပီပီ)**

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ


WE DON'T NEED
ANOTHER JUNTA'S
ELECTION IN 2010
RECOGNIZE
1990 ELECTION RESULT
FIRST
FREE ALL BURMA'S POLITICAL PRISONERS
FREE BURMA'S POLITICAL PRISONERS
FREE ALL POLITICAL PRISONERS IN BURMA
FREE DAW AUNG SAN SUU KYI
1991 NOBEL PEACE LAUREATE
BURMA'S DEMOCRACY LEADER
FREE BURMA



FREE
BURMA'S
POLITICAL
PRISONERS
NOW!



PM
PM
Initiatives for
International
Dialogue
FREE
BURMA'S
POLITICAL
PRISONERS
NOW!



www.mdsmile.com
정치범들의 기합자세
FREE BURMA'S POLITICAL PRISONERS
NOW!




E BURMA'S
CAL PRISONER
NOW!
13-03-2009
MELBO
FREE BURMA




FREE
BURMA'S
POLITICAL
PRISONERS
NOW!
WWW.BIRMANIE.NET
CITOYENS EN SOUTIEN AUX
DEMOCRATES BIRMANS



## အပိုင်း (၁)

# ပြည်ပရောက်အဖွဲ့အစည်းတခုအဖြစ် ဖြတ်သန်းမှု

နိုင်ငံရေးအကျဉ်းသားများအတွက် လစ်ဟာနေသောကဏ္ဍအား
ဖြည့်ဆည်းခြင်း

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

## နယ်စပ်ဒေသအခြေအနေ

ချင်းမိုင်အပါအဝင် နယ်စပ်ဒေသများတွင် ရှိနှင့်ပြီးသော အကြီးမားဆုံးတပ်ပေါင်းစုမှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ဖြစ်ပြီး ထိုတပ်ပေါင်းစုသည် မြန်မာနိုင်ငံတဝန်းရှိ လက်နက်ကိုင်တော်လှန်ရေးအင်အားစု အတော်များများကို လွှမ်းခြုံမှုရှိသည့် တပ်ပေါင်းစုကြီးဖြစ်သည်။ ထို့အပြင် လူငယ်ကျောင်းသားများဖြစ်သည့် တိုင်းရင်းသားလူငယ်များဖိုရမ် (NY forum)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB) စသည့်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ ပေါင်းစုထားသည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB၊ အလုပ်သမားအရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ရှေ့နေအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများစသည့် တပ်ပေါင်းစုအဖွဲ့အစည်းများနှင့် အဖွဲ့အစည်းပေါင်း ၂၀၀ ခန့်သည် ထိုင်း၊ မြန်မာနယ်စပ်တွင် အခြေပြုလှုပ်ရှားဆောင်ရွက်နေခဲ့သည်။ ထိုအဖွဲ့အစည်းများသည် တဖွဲ့နှင့်တဖွဲ့ အပြန်အလှန်ဆက်စပ်မှုများ ရှိကြသည်။ ကျောင်းသားဆေးခန်းဟု လူသိများသော ဆရာမစင်သီယာမောင် ဦးဆောင်သည့် မယ်တောင်ဆေးခန်းမှာ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးကို ကျန်းမာရေးအကူအညီပေးနေသော အဖွဲ့အစည်းတခုအဖြစ် ရပ်တည်နေသည်။

သို့သော်လည်း နိုင်ငံရေးအကျဉ်းသားအရေးအပေါ် ပစ်မှတ်ထား လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ရှိမနေပေ။

အေအေပီပီ မဖွဲ့စည်းခင် နယ်စပ်ဒေသကို နောက်ပိုင်းရောက်လာသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် နေထိုင်စားသောက်ရေးနှင့် လုံခြုံရေးတို့အတွက် ရှိနှင့်နေပြီးသော အဖွဲ့အစည်းများ၏ အကူအညီကို များစွာရယူခဲ့ကြရသည်။ အထူးသဖြင့် အနီးကပ်ဆုံး အကူအညီပေးသူများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ (နောက်ပိုင်းတွင် ဗကသ နိုင်ငံခြားရေးရာကော်မတီလည်း ဖွဲ့စည်း တည်ရှိလာခဲ့သည်) တို့ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများသည် ၈၈ နောက်ပိုင်းကာလများမှ နယ်စပ်ဒေသသို့ ရောက်ရှိလာသောအဖွဲ့အစည်းများဖြစ်သလို တနည်းမဟုတ်တနည်းနှင့် ရင်းနှီးပြီးလူပုဂ္ဂိုလ်များ၊ ထိစပ်ပတ်သက်သူများဖြစ်သောကြောင့်ပင်ဖြစ်သည်။ အချို့နိုင်/ကျဉ်းဟောင်းများသည် ထိုအဖွဲ့အစည်းများသို့ ဝင်ရောက်လုပ်ကိုင်သူများလည်း ရှိကြသည်။ ထိုအဖွဲ့အစည်းများ၏ အကူအညီကြောင့်ပင် အခြားသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ရင်နှီးခွင့်ရရှိပြီး အကူအညီများရရှိခဲ့ကြသည်။ လုံခြုံရေးအတွက်မူ KNU နှင့် မဟာမိတ်အဖွဲ့အစည်းများမှ အဓိကအကူအညီပေးခဲ့သည်။ အေအေပီပီဖွဲ့စည်းပြီးနောက်ပိုင်း နယ်စပ်တွင် အခြေပြုသည့်ကာလများတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး လှုပ်ရှားမှုများတွင် ထိုအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မှုများရှိသလို အပြန်အလှန်ကူညီမှုများလည်း ရှိခဲ့သည်။ ဥပမာ၊ လူမှုရေးအရ ABSDF အခက်အခဲဖြစ်နေချိန်မှာ အေအေပီပီအဖွဲ့သားများက ၎င်းတို့၏ လစာများထဲမှ စုထည့်ပြီး အေဘီရဲဘော်များ၏ မိသားစုများအတွက် လစဉ် အချိန်ကာလတခုအထိ ကူညီခဲ့ကြသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

## အေအေပီပီရဲ့ ခရီးအစ..

နိုင်ငံရေးအကျဉ်းသားဟောင်းများ အကြောင်းအမျိုးမျိုးဖြင့် နယ်စပ်ဒေသသို့ ရောက်ရှိလာပြီး အထက်ဖော်ပြပါ အခင်းအကျင်းအောက်တွင် နိုင်ငံရေးအကျဉ်းသားများ အရေးအရာများနှင့် ပတ်သက်၍ ထိရောက်စွာ ကူညီနိုင်ရန်နှင့် ၎င်းတို့လွတ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများကိုယ်တိုင် စုဖွဲ့ဆောင်ရွက်ရန် ဆွေးနွေးတိုင်ပင်ကြပြီးနောက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ဖြစ်မြောက်ရေးကော်မတီကို နိုင်ငံရေးအကျဉ်းသားဟောင်းများ စုဖွဲ့၍ ရည်ရွယ်ချက် (၅) ချက်ဖြင့် ထိုင်း၊ မြန်မာ နယ်စပ်ဒေသဖြစ်သည့် ထိုင်းနိုင်ငံမဲဆောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။

## ရှန်းကန်အားထုတ်မှုများ

အေအေပီပီတည်ထောင်ခဲ့ပြီးနောက် အစောပိုင်းရက်များသည် လွယ်ကူခြင်း မရှိခဲ့ပါ။ အဖွဲ့အစည်းတခုအဖြစ် ဦးစွာ စတင်လုပ်ဆောင်ခဲ့ချိန်တွင် အဖွဲ့အစည်းအား လည်ပတ်နိုင်ရန် မိမိတို့တွင် လုံလောက်သော ရန်ပုံငွေ မရှိခဲ့ပါ။ ထို့ပြင် အဖွဲ့အစည်းအား လည်ပတ်နိုင်ရန် လိုအပ်သော အထောက်အကူပစ္စည်းများလည်း မရှိခဲ့ပါ။ လိုအပ်သည့် အသိပညာ၊ အတတ်ပညာနှင့် နိုင်ငံတကာချိတ်ဆက်နိုင်မှု၊ ကွန်ရက်တည်ဆောက်နိုင်မှုများလည်း အားနည်းခဲ့သည်။ ကိုမင်းဇင်၊ ကိုတိတ်နိုင်၊ ကိုဘိုကြည်တို့ ငှားရမ်းနေထိုင်သောအိမ်အား အေအေပီပီရုံးအဖြစ် အသုံးပြုခဲ့သည်။ (နောက်ပိုင်းတွင် ထိုအိမ်ကို အေအေပီပီ၏ ကိုယ်ပိုင်ရုံးအဖြစ် ငှားရမ်းနိုင်ခဲ့သည်)။


အစပိုင်းတွင် Christina Fink လှူဒါန်းထားသော လက်ကိုင်ကွန်ပြူတာ (မျက်နှာပြင်မကောင်း၍ စားပွဲတင်မော်နီတာနှင့် ချိတ်ဆက်၍ အသုံးပြုရ) တလုံးအား အားလုံး အလှည့်ကျ မျှဝေအသုံးပြုခဲ့ကြရသည်။ မိမိတို့အနေဖြင့် အထောက်အကူပစ္စည်းအနည်းငယ်ဖြင့် လွန်စွာ ကြိုးစားလုပ်ကိုင်ခဲ့ကြရပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုအဖြစ် မည်ကဲ့သို့ စတင်လည်ပတ်လုပ်ဆောင်ရမည်ကို စတင်လေ့လာခဲ့ကြရသည်။

မိမိတို့၏ အစောပိုင်းလှုပ်ရှားမှုများတွင် နိုင်ငံရေးအကျဉ်းသားအရေးအတွက်ကို ပြုစုခြင်းနှင့် မြန်မာပြည်အတွင်း မည်ကဲ့သို့သောအခြေအနေများ ဖြစ်ပွားနေသည်ကို သိရှိရန်၊ သတင်းအချက်အလက်များ ပိုမိုရရှိနိုင်ရန်အတွက် နယ်စပ်တလျှောက်နှင့် မြန်မာပြည်တွင်းတွင် မိမိတို့၏ သတင်းအရင်းအမြစ်များကို ချဲ့ထွင်ရန်နှင့် ဖန်တီးရန် ကြိုးပမ်းခြင်းတို့ကို အဓိကထားလုပ်ဆောင်ခဲ့သည်။ ၎င်းပြင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များ အကျဉ်းကျနေသော ၎င်းတို့၏ မိသားစုဝင် နိုင်ငံရေးအကျဉ်းသားများထံ အစားအစာနှင့် အဝတ်အထည်များ ထောက်ပံ့ပေးနိုင်ရန်အတွက် မိမိတို့ကွန်ရက်များနှင့် ချိတ်ဆက်၍ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များထံ ငွေကြေးထောက်ပံ့မှု အနည်းငယ်ကို ကူညီနိုင်ခဲ့သည်။ ကွန်ပြူတာ စာစီစာရိုက်မှုစ၍ အချက်အလက်သိမ်းဆည်းခြင်း၊ စာပို့ခြင်း၊ စာလက်ခံခြင်း၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း၊ သတင်းရေးခြင်း၊ စာတမ်းများ အစီရင်ခံစာများရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်းတို့ကို အချိန်ပေး၍ လေ့လာခဲ့ရသည်။ အတူနေသူ မိတ်ဖက်အဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီများ ရရှိခဲ့သဖြင့် ထိုအခက်အခဲများကို အချိန်တိုအတွင်း ဖြတ်ကျော်နိုင်ခဲ့သည်။

အေအေပီပီ ဘဝနှစ် ၂၀ ပြည့် အေအေပီပီ

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့၊ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ဖမ်းဆီးခြင်းခံခဲ့ရသည့် (၁၁) နှစ်မြောက်နေ့နှင့် ငြိမ်းချမ်းရေးဗိသုကာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း (၁၂၄) နှစ်မြောက်မွေးနေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ကို နယ်စပ်ဒေသရှိ နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀ ဦးဖြင့် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။





ဇန္နဝါရီ ၂၀၀၀

ငြိမ်းချမ်းရေး

စာမျက်နှာ (၇)

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ (လုံ့ဆော်ရေးကော်မတီ) ဖွဲ့စည်းခြင်း။**

ကြေညာချက်အမှတ် (၁/၉၉)

ရက်စွဲ။ ။၁၊၁၂၊၁၉၉၉။

၁။ မြန်မာနိုင်ငံစစ်အစိုးရလက်အောက်တွင် လွတ်လပ်စွာဖော်ထုတ်ခွင့်၊ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ လွတ်လပ်စွာ အဖွဲ့အစည်းများ ထူထောင်ရပ်တည်ခွင့် အစရှိသည့် ဒီမိုကရေစီ အခွင့်အရေးများ ဆိတ်သုန်းနေသည့် နည်းတူ ထိုအခွင့်အရေးများအတွက် တိုက်ပွဲဝင်လှုပ်ရှားခဲ့သည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူများစွာမှာ စစ်အစိုးရ၏ တရားမဲ့ဖမ်းဆီးထောင်ချမှုများကို ခံနေကြရဆဲဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ စစ်အစိုးရ အကျဉ်းထောင်များ၊ စစ်ကြောရေးစခန်းများတွင် ထိုနိုင်ငံရေး အကျဉ်းသားများအား ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရရော ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။

၂။ မြန်မာစစ်အစိုးရသည် ထိုပုဂ္ဂိုလ်များအား 'နိုင်ငံရေးအကျဉ်းသား' ဟု အသိအမှတ်ပြုခြင်း မရှိရုံသာမက လူ့ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်အရပင်ချိုးဖောက်၍ မြန်မာပြည်တွင် နိုင်ငံရေးအကျဉ်းသားမရှိ ဟူ၍ နိုင်ငံတကာနှင့်မြန်မာပြည်တွင်း၌ ဝါဒဖြန့်ပြောဆိုခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများအား ပြင်ပလူ့အဖွဲ့အစည်းနှင့် ပြတ်တောက်အောင် ထောင်မှပြန်လွတ်လာလျှင်လည်း ပြင်ပလူ့အဖွဲ့အစည်းမှ အထီးကျန် ဖြစ်အောင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုတို့အား ပြင်ပလူ့အဖွဲ့အစည်းနှင့် ကင်းကွာအောင် နည်းနာ အမျိုးမျိုးသုံး၍ ပြုကျင့်ခဲ့သည်။

၃။ ထို့ကြောင့် မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေအား ကူညီစောင့်ရှောက်ရန်အတွက် ထောင်အသီးသီးမှ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများကို မဏ္ဍိုင်ပြု၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) လှုံ့ဆော်ရေးကော်မတီကို ဒီဇင်ဘာလ(၁)ရက် နေ့၊ ၁၉၉၉ ခုနှစ်မှ စတင် ဖွဲ့စည်းလိုက်ပါသည်။

၄။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) လှုံ့ဆော်ရေးကော်မတီကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းလိုက်ပါသည်။

(က) မြန်မာနိုင်ငံ အကျဉ်းထောင်များထဲတွင် ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ၏ ဖိနှိပ်ခံရမှု အခြေအနေများကို နိုင်ငံတကာ လူ့အဖွဲ့အစည်းများ သိရှိနိုင်ရေးအတွက်ဖော်ထုတ်ရန်၊

(ခ) မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားများအား ညှင်းပမ်းနှိပ်စက်နေမှုများကို ဟန့်တားနိုင်ရေးအတွက် နိုင်ငံတကာမှ စစ်အစိုးရအပေါ် ဖိအားပေးလာရန်၊

(ဂ) လက်ရှိ မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ လိုအပ်ချက် အခြေအနေများကို စနစ်တကျ ကူညီထောက်ပံ့နိုင်ရန်၊

(ဃ) ပြစ်ဒဏ်ကုန်ဆုံး၍ အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီး၌ ရပ်တည်ခွင့်မရအောင် စစ်အစိုးရအနေဖြင့် အမျိုးမျိုးဟန့်တားနှောက်ယှက်နေခြင်းများမှ အကာအကွယ်ပေးရန်၊

(င) ပြစ်ဒဏ်ကုန်ဆုံး၍ အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်းရုပ်ပိုင်း ဆိုင်ရာများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေ၍ အကောင်အထည်ဖော်သွားရန်၊

၅။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) လှုံ့ဆော်ရေးကော်မတီ အနေဖြင့် နိုင်ငံတကာရောက် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မြန်မာစစ်အစိုးရ အကျဉ်းထောင်များအတွင်းရှိ နိုင်ငံရေး အကျဉ်းသားများကို စာနာကူညီလိုသူများအား အထက်ဖော်ပြပါ ရည်ရွယ်ချက်များ အကောင်အထည် ဖော်ရန်အတွက် ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်လိုပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) လှုံ့ဆော်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံတွင်း နိုင်ငံရေး အကျဉ်းသားများ၏ အရေးကိစ္စများနှင့် ပတ်သက်၍ ဒီမိုကရေစီအင်အားစုများ၊ တော်လှန်ရေးအင်အားစုများ၊ လူမျိုးစုအင်အားစုများနှင့်လည်း လက်တွဲဆောင်ရွက်ကာ အထက်ပါရည်ရွယ်ချက်များကို အကောင်အထည် ဖော်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လှုံ့ဆော်ရေးကော်မတီ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောက်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်လိပ်စာ – –ကိုတိတ်၊ ကိုဘိုကြည် banyan@loxinfo.co.th

သားညွန့်ဦး vision99@mail.cscoms.com

ဇော်ထွန်း bakatha@bkk2.loxinfo.co.th

ဒီမိုကရေစီတိုက်ပွဲဝင်တဲ့အခါမှာ ပထမဦးဆုံး ကျမတို့ လိုချင်တာက လွတ်လပ်စွာ တွေးတောပိုင်ခွင့်ပဲ။ လူကိုသာချုပ်ထားနိုင်မယ်။ စိတ်ကိုတော့မချုပ်ထားနိုင်ဘူး။ ဒီလိုမချုပ်ထားနိုင်တဲ့စိတ်ကြောင့် ဒီလောက်တောင်မှ နှစ်ဆယ့်ခြောက်နှစ်လုံးလုံး လွတ်လပ်စွာ တွေးတောပိုင်ခွင့် မရှိတဲ့အထဲက ပြည်သူလူထုဟာ ဒီမိုကရေစီလှုပ်ရှားမှုကြီးထဲကို သတ္တိရှိရှိနဲ့ ဝင်ခဲ့ပြီ၊ စခဲ့ပြီ။ ဒီလှုပ်ရှားမှုကြီးကို ဆုံးခန်း တိုင် အောင်၊ အောင်မြင်အောင်လုပ်သွားရမယ်။


*ဒေါ်အောင်ဆန်းစုကြည် (အဖွဲ့ ချုပ်ရုံး၊ လှုတ္တာ ၁၅ – ၁၁ – ၈၅)*

ပထမနှစ်အနည်းငယ်တွင် အေအေပီပီအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာမှ တဦးချင်း အလှူရှင်များနှင့် လူမှုအသိုင်းအဝိုင်းတို့မှ ကူညီမှုများကို အဓိကထားရယူ၍ ပံ့ပိုးကူညီမှုပေးခဲ့သည်။

၂၀၀၀ ခုနှစ်၊ စက်တင်ဘာလတွင် National Endowment for Democracy (NED) အဖွဲ့အစည်းထံမှ ပထမဦးဆုံးသော ထောက်ပံ့ကူညီမှုကို ရရှိခဲ့ပြီး ထိုထောက်ပံ့ကူညီမှုသည် မိမိတို့၏ အဖွဲ့အစည်းကို တိုးတက်ပြောင်းလဲရန်နှင့် တရားဝင်ဖြစ်စေရန် ကူညီမှုများဖြစ်စေခဲ့သည်။

အေအေပီပီ၏ အစောပိုင်းရက်များတွင် ကြုံခဲ့သော အကြီးမားဆုံးစိန်ခေါ်မှုမှာ ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင်ခွင့် မရှိခြင်းပင်ဖြစ်သည်။ မိမိတို့သည် မဲဆောက်မြို့တွင် မည်သည့် တရားဝင် အထောက်အထားမှမရှိဘဲ နေထိုင်သူများဖြစ်ခဲ့ပြီး မကြာခဏ ဖမ်းဆီးခြင်းခံရသည့် အန္တရာယ်နှင့်လည်း ကြုံတွေ့ခဲ့ကြရသည်။ နောက်ပိုင်းတွင် မိမိတို့အတွက် အကာအကွယ်ဖြစ်စေခဲ့သော ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အသိအမှတ်ပြုအထောက်အထားကို ရရှိခဲ့သည်။ သို့သော်လည်း ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်ကာလများတွင် အေအေပီပီအဖွဲ့ဝင်များ၊ နိုင်/ကျဉ်းဟောင်းအချို့

အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ



နှင့် အခြားတက်ကြွလှုပ်ရှားသူများသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) အကူအညီဖြင့် တတိယနိုင်ငံများသို့ သွားရောက်အခြေချခွင့် ရရှိခဲ့ကြသည်။ ထိုနောက်ပိုင်းကာလများတွင် UN-HCR မှ လက်မှတ်များအား ရပ်ဆိုင်းခဲ့သဖြင့် မိမိတို့မှာ မူလအတိုင်း တရားမဝင်နေထိုင်သူများ ဖြစ်ခဲ့ရပြန်သည်။ မိမိတို့ အဖွဲ့ဝင်များအနက်မှ အနည်းငယ်မျှသာ နယ်စပ်တွင်ကျန်ရှိနေခဲ့ပြီး အေအေပီပီအား ဆက်လက်မောင်းနှင်ခဲ့ကြရသည်။ ထို့ကြောင့် အေအေပီပီ၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရန် လုံလောက်သော လူအရင်းအမြစ် မရှိဘဲ အခက်အခဲများကို ရင်ဆိုင်ခဲ့ကြရသည်။ ယင်းကဲ့သို့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်လည်း ခက်ခဲစွာ ကြိုးစားခဲ့ကြရသည်။ သို့သော်လည်း ဘဝတူ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းကျခံနေကြရဆဲဆိုသည့် အချက်သည် မိမိတို့အား ပို၍ပို၍ကြိုးစားရန် တွန်းအားဖြစ်ခဲ့သည်။

ပထမနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအခြေအနေများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်တွင်းမှ သတင်းပေးပို့ရန်အတွက် သတင်းပေးသူများကို အားကိုးခဲ့ကြရသည်။ သတင်းများ ဖြတ်တောက်ခြင်း၊ အင်တာနက်ကို စောင့်ကြည့်ခြင်းနှင့် ဖုန်းလိုင်းများကို ကြားဖြတ်နားထောင်ခြင်းများ ရှိခဲ့သည်။ မိမိတို့အား သတင်းပေးသူများသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားဟောင်းများသာ မဟုတ်ကြပါ။ မိမိတို့ ရင်ဆိုင်ခံစားခဲ့ရမှုများကို စာနာနားလည်ခဲ့သော၊ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် သာမန်အရပ်သားများလည်း ပါဝင်ပါသည်။

အေအေပီပီ၏ မြေအောက်ကွန်ရက်အဖွဲ့ဝင်များသည် နယ်စပ်ဒေသအထိ မြန်မာပြည်တွင်းမှ သတင်းအချက်အလက်များကို ယူဆောင်၍ ရောက်ရှိလာခဲ့ကြပြီး ထိုသတင်းအချက်အလက်များကို ကြီးစွာသော အန္တရာယ်များကြားမှ စွန့်စား၍ မျှဝေပေးခဲ့သည်။ ထို့ပြင် မိမိတို့ထံမှ သတင်းအချက်အလက်များကိုလည်း ပြည်တွင်းသို့ ပြန်လည်အစီရင်ခံ ပေးပို့ခဲ့ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်ရန် တဦးနှင့်တဦးကြား ကြီးမားသော ယုံကြည်မှုရှိရန် လိုအပ်သည်။ အေအေပီပီသည် မြေအောက်ကွန်ရက်နှင့် နှုတ်မှတစ်ဆင့် ရရှိသော သတင်းအချက်အလက်များကို နယ်စပ်နှင့် နိုင်ငံတကာသို့ ဖြန့်ဝေနိုင်ခဲ့သည်။ လက်ရှိအချိန်တွင်မူ သတင်းအချက်အလက်များကို မျှဝေရန် ဆိုရှယ်မီဒီယာနှင့် အီးမေးလ်တို့ကို အသုံးပြုလာနိုင်သည့်အတွက် ပို၍ လွယ်ကူချောမွေ့လာသည်။

ထိုခက်ခဲသည့် အစောပိုင်းနှစ်များအတွင်း မိမိတို့ ရပ်တည်ရန် ကြိုးစားနိုင်ခဲ့ပြီး ကနဦးအခက်အခဲများကို ကျော်လွှားခဲ့ပြီးသည့်နောက် မိမိတို့၏အရည်အသွေးများမှာ ပိုမိုတိုးတက် ခိုင်မာလာခဲ့ပါသည်။

အေအေပီပီလှုံ့ဆော်ရေးကော်မတီ ဖွဲ့စည်းပြီး ၂၀၀၀ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံး သတင်းထုတ်ပြန်ချက်မှာ အကျဉ်းထောင်များအတွင်း အရေးပေါ်ဆေးဝါးကုသရန် လိုအပ်နေသည့် ဦးထွန်းအောင်ကျော် (မန္တလေးထောင်)၊ ကိုဇော်မောင်မောင်ဝင်း(မန္တလေးထောင်) နှင့် ကိုနေတင်မြင့် (မြင်းခြံထောင်) တို့၏ ကျန်းမာရေးအခြေအနေများနှင့် အပြင်ဆေးရုံသို့ သွားရောက်ကုသနိုင်ရန် အကြံပြုချက်များဖြစ်သည်။ အသင်းအား အတည်ပြုဖွဲ့စည်းပြီးနောက် ပထမဆုံးထုတ်ပြန်သော စာတမ်းမှာ မြင်းခြံထောင်စစ်တမ်းဖြစ်သည်။ ထိုကနဦးထုတ်ပြန်ချက်များ၏ သက်ရောက်မှုများသည် အေအေပီပီ၏ ရှေ့လုပ်ငန်းစဉ်များအပေါ် ကြီးစွာသောခွန်အား ဖြစ်စေခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ





# လူမှုကူညီမှုများ

ပထမနှစ်အနည်းငယ်အတွင်း (၂၀၀၄၊ ၂၀၀၅ ခုနှစ်များတွင်) အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ရာချီ၍ နယ်စပ်ဒေသသို့ ထွက်ခွာလာခဲ့ကြရပြန်သည်။ ထိုကဲ့သို့ အစုအပြုံလိုက် ရောက်ရှိလာခဲ့ခြင်းအတွက် အေအေပီပီမှ လူမှုရေးကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပြီး အခြေခံလိုအပ်မှုများကို မည်ကဲ့သို့ အကောင်းဆုံးဖြည့်ဆည်းရမည်ကို ဆုံးဖြတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်အတွင်း အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် လုံခြုံသော အိမ်နှစ်အိမ်ကို စီစဉ်ပေးခဲ့ပြီး အကူအညီ လိုအပ်သူတို့အား နေရာထိုင်ခင်း၊ အစားအစာနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးပေးခဲ့သည်။ ၎င်းပြင် အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ တတိယနိုင်ငံတွင် ပြန်လည် အခြေချနေထိုင်နိုင်ရန် သို့မဟုတ် ထိုင်းနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများတွင် ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းများ ရရှိစေရန်အတွက်ကိုလည်း တတ်စွမ်းသမျှ ဖန်တီးကူညီမှုပေးခဲ့သည်။

နောက်ပိုင်းတွင် ထိုနိုင်ငံရေးအကျဉ်းသားဟောင်းများသည် သင့်တော်ရာနေရာများတွင် နေထိုင် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်စခန်းများတွင် သွားရောက်နေထိုင်သူများလည်း ရှိခဲ့သည်။ ထိုသူများသည် နိုင်ငံရေးအကျဉ်းသားအရေး ဆောင်ရွက်သူများရှိသလို ဒီမိုကရေစီရေးအတွက် ပါဝင်ဆောင်ရွက်သူများလည်း ရှိခဲ့သည်။ ထိုသူများထံမှလည်း နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အချို့သော ကွန်ရက်ချိတ်ဆက်ရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဝေရန် ထောက်ပံ့ ကူညီမှုများ ရယူနိုင်ခဲ့သည်။

အေအေပီပီသည် ထိုင်း–မြန်မာနယ်စပ်တွင် ရောက်ရှိနေသော ခေတ်အဆက်ဆက်တွင် အကျဉ်းကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ရန်၊ အချင်းချင်း ရိုင်းပင်းကူညီနိုင်ရန်နှင့် နိုင်ငံအရေးအရာကိစ္စရပ်နှင့်ပတ်သက်၍ အမြင်များဖလှယ်နိုင်ရန် ရည်ရွယ်ကာ တွေ့ဆုံပွဲများ ပြုလုပ်လေ့ရှိပါသည်။

◆

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



## နိုင်ငံ့အရေးတွင် ဆက်စပ်လှုပ်ရှားမှု

အေအေပီပီအနေဖြင့် နယ်စပ်ဒေသတွင် အခြေစိုက်သော အဖွဲ့အစည်းများနှင့် အခြားသော နိုင်ငံရေးနှင့် ဆက်စပ်နေသည့် တိုင်းရင်းသားအရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် အနာဂတ် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း ဆက်စပ်လှုပ်ရှားမှုများ ရှိခဲ့သည်။




အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# ပြခန်းနှင့် အင်တာနက်စာမျက်နှာ



၂၀၀၂ ခုနှစ်တွင် အေအေပီပီရုံးတည်ရှိရာနေရာ၌ ပြခန်းတခုကို စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိတိုင် ဆက်လက်ဖွင့်ထားဆဲဖြစ်ပါသည်။

အကျဉ်းထောင်ဆိုသည်မှာ ထိုနိုင်ငံကို အုပ်ချုပ်သူတို့၏ သရုပ်အမှန်ကို ညွှန်ပြရာအရပ်ဆိုသည်နှင့်အညီ နိုင်ငံရေးအကျဉ်းသားများ၏ အကျဉ်းထောင်တွင်း နေထိုင်စားသောက်မှုအခြေအနေမှန်၊ မြန်မာနိုင်ငံအကျဉ်းထောင်ပကတိအခြေအနေနှင့် အုပ်ချုပ်သူတို့၏ သရုပ်မှန်ကို ညွှန်းဆိုရန်အလို့ငှာ ရည်ရွယ်၍ ထိုပြခန်းကို ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ထိုပြခန်းနှင့်ပတ်သက်၍ အေအေပီပီအဖွဲ့သားတဦးဖြစ်သည့် ကိုဝေလင်း (ကဗျာဆရာနှင်းခါးမိုး) က ယခုလို နိဒါန်းပျိုးမိတ်ဆက် ပေးထားပါသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



''နယ်စပ်မြို့ကလေးရဲ့တနေရာ.. သွပ်ဝင်းတံခါးဝထဲ ချိုးကွေ့လိုက်ရင် သရက်ပင်အုပ်အုပ်နဲ့ မြေနီလမ်းကလေးရဲ့အဆုံးမှာ နှစ်ထပ်အိမ်ကလေးတလုံး ရှိပါတယ်။ အိမ်ဘေးကပ်ရက် ကားဂိုဒေါင်ဆန်ဆန် အခန်းကလေးရှေ့မှာ သံတိုင်တွေစိုက်ထားတဲ့ ဘူးတံခါးလေးတချပ်ကို သင်တွေ့ရလိမ့်မယ်။ ခေါင်းလည်းငုံ့၊ ခွလည်းကျော်ရမယ့် ဒီတံခါးအသေးလေးရဲ့နောက်မှာ (သင့်ကို ဖိတ်ခေါ်နေတဲ့၊ နိုင်ငံရေးအကျဉ်းသားများပြခန်းလို့ခေါ်တဲ့ မှောင်မှောင်ကျဉ်း ကျဉ်း အခန်းကလေးတခန်း ရှိပါတယ်။ ပထမဆုံးအနေနဲ့ တံခါးရှေ့မှာ ခဏရပ်ပြီး အသက်ဝဝ ရှူလိုက်ဖို့ မမေ့ပါနဲ့။

ကဲ တံခါးကို ဆွဲဖွင့်လိုက်ပါ။

အခန်းထဲကို လှမ်းဝင်လိုက်ရင်ပဲ သင်ဟာ ချောက်ကမ်းပါးတခုထဲကို ပြုတ်ကျသွားသလို ခံစားရကောင်း ခံစားရလိမ့်မယ်။ ဒါပေမယ့် မစိုးရိမ်ပါနဲ့။ ဒါဟာ နတ်ဆိုးတကောင်ရဲ့ထောင်ချောက် မဟုတ်ပါဘူး။ သာယာလှပတဲ့ ဒီကမ္ဘာမြေပေါ်က သင်တို့ရဲ့ မေ့လျော့ခြင်းခံထားရတဲ့ အမှောင်မိုက်ဆုံး ထောင့်ကျဉ်းကလေးတခုပါ။ ဒီနေ့မြန်မာပြည်သူတွေရဲ့ တကယ့်ဘဝပါ။ ဒါကို စိတ်ကူးစိတ်သန်းတွေ အတတ်ပညာတွေနဲ့ ဖန်တီးတင်ဆက်ထားတာ မဟုတ်ပါဘူး။ (ကျနော်တို့ရဲ့ ကျဉ်စက်နဲ့ အတို့ခံခဲ့ရတဲ့ နှလုံးသားတွေ၊ အိတ်မဲကြီးနဲ့ အစွပ်ခံခဲ့ရတဲ့ မျှော်လင့်ချက်တွေ၊ စစ်ဖိနပ်နဲ့ အနင်းခံခဲ့ရတဲ့ အိပ်မက်တွေ၊ သံခြေကျင်း အခတ်ခံခဲ့ရတဲ့ ရှင်သန်မှုတွေနဲ့ ခင်းကျင်းပြသထားတာပါ) ချောက်ကမ်းပါးကြီးထဲမှ လူသားများအကြောင်း အမြည်းလောက်ဖေါ်ပြဖို့ ကြိုးစားထားတဲ့ ပြခန်းလေးတခန်းပါ''

အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ

မိတ်ဆက်ထဲကအတိုင်း ပြခန်းအတွင်း နိုင်ငံရေးအကျဉ်းသားများ၏ ရုပ်ပုံများ၊ အကျဉ်းထောင်နှင့် ရဲဘက်စခန်းများ၏ဓာတ်ပုံများ၊ အကျဉ်းထောင် အခြေအနေများနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ခြေချင်းများ၊ တုတ်တိုများအပါအဝင် အကျဉ်းထောင်အတွင်း ပြုလုပ်ခဲ့သော လက်မှုပစ္စည်းများနှင့် အင်းစိန်အကျဉ်းထောင် ပုံစံတူတို့ကို ပြသထားသည်။ ထောင်တွင်း အသုံးပြုလျက်ရှိသည့် ခြေချင်းကဲ့သို့သော ပစ္စည်းများနှင့် လက်မှုပစ္စည်းအချို့သည် အကျဉ်းထောင်တွင်းမှ လျှို့ဝှက်စွာ နည်းအမျိုးမျိုးဖြင့် ထုတ်ယူလာသည့် ပစ္စည်းများ ဖြစ်ကြသည်။

ထို့ပြင် အကျဉ်းထောင်အာဏာပိုင်များမှ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ရာတွင် အသုံးပြုလေ့ရှိသည့် ပုံစံထိုင်သည့် ဓာတ်ပုံများကိုလည်း ပြသထားသည်။ ထိုပြခန်းသည် ကျွန်ုပ်တို့၏ စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ထောင်ချီသော နိုင်ငံတကာမှ ဧည့်သည်များသည် မဲဆောက်မြို့ရှိ အေအေပီပီပြခန်းကို လာရောက်လည်ပတ်ခဲ့ကြသည်။

၂၀၀၁ ခုနှစ်တွင် အေအေပီပီ၏ အင်တာနက်စာမျက်နှာ web-site www.aappb.org ကို အင်္ဂလိပ်ဘာသာဖြင့် စတင်ထုတ်လွှင့်ခဲ့ပြီး အေအေပီပီ၏ လှုပ်ရှားဆောင်ရွက်မှုအဝဝကို မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားများအရေး၊ လူ့အခွင့်အရေးစိတ်ဝင်စားသူ၊ တက်ကြွလှုပ်ရှားသူများ အလွယ်တကူ လေ့လာသိရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပြခန်းအတွင်း ပြသထားသည့် အချက်အလက်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကိုယ်ရေးအကျဉ်းများ၊ နိုင်ငံရေးအကျဉ်းသား အရေးအတွက်များကို ဖော်ပြထားသည်သာမက အေအေပီပီ၏ ထုတ်ပြန်ချက်များ၊ စာတမ်းများ၊ အစီရင်ခံစာများ၊ စည်းရုံးလှုံ့ဆော်မှုများ၊ နိုင်ငံတကာမှ မြန်မာ့နိုင်ငံရေးအကျဉ်းသားများအရေး ဆောင်ရွက်ချက်များကို တစုတစည်းတည်း လေ့လာနိုင်ရန် ဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

အေအေပီပီ၏ လေးနှစ်မြောက်နှစ်ပတ်လည်ဖြစ်သော ၂၀၀၄ ခုနှစ်တွင် မြန်မာဘာသာဖြင့် အင်တာနက်စာမျက်နှာကို စတင်ထုတ်လွှင့်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် facebook လူမှုစာမျက်နှာကိုသော်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် twitter စာမျက်နှာကိုသော်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# စည်းရုံးလှုံ့ဆော်မှုများ

` စည်းရုံးလှုံ့ဆော်မှုများ လုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင်းမှာ ဖြစ်ပျက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးအကျဉ်းသားများကိစ္စကို နိုင်ငံတကာမှ သိရှိပြီး သံတမန်ရေးရာ ဖိအားပေးမှုများ လုပ်ဆောင်လာနိုင်စေရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများသည် စစ်ကြောရေးနှင့် အကျဉ်းထောင်များအတွင်း မည်သို့ ညှဉ်းပန်းနှိပ်စက်ခံနေရသည် ဆိုသည်ကို လူအများက အသေအချာ သိရှိနေခြင်း မရှိပါ။

ထိုသို့ အများသိရှိစေနိုင်ရန် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား မည်မျှရှိနေသည်၊ မည်သည့် အကျဉ်းထောင်များတွင် ရှိနေသည်၊ သူတို့ဘယ်လိုခံစားနေရသည်များကို စနစ်တကျပြုစု၍ ထုတ်ပြန် ရပါသည်။ အထူးသဖြင့် အဖွဲ့အစည်းနှင့် အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသူများသည် မည်သူများ ဖြစ်သည်၊ မည်သည့်နေရာတွင် ကျွမ်းကျင်မှုရှိသည်ကို လူအများသိရှိပြီး နားလည်လက်ခံလာစေရန် စတင် ကြိုးပမ်းပါသည်။

တဖက်တွင် အေအေပီပီအနေဖြင့် နိုင်ငံရေးအကျဉ်းသားများထဲမှ မြန်မာနိုင်ငံသားများနှင့် နိုင်ငံ တကာမှ စိတ်ဝင်စားသူများကို ရွေးချယ်ရပါသည်။ ထိုသို့ရွေးချယ်ရာတွင်လည်း အေအေပီပီတဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ နိုင်ငံအလိုက ဖွဲ့စည်းလုပ်ဆောင်နေသော မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူအဖွဲ့များ (Burma Supported Groups) နှင့် တိုင်ပင်ပြီး လုပ်ဆောင်ရပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံရေး အကျဉ်းသားများအား နိုင်ငံတကာဆုတံဆိပ်များ ရရှိစေရေးနှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ပါသည်။








ပထမဆုံး ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အား နော်ဝေနိုင်ငံ မှ International Student Peace Prize in Trondheim မှ ပေးအပ်လေ့ရှိသည့် ကျောင်းသားငြိမ်းချမ်းရေးဆု ရရှိစေရန် ၂၀၀၁ ခုနှစ်တွင် ကြိုးစားခဲ့ပြီး အောင်မြင်ခဲ့ပါသည်။ ထို့အပြင် ချက်ပြည်ထောင်စုသမ္မတနိုင်ငံမှ ပေးအပ်လေ့ရှိသည့် Homo Homini Award ဆုအား ကိုမင်းကိုနိုင် ရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။

ထိုဆုများအား လက်ခံရယူနိုင်ရန်အတွက် ဆုရသူ ကာယကံရှင်များသည် အကျဉ်းထောင်များ ထဲတွင် ဖမ်းဆီးထိန်းသိမ်းခံနေရပြီး လာရောက်မယူနိုင်သည့်အတွက် ထိုသူများကိုယ်စား ဆုလက်ခံရယူရန် အေအေပီပီနှင့် နိုင်ငံခြားရေးကော်မတီ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်) အား ဖိတ်ကြားခဲ့ပါသည်။ ထိုခရီးစဉ်သည် အေအေပီပီ၏ ပထမဦးဆုံး ထိုင်းနိုင်ငံပြင်ပ နိုင်ငံတကာခရီးစဉ် ဖြစ်ခဲ့သည်။


ပထမဆုံးခရီးစဉ်အဖြစ် နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ နယ်သာလန် နှင့် ချက်ပြည်ထောင်စုသမ္မတနိုင်ငံ များသို့ သွားရောက်ခွင့်ရခဲ့ပြီး ခရီးစဉ်အတွင်း ကိုမင်းကိုနိုင်ကိုယ်စား ကျောင်းသားငြိမ်းချမ်းရေးဆုနှင့် ဟိုမိုဟိုမနီဆုကို လက်ခံရယူခြင်းအပြင် နော်ဝေ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်ဟောင်း အပါအဝင် နော်ဝေနိုင်ငံ ထရိုဟိန်းမြို့၏ မြို့တော်ဝန်များ၊ နိုင်ငံတကာကျောင်းသားများနှင့် ကွန်ရက်တည် ဆောက်နိုင်ခဲ့ခြင်းများ ပြုလုပ်နိုင်ခဲ့သလို ချက်ပြည်ထောင်စုသမ္မတနိုင်ငံ၏ သမ္မတ ဗဲကလက်ဟာဗေး (Vaclav Havel)နှင့် ချက်နိုင်ငံ၏ အထင်ကရ ရဲတိုက်ကြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နိုင်ခဲ့သည်။

အထက်ပါ ခရီးစဉ်သည် အေအေပီပီအား နိုင်ငံတကာတွင် နိုင်ငံရေးအရ တရားဝင်ဖြစ်မှုကို ကူညီဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး ထိုနိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီများ ချမှတ်ရာတွင် (အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး) သက်ရောက်စေခဲ့ ပါသည်။

ထိုနည်းတူ အေအေပီပီသည် ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက် နေထိုင်သည့်အလျောက် နယ်စပ်ဒေသ အခြေစိုက်အဖွဲ့များနှင့်လည်း တွဲဖက်လုပ်ကိုင်နိုင်သည့် လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ပါသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ






နယ်စပ်ဒေသရှိ အဖွဲ့များအနေဖြင့်လည်း နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးသည် မြန်မာနိုင်ငံအပြောင်းအလဲအတွက် အရေးကြီးသည်ဟု ယုံကြည်မှုရှိသည်ကို ပြသရန် ၂၀၀၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၂ ခုနှစ်ကာလအတွင်း အေအေပီပီမှ ကမကထပြုပြီး နယ်စပ်အခြေစိုက်အဖွဲ့အစည်း ၁၁ ဖွဲ့တို့သည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီ (FPPCC – Free Political Prisoners Campaign Committee) ကို ပူးပေါင်းဖွဲ့စည်းခဲ့ပြီး နိုင်ငံပေါင်း ၂၃ နိုင်ငံတွင် ဓာတ်ပုံပြပွဲများ၊ ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံပြင်ပတွင် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးနှင့်ပတ်သက်၍ အရေးကြီးသော အင်အားစုများရှိပါသည်။ ထိုအထဲတွင် ဒေါက်တာစိန်ဝင်း ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) သည် အဓိက အရေးပါသည့် အဖွဲ့အစည်းတခုဖြစ်သည်။ ဝါရှင်တန်ဒီစီတွင် အခြေစိုက်ပြီး ကုလသမဂ္ဂ၊ အမေရိကန်၊ အီးယူနှင့် နိုင်ငံတကာအစိုးရများအား မြန်မာစစ်အစိုးရကို ဖိအားပေးရေး ဦးဆောင်ပြုလုပ်ခဲ့သည်။ ထိုအဖွဲ့မှ ဦးဆောင်၍ နယူးယော့ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဂျီနီဗာ အခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပျက်နေသည့် အခြေအနေများ ထင်ဟပ်စေရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် နယ်စပ်ဒေသရှိ လူ့အခွင့်အရေးအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့များ၊ အမျိုးသမီးအဖွဲ့များနှင့် ပူးပေါင်း၍ အစုအဖွဲ့ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

ထိုအထဲတွင် အေအေပီပီသည်လည်း နိုင်ငံရေးအကျဉ်းသားများအရေး တင်ပြနိုင်ရန် ထိုအစည်းအဝေးများသို့ နှစ်စဉ်ပါဝင်ခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ တရားဝင် အစည်းအဝေးများတွင်လည်း အေအေပီပီအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတရားသဖြင့် ဖမ်းဆီးခံရသည့် အကြောင်းများကို စာဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း တင်သွင်းနိုင်ခဲ့သည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံလူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေးမှူး မစ္စတာ ပင်ဟဲရိုး နှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ရခဲ့ပါသည်။

အေအေပီပီ ၁၃နှစ် ၂၀ ပြည့် အေအေပီပီ



ထိုသို့တွေ့ဆုံရာတွင် ဦးနိုင်းနိုင်းနှင့် စကားပြောနေစဉ် လျှို့ဝှက်တပ်ဆင်ထားသော မိုက်ကရိုဖုန်း တွေ့ရှိခဲ့သဖြင့် ချက်ချင်းပြန်လာခဲ့သည်ကို မိမိတို့ သိရှိကြောင်း ပြောဆိုခဲ့ရာ ပင်ဟဲရိုးအနေဖြင့် အေအေပီပီ၏ ကွန်ရက်ချိတ်ဆက်မှုအား အသိအမှတ်ပြုခဲ့ပြီး ယုံကြည်မှုများ ရရှိခဲ့သည်။ နောက်ပိုင်း သူ၏မြန်မာနိုင်ငံခရီးစဉ် မတိုင်မီနှင့် သူ၏အစီရင်ခံစာများ ကုလသမဂ္ဂသို့ မတင်သွင်းမီတွင် လိုအပ်သည့် အချက်အလက်များနှင့် အကြံပြုချက်များကို အေအေပီပီမှ ပြင်ဆင်ပေးခဲ့သည်။ ထိုနည်းတူ ၎င်း၏နောက် တာဝန်ယူခဲ့ကြသည့် ကုလသမဂ္ဂလူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေးမှူးများဖြစ်သည့် မစ္စတာ သောမတ်ကင်တာနား နှင့် နောက်ဆုံး မစ္စစ် ယန်ဟီးလီ အထိပါ ထိုကဲ့သို့ လုပ်ဆောင်ပေးနေဆဲဖြစ်ပါသည်။

၂၀၀၃ ခုနှစ် မေလ ၃၀ တွင် မြန်မာနိုင်ငံအတွင်း ဆိုးရွားပြင်းထန်လှသည့် နိုင်ငံရေးလုပ်ကြံမှုနှင့် အကြမ်းဖက်မှုတခု ဖြစ်ပွားခဲ့သည်။ ထိုဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အများအပြား အကြမ်းဖက်ခံခဲ့ရသည်။ ထိုအကြမ်းဖက်မှု အတွင်း အချို့သေကြေ၊ အများအပြား ဒဏ်ရာရခြင်းများနှင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းများ ဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ အေအေပီပီအနေဖြင့်လည်း ဘန်ကောက်ရှိ နိုင်ငံခြားသံတမန်များ၊ အစိုးရများ၊ ကုလသမဂ္ဂ နှင့် နိုင်ငံတကာသတင်းဌာနများသို့ အချိန်နှင့်တပြေးညီ သတင်းပေးပို့နိုင်ခဲ့သည်။

ထိုအကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အစီရင်ခံစာတင်ပြနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) မှ ဦးဆောင်၍ အထူးသီးသန့်ကော်မရှင် (Ad Hoc Commission) တခုကို ဖွဲ့စည်းခဲ့ပြီး အေအေပီပီသည် ထိုကော်မရှင်တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သည်။ ထိုကော်မရှင်က အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပြီး အစိုးရများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့အား တင်ပြနိုင် ခဲ့သည်။ https://www.burmalibrary.org/docs/Depayin_Massacre.pdf

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# Acknowledgement

The Ad hoc Commission would like to express its sincere gratitude to the following organizations and individuals for their kind contribution to this report.

(1) **National Coalition Government of the Union of Burma (NCGUB) for providing information and cooperation.**

(2) **Member Organizations of the National Council of the Union of Burma for their cooperation.**

(3) **Political Defiance Committee (PDC) of the National Council of the Union of Burma (NCUB) for providing information and the photographs of the Depayin victims.**

(4) **Network for Democracy and Development (NDD) for providing information and the photographs of the Depayin victims.**

(5) **Assistance Association for Political Prisoners – Burma (AAPP - Burma) for providing information to compile the list of victims of the Depayin Massacre.**

The Commission also expresses its profound appreciation to the anonymous individuals inside Burma, who bravely helped provide the precious information and assisted to bring the eye-witnesses out of the country




၂၀၀၀ ခုနှစ် မတိုင်မီနှင့် သက္ကရာဇ် ၂၀၀၀ ကျော် အစောပိုင်းကာလများတွင် မြန်မာ့အရေးနှင့် ပတ်သက်၍ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုတွင် အဓိက အားကောင်းခဲ့သော Free Burma Coalition အဖွဲ့မှ ဦးဆောင်ပြီး ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ မြန်မာ့အရေးနှင့်ပတ်သက်၍ ညီလာခံတခု ကျင်းပပြုလုပ်ခဲ့သည်။ အေအေပီပီအနေဖြင့်လည်း ပူးပေါင်းပါဝင်ရန် ကမ်းလှမ်းခံရသဖြင့် ပါဝင်ခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း Free Burma Coalition မှ စီစဉ်ပေးမှုဖြင့် အမေရိကန်ကွန်ဂရက် နှင့် စတိတ်ဒီပါတ်မင့်မှ အရေးကြီးပုဂ္ဂိုလ်များနှင့် တွေ့ခွင့်ရခဲ့ပြီး မြန်မာ့နိုင်ငံရေးအကျဉ်းသားများ အခြေအနေ၊ စစ်အစိုးရ၏ ဖိနှိပ်မှုများနှင့် စစ်အစိုးရခေါင်းဆောင်များအား ပိုမိုဖိအားပေးရန် တိုက်တွန်းပြောဆိုနိုင်ခဲ့ပါသည်

၂၀၀၄ ခုနှစ်တွင် ကိုမင်းကိုနိုင်အပါအဝင် အချို့သောနိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်လာပြီး ကိုမင်းကိုနိုင်အား နယူးယောက် အခြေစိုက် “ Northcote Parkinson Foundation” အဖွဲ့မှ “Courage Award” ဆုချီးမြှင့်ခံရပြီး သူ၏ သဘောတူညီချက်အရ ကိုမင်းကိုနိုင်ကိုယ်စား အေအေပီပီမှ ကိုဘိုကြည်မှ ထိုဆုကို သွားရောက်လက်ခံခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ


ထိုသို့ အစိုးရများ၊ သံတမန်များ၊ ကုလသမဂ္ဂ အထူးစုံစမ်းရေးမှူးများ၊ အမေရိကန်နှင့် အီးယူအခြေစိုက် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူအဖွဲ့များနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံရင်း အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားများအရေးနှင့် အကျဉ်းထောင်အရေးတွင် စိတ်ချယုံကြည်ရသော အဖွဲ့အဖြစ် ပိုမိုအသိမှတ်ပြုလာခဲ့ကြသည်။ ထို့အပြင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ တိုးတက်ခြင်း မတိုးတက်ခြင်း ဆိုသည်ကို တိုင်းတာရာတွင်လည်း နိုင်ငံရေးအကျဉ်းသား မည်မျှလွတ်မြောက်သည် မလွတ်မြောက်သည် ဆိုသည်ဖြင့် တိုင်းတာသည်အထိ သက်ရောက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်မှ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများကိစ္စနှင့် ပတ်သက်၍ ကွန်ဂရက်တွင် ကြားနာပွဲ လာရောက်ပြုလုပ်ရန် ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ ထိုခရီးစဉ်အား အဓိက ကူညီစီစဉ်ပေးသည့် အဖွဲ့အစည်းမှာ US Campaign For Burma (USCB) ဖြစ်ပြီး ယခင် Free Burma Coalition တွင် ပါဝင်လှုပ်ရှားသူအများစုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကွန်ဂရက်တွင် ၁၂ မိနစ်စာ စာတမ်းတခုကို တင်သွင်းခဲ့ပါသည်။

၂၀၀၇ ခုနှစ်သည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် အရေးပါသောနှစ်ဖြစ်ခဲ့ပြီး အေအေပီပီ အနေနှင့်လည်း အလုပ်များ ဖိစီးခဲ့သောနှစ်ဖြစ်ခဲ့သည်။ လောင်စာဆီဈေးနှုန်း ချက်ချင်းမြင့်တက်မှုနှင့် ပတ်သက်၍ ၈၈ မျိုးဆက်ကျောင်းသားများ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် ကိုမင်းကိုနိုင် အပါအဝင် ဦးဆောင်သူအချို့ အဖမ်းခံခဲ့ရသည်။ ဖမ်းဆီးခြင်းမခံရဘဲ ကျန်ရှိသူများမှ ဆက်လက်ဦးဆောင် လှုပ်ရှားခဲ့သဖြင့် အာဏာပိုင်များ၏ ဆက်တိုက်ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ ဆက်တိုက်ဆိုသလို သံဃာများ ဦးဆောင်သည့် ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်လာပြီး ထိုသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ နိုင်ငံတကာမီဒီယာသို့ ပေးပို့ရန် လုပ်ဆောင်ခဲ့ရသည်။ အေအေပီပီရုံးသည်လည်း သတင်းမီဒီယာသမားများ အချိန်ပြည့် ဝင်/ထွက်သွားလာ သတင်းယူရာ ဌာနတခုလို ဖြစ်ခဲ့သည်။ ထိုသို့သော အခြေအနေများကြောင့် နောက်ဆက်တွဲအနေဖြင့် စစ်အစိုးရမှ အေအေပီပီအား ထိုလှုပ်ရှားမှုနှင့်ပတ်သက်၍ ကြိုးကိုင်သည်ဟု စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့သည်။

ရွှေဝါရောင်တော်လှန်ရေးအား အစိုးရမှ အပြင်းအထန် ဖြိုခွဲပြီး ဖမ်းဆီးမှုများကြောင့် နိုင်ငံရေးအကျဉ်းသားများ ၂ ဆခန့် မြင့်တက်လာခဲ့ရပြန်သည်။ အေအေပီပီအနေဖြင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနှင့် ပတ်သက်ပြီး အစီရင်ခံစာ ထုတ်ပြန်ပြီး အခြားသောအဖွဲ့အစည်းများနှင့် အတူတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံစစ်အစိုးရအား ပြင်းထန်စွာဖိအားပေးမှုများ ပြုလုပ်ရန်လည်း တောင်းဆိုခဲ့ပါသည်။

၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံတွင် အဖြစ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ ပြင်းထန်သော နာဂစ်မုန်တိုင်း တိုက်ခိုက်ခဲ့ခြင်းကြောင့် လူပေါင်း တစ်သိန်းကျော် သေဆုံးခဲ့ရပြီး ထိုသူများကို ကူညီပေးရန် ကြိုးစားခဲ့သည့် တက်ကြွလှုပ်ရှားသူများလည်း ဖမ်းဆီးခြင်းခံခဲ့ရပြီး နိုင်ငံတကာမှ အရေးပေါ် အကူအညီများ အချိန်မီရရှိရန်အတွက်လည်း ခွင့်ပြုချက်များ မရရှိခဲ့ပေ။ သန်းချီသော ရေဘေးသင့် ပြည်သူများအား အရေးပေါ်အကူအညီများ ပေးနိုင်ရေးအတွက် နယ်စပ်ဒေသမှ အဖွဲ့အစည်းများမှ အခက်အခဲများကြားမှ ချိတ်ဆက်မှုများ ကူညီမှုများ များစွာပြုလုပ်ပေးခဲ့သည်။ အေအေပီပီသည်လည်း တတ်စွမ်းသည့်ဘက်မှ ချိတ်ဆက်ကူညီမှုများ ပြုလုပ်ပေးခဲ့ပါသည်။

အေအေပီပီ ၁၁နှစ် ၂၀ပြည့် အေအေပီပီ



ထိုကာလတွင်ပင် စစ်အစိုးရမှ ကမကထပြု ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို အတည်ပြုနိုင်ရန် လူထုခံဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ပါသည်။ ထိုအတောအတွင်း ၂၀၀၈ ဖွဲ့စည်းပုံကို ဆန့်ကျင်သည့်အနေဖြင့် မဲမပေးရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သဖြင့် ဖမ်းဆီးမှုများ ရှိခဲ့ပြန်သည်။ ထို့ကြောင့် ထိုလူများလွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုများ မရပ်မနား ဆောင်ရွက်ခဲ့ရသည်။

၂၀၀၈ ခုနှစ်တွင် အေအေပီပီအနေဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် နယူးယော့ခ်တွင် တွေ့ခွင့်ရရှိခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် မဖြစ်မနေလုပ်ဆောင်ရန်လိုကြောင်း ထပ်မံပြောဆို တိုက်တွန်းခဲ့ပါသည်။

၂၀၀၈ ခုနှစ်အတွင်းပင် ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်ကွင်တာနားသည် အေအေပီပီရုံးသို့ လာရောက်လည်ပတ်ပြီး နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်များနှင့် ပတ်သက်သော အချက်အလက်များနှင့် သိချင်သည်များကို အသေးစိတ် မေးမြန်းဆွေးနွေးခဲ့ပြီး အေအေပီပီမှလည်း ဆွေးနွေးအကြံပေးမှုများနှင့်အတူ နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေနှင့် ပတ်သက်၍ ပြင်ဆင်ထားသော အသေးစိတ် အစီရင်ခံစာတစောင်ကို ပေးအပ်ခဲ့သည်။

၂၀၀၈ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် တရုတ်နိုင်ငံသို့ မသွားမီ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ခေတ္တဝင်ရောက်ခဲ့ပြီး ထိုအချိန်တွင်း မြန်မာ့နိုင်ငံရေးတွင် လှုပ်ရှားနေသူအချို့နှင့် တွေ့ဆုံရန် ဖိတ်ကြားရာတွင် အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်ကိုလည်း ထည့်သွင်းဖိတ်ကြားခဲ့သဖြင့် တွေ့ဆုံခွင့်ရခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ ပြန်လည်လွတ်မြောက်ရေးအတွက် ဖိအားပိုမိုပေးရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။

အေအေပီပီ ၂၀ နှစ်ပြည့် အေအေပီပီ



၂၀၀၉ ခုနှစ် မတ်လ ၁၃ ရက်နေ့မှစ၍ အေအေပီပီနှင့် မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု (FDB) တို့မှ ကမကထ ပြုပြီး Free Burma's Political Prisoners Now! "မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းလွှတ်" လှုပ်ရှားမှုကို ကမ္ဘာနှင့်အဝန်း ပြုလုပ်ခဲ့သည်။ ဟောပြောပွဲများ၊ ဓာတ်ပုံပြပွဲများနှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဆန္ဒပြုလက်မှတ်များ ကောက်ခံခြင်း ၇၃ ရက်တာ လှုပ်ရှားမှုကို နိုင်ငံတကာရှိ အဖွဲ့အစည်းပေါင်း ၂၃၀ နှင့် ချိတ်ဆက်လှုပ်ရှားဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ မတ်လ ၁၃ ရက်နေ့မှ ဒေါ်အောင်ဆန်းစုကြည် လွတ်ရက်စေ့သည့်နေ့ ဇွန်လ ၂၄ နေ့အထိ လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်မှတ်ပေါင်း ၆၇၇,၂၁၄ ကောက်ခံရရှိပြီး (သတ်မှတ်ရက်ထက် နောက်ကျပြီး ရရှိသည့် လက်မှတ်အပါအဝင် ၇၃၀,၀၀၀ ကျော်ရရှိခဲ့သည်) စုဆောင်းရရှိသော လက်မှတ်များ ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ရန် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ သဘောတူခဲ့ပြီး ကုလသမဂ္ဂဌာနချုပ်တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်က တရားဝင် လက်ခံခဲ့ပြီး နိုင်ငံတကာသတင်းမီဒီယာများအား သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ထိုသို့အရပ်ဘက် အဖွဲ့အစည်းများ၏ ကောက်ယူထားသော လက်မှတ်များကို ကုလသမဂ္ဂမှ တရားဝင်လက်ခံခဲ့ခြင်းသည် သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့နိုင်သည်။

၂၀၁၈ ခုနှစ်တွင် အေအေပီပီတွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်သည် အမေရိကန်သမ္မတ ဂျော့ဘုရှ် နှင့် ဘန်ကောက်မြို့တွင် တွေ့ဆုံခဲ့ပြီး မြန်မာ့နိုင်ငံရေးအကျဉ်းသားများအရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။




၂၀၀၉ ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် AIPMC မှ ပြုလုပ်သော Renewed Asean leadership towards Social Justic in Myanmar နီးနှောဖလှယ်ပွဲသို့ အေအေပီပီ အတွင်းရေးမှူး တက်ရောက်၍ မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများအခြေအနေနှင့် ၎င်းတို့လွတ်မြောက်ရေးအတွက် အာဆီယံအမတ်များ မှ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကြံပြုချက်များ ဆွေးနွေးခဲ့သည်။

၂၀၀၉ ခုနှစ်နှောင်းပိုင်းတွင် အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်သည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ချီးမြှင့်သည့် Alison Des Forges Defender award ဆုကို ချီးမြှင့်ခံခဲ့ရပြီး ဆုလက်ခံရယူရန် အင်္ဂလန်၊ ဂျာမနီနှင့် ဆွစ်ဇာလန် နိုင်ငံများသို့ သွားရောက်ခဲ့ရပါသည်။ ထိုခရီးစဉ်အတွင်း အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဘရန်ဒန်ကော့နှင့် ဒေါင်းနင်းလမ်း အမှတ် ၁၀ တွင် တွေ့ဆုံခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိလူ့အခွင့်အရေးအခြေအနေ၊ ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ် ခြင်းမရှိဘဲ၊ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ခြင်းမရှိဘဲ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲ အား သုံးသပ်ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာရုံး (FCO) ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး ဝန်ကြီးချုပ်၏ အထူးအကြံပေးကို ပြောဆိုခဲ့သည်များကို ထပ်မံအသိပေး တိုက်တွန်းခဲ့ပါသည်။ ထိုသို့ ဆွေးနွေးမှုများ၏ အကျိုးဆက်အနေဖြင့် နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံး (FCO)မှ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးလှုပ်ရှားမှုများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ မှ စတင်ခဲ့ပြီး ထိုလှုပ်ရှားမှု သည် ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီထိ တပတ်လျှင် နိုင်ငံရေးအကျဉ်းသားတဦး၏ နာမည်ကို လက်ဝါးတွင် ရေးပြီး သူတို့ဝက်ဘ်ဆိုဒ်တွင် တင်ခြင်းဖြစ်သည်။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ




၂၀၁၁ သည် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းဖြစ်ခဲ့သော နှစ်ဖြစ်သည်ဟု ဆိုရပေမည်။

၂၀၁၁ မေလ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ မသွားရောက်မီ အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူးနှင့် ထိုင်းနိုင်ငံတွင် ကြိုတင်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင်း သူလုပ်ဆောင်သင့်သည် များကို အကြံပြုဆွေးနွေးခဲ့ပါသည်။

ထိုနှစ် ဇွန်လ၌ အမေရိကန်နိုင်ငံတွင် ဩဇာကြီးမားသော အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း အေအေပီပီရုံးသို့ လာရောက်လည်ပတ်ခဲ့ရာ အမေရိကန်လွှတ်တော်အနေဖြင့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် ပိုမိုဖိအားပေးလုပ်ဆောင်နိုင်ရန် နည်းလမ်းများ ရှာဖွေရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။

၂၀၁၀ နိုဝင်ဘာလတွင် ရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ထိုရွေးကောက်ပွဲမှ ဦးသိန်းစိန် ဦးဆောင်သည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အာဏာရရှိလာခဲ့ပြီး ထိုအစိုးရမှ ပြုပြင်ပြောင်းလဲရေးအချို့ကိုလည်း ပြုလုပ်လာခဲ့သည်။ ထို့အတွက်ကြောင့် အကောင်းဘက်သို့ ပြောင်းလဲလာလိမ့်မည်ဟု ခန့်မှန်းခဲ့ကြပါသည်။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားများကိုတော့ လွှတ်ပေးခဲ့ခြင်း မရှိသေးပါ။ ထို့အတွက်ကြောင့်လည်း အေအေပီပီအနေဖြင့် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ အမြန်လွှတ်ပေးရေးကို ဆက်လက်လုပ်ဆောင် ခဲ့ရပါသည်။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ

ထို့ပြင် ကမ္ဘာ့နိုင်ငံအားလုံးမှ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR) သို့လည်း အေအေပီပီမှ အစီရင်ခံစာများ တင်သွင်းခဲ့သည်။

အေအေပီပီအဖွဲ့ဝင်များသည် နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယမ်၊ ချက်ပြည်ထောင်စု သမ္မတနိုင်ငံ၊ ပြင်သစ်၊ စလိုဗက်ကီးယား၊ အမေရိကန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ဖင်လန်၊ နယ်သာလန်၊ အိုင်ယာလန်၊ ဂျာမနီ၊ ဂျပန်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ မလေးရှား နိုင်ငံများတို့မှ သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂမှ တာဝန်ရှိသူများ၊ လွှတ်တော်အမတ်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ကျောင်းသားသမဂ္ဂများ၊ အလုပ်သမားသမဂ္ဂများ၊ သတင်းမီဒီယာများနှင့် ဆက်စပ် ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိလည်း ဆက်စပ်ဆောင်ရွက်နေပါသည်။

အေအေပီပီ၏ ပထမ ၁၂ နှစ်တာ ကာလတလျှောက်လုံးတွင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့် အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးအကျဉ်းသားများအရေးနှင့်ပတ်သက်၍ ဖိအားပေး တိုက်တွန်းမှုများ ပြုလုပ်ရန် ကြိုးစားဆောင်ရွက်ခဲ့သည်။

ပထမ ၁၂ နှစ်တာကာလ၌ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့် အရေးကောင်စီတို့မှ ဆုံးဖြတ်ချက်အများအပြားကို ချမှတ်ခဲ့ပြီး မြန်မာအစိုးရအား နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုသည့် မြန်မာနိုင်ငံနှင့်ဆက်နွှယ်သော ဆုံးဖြတ် ချက်ပေါင်း သုံးဒါဇင်ကျော်ကို လက်ခံခဲ့ခြင်းတွင် အေအေပီပီ၏ စည်းရုံးတိုက်တွန်းမှုများ ပါဝင်ခဲ့သည်။



# စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး အစီအစဉ်

# (MHAP)

**၂၀၁၀ – ၂၀၁၁** တွင် များစွာသောနိုင်ငံရေးအကျဉ်းသားများ၊ ညှဉ်းပန်းနှိပ်စက်မှုကို ရင်ဆိုင်ခံစားခဲ့ကြရသူများကို ပံ့ပိုးကူညီမှုပေးခဲ့သည့် အတွေ့အကြုံအရ ၎င်းတို့ရင်ဆိုင်ခဲ့ရသော ညှဉ်းပန်းနှိပ်စက်ခံခဲ့ရမှုသည် ရေရှည်တွင် ဆိုးကျိုးများဖြစ်ပေါ်စေသည်ကို မိမိတို့ သိရှိနားလည်လာခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုတွင် ပံ့ပိုးမှုများ လိုအပ်သည်ကိုလည်း သိရှိနားလည်ခဲ့ကြသည်။ ထို့ကြောင့် အေအေပီပီသည် တောင်အာဖရိကမှ ထုတ်ဝေသော “Counseling Torture Survivors” အမည်ရှိ စာအုပ်မှ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအခန်းကို ဘာသာပြန် ထုတ်ဝေဖြန့်ချိ ခဲ့သည်။ ၎င်းပြင် အေအေပီပီနှင့် ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်၍ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေးအစီအစဉ် (MHAP) ကို စတင်ဖွဲ့စည်းခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်းသင်တန်းနှင့် တဦးချင်း နှစ်သိမ့်ဆွေးနွေးပေးခြင်းတို့ကို မဲဆောက်မြို့တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှစ၍ MHAP ကို မြန်မာနိုင်ငံတွင် စတင်၍ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# ဆုများနှင့် အသိအမှတ်ပြုမှုများ


ပထမ ၁၂ နှစ်တာ ကာလအတွင်း အေအေပီပီသည် မြန်မာနိုင်ငံ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသူများကို နိုင်ငံတကာ အသိအမှတ်ပြုမှုနှင့် ဆုတံဆိပ်များ ရရှိရန်အတွက် တိုက်တွန်းမှုများ၊ ထောက်ခံအကြံပြုမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။ ထို့ပြင် အေအေပီပီသည် ပြည်တွင်းနှင့် နိုင်ငံတကာ၌ အသိအမှတ်ပြုမှုများစွာ ရရှိခဲ့ပြီး အေအေပီပီ၏ လှုပ်ရှားမှုများကို နိုင်ငံတကာဒီမိုကရေစီအသိုင်းအဝိုင်း၌ မကြာခဏ ဖော်ပြခဲ့သည်။

၂၀၀၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးသည် အာရှနှင့်ပစိဖိတ်ဒေသနှင့်ပတ်သက်၍ အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ ကော်မတီခွဲတွင် ***"နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) ကဲ့သို့သော အဖွဲ့အစည်းများသည် သတင်းအချက်အလက်များကို တင်ပြခြင်းနှင့် မှတ်တမ်းပြုခြင်းတို့တွင် လွန်စွာကျွမ်းကျင် ပိုင်နိုင်မှုရှိသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် လည်ပတ်လျက်ရှိသော အေအေပီပီသည် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးအကျဉ်းသား အရေအတွက်နှင့် အကျဉ်းထောင်တွင်း ကြုံတွေ့ရသည့် အခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက် အရည်အသွေးတွင် နာမည်ကောင်းဖြင့် ထင်ရှားစွာရှိနေသည်"***ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုအချိန်ကာလအတွင်း အေအေပီပီသည် ဆုများစွာကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၀၂ ခုနှစ်တွင် အေအေပီပီ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်သည် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် (AI)၏ အီတလီရုံးခွဲမှ ပေးအပ်သည့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး တိုက်ပွဲဝင်ခဲ့ခြင်းအတွက် “Framed Plaque” ဆုကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။၂၀၀၃ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဥပဒေပြုလွှတ်တော်၏ အထက်လွှတ်တော်အမတ် ဂျေဘတ်တင်မှ ပေးအပ်ချီးမြှင့်သည့် “Scholastic Achievement Award” ဆုကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ မက်ဆာချူးဆက် အောက်လွှတ်တော်မှ အေအေပီပီ၊ ဦးဘိုကြည်နှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအတွက် ဒီမိုကရေစီကတိကဝတ်ကို အသိအမှတ်ပြုခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဦးဘိုကြည်သည် “နိုင်ငံတကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆု”ကို ချီးမြှင့်ခြင်း ခံခဲ့ရပြီး ၂၀၀၉ ခုနှစ်တွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ပေးအပ်သည့် သူမတူသော လှုပ်ရှားမှုများ အတွက် “Alison Des Forges Defender” ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့ပြင် ဦးဘိုကြည်သည် လွတ်လပ်မှုနှင့် လူ့အခွင့်အရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၍ ‘Foundation for Freedom and Human Rights Award’ ဆုကို ၂၀၁၁ ခုနှစ်တွင် ထပ်မံချီးမြှင့်ခြင်းခံခဲ့ရသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# ရုပ်သံမှတ်တမ်းနှင့် တေးအယ်ဘမ်







အေအေပီပီသည် မီဒီယာအဖွဲ့အစည်းများနှင့် များစွာသော အင်တာဗျူးများ၊ မှတ်တမ်းရုပ်သံ အမြောက်အမြား၌လည်း ပါဝင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် “သံတိုင်နောက်က မြန်မာပြည်” (အင်္ဂလိပ်စာတမ်းထိုး)ဟု အမည်ပေးထားသည့် ရုပ်သံမှတ်တမ်း ဒီဗွီဒီ တစ်ချပ်အား ထုတ်လုပ်ဖြန့်ချီ ခဲ့သည်။ ထိုရုပ်သံမှတ်တမ်းအခွေသည် နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်တွင်း နေထိုင်စားသောက်မှုအခြေအနေနှင့် မြန်မာနိုင်ငံအကျဉ်းထောင်စနစ်၏ ပကတိအခြေအနေများကို ထင်ဟပ်စေရန် ကြိုးစားပုံဖော် ရိုက်ကူးထားသည့် အခွေဖြစ်သည်။ ထို့နည်းတူ ၂၀၁၂ ခုနှစ်တွင် အေအေပီပီသည် မြန်မာနိုင်ငံအကျဉ်းထောင်အခြေအနေကို အနီးစပ်ဆုံး ပေါ်လွင်စေသည့် ရုပ်ရှင်ဒါရိုက်တာ Mr Timothy Syrota နှင့် ပူးပေါင်း၍ ““People not Pawns” ရုပ်သံမှတ်တမ်းကိုလည်း ထုတ်လုပ်ဖြန့်ချီ ခဲ့ပါသည်။ ထိုနှစ်တွင်ပင် အေအေပီပီမှ ကိုဘိုကြည်အား အဓိကဇာတ်ကောင်အဖြစ် ရိုက်ကူးထားသော ‘ရေဆန်လမ်း’ Into the Current: Burma’s Political Prisoners Documentary (2012) အမည်ရှိ ရုပ်သံမှတ်တမ်းကိုလည်း Mrs. Jeanne Marie Hallacy က ရိုက်ကူးထုတ်လုပ်ခဲ့သည်။

၂၀၀၅ ခုနှစ် မေလ ပထမပတ်တွင် စစ်ကြောရေးစခန်း၌ သေဆုံးခဲ့သော ကိုအောင်လှိုင်ဝင်း မိသားစုနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် ရုပ်သံမှတ်တမ်းတခုကို အေအေပီပီမှ ထိုလတွင်ပင် ထုတ်ပြန်ခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၀၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်) အဖွဲ့ဝင်တဦးဖြစ်သူ ကိုအောင်လှိုင်ဝင်းအား ၎င်းနေအိမ်အနီး လက်ဘက်ရည်ဆိုင်ထိုင်နေစဉ် စစ်ထောက်လှမ်းရေးမှ အမည်မသိ လူ ၄ ဦးက လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ မည်သည့်နေရာသို့ဖမ်းဆီးခေါ်ဆောင်သွားသည်ကို မည်သူမှမသိရှိရဘဲ မေလ ၁၀ ရက်နေ့တွင် ဗိုလ်မှူးမင်းလှိုင်က ကိုအောင်လှိုင်ဝင်းနေအိမ်သို့ လာရောက်၍ ၎င်းတို့ စစ်ကြောနေစဉ် မေလ ၇ ရက်နေ့တွင် နှလုံးရောဂါဖြင့် သေဆုံးသွားကြောင်း လာရောက်အကြောင်းကြားခဲ့သည်။ သို့သော် မြောက်ဥက္ကလာဆေးရုံမှ ဆေးမှတ်တမ်းများအရ ဆေးရုံသို့ မရောက်ခင်ကတည်းက သေဆုံးနေကြောင်း တရားရုံးတွင် သက်သေထွက်ဆိုခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ




၂၀၀၅ ခုနှစ်တွင် အေအေပီပီ၏ ဘဝတက္ကသိုလ် တေးထုတ်လုပ်ရေးမှ "လှောင့်ချိုင့်ထဲကတေး" အမည်ရှိ တော်လှန်ရေး ဂီတအယ်လ်ဘမ်ကို ထုတ်ဝေခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့ အကျဉ်းကျခံနေရချိန်တွင် ထိုသီချင်းများကို ရေးသားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် သရုပ်ဆောင်ခဲ့သည်။

*၁၉၈၈ ဒီမိုကရေစီ လူထုအရေးတော်ပုံနောက်ပိုင်း စစ်အစိုးရရဲ့ အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ကျပြီးရောက်ခဲ့ရတယ်။ ဖိနှိပ်ရက်စက်မှုတွေဟာ ကမ်းကုန်ပဲ။ ဖိနှိပ်မှုတွေ ပြင်းထန်လေလေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ လူထုနဲ့တော်လှန်ရေးအပေါ်ထားတဲ့ သစ္စာတရားဟာ ပိုပြီးခိုင်မာလေလေဖြစ်ခဲ့ရတယ်။*

*အဲဒီသစ္စာခိုင်ကျည်မှုတွေကြောင့်ပဲ သူတို့ရင်ထဲက တော်လှန်ရေးတေးသီချင်းတွေ ထွက်ပေါ်လာတယ်။ အဲသလို သီချင်းတွေကို စိတ်နဲ့ရေးဖွဲ့၊ ဦးနှောက်နဲ့မှတ်သား၊ နှုတ်နဲ့လက်ဆင့်ကမ်းခဲ့ကြရင်း သူတို့ရဲ့သီချင်းသံတွေဟာ အကျဉ်းထောင်နံရံတွေကို ထိုးဖောက် ခင်ဗျားတို့ဆီအရောက်ပို့နိုင်ဖို့ ဒီလှောင်ချိုင့်ထဲက တေးသီချင်း အယ်လ်ဘမ်ကို ဂုဏ်ပြုထုတ်ဝေလိုက်ပါတယ်။*

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများ

၂၀၀၀ ခုနှစ် အေအေပီပီ၏ ပထမဆုံးထုတ်သည့် အစီရင်ခံစာတွင် မြင်းခြံအကျဉ်းထောင်အတွင်း အလွန်ဆိုးရွားသော အခြေအနေများအား အသေးစိတ်ဖော်ပြထားပြီး ထိုအစီရင်ခံစာသည် ကမ္ဘာ့နိုင်ငံ အတော်များများသို့ အကျဉ်းထောင် အခြေအနေမှန်များကို ထုတ်ဖော်ပြသပေးခဲ့သည်။ ထိုအချိ န်ကတည်းက အေအေပီပီ၏ မှတ်တမ်းပြုစုခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများနှင့်အတူ ခေါင်းစဉ်အလိုက် အစီရင်ခံစာများကို ဆက်လက်ရေးသားထုတ်ဝေခဲ့သည်။

ထို့ပြင် ဦးဝင်းတင်နှင့် ကိုမင်းကိုနိုင်တို့အပါအဝင် ထင်ရှားသော နိုင်ငံရေးအကျဉ်းသားများ ရေးသားခဲ့သည့် စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။ အေအေပီပီ၏ ဦးဆုံးနှစ်ကာလများအတွင်း မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုသည် ၎င်းတို့၏ အကျဉ်းထောင်တွင်း အတွေ့အကြုံများ အပါအဝင် ၎င်းတို့၏ ကိုယ်တွေ့မှတ်တမ်းများကို ထုတ်ဝေရန် လုပ်ဆောင်ခဲ့ကြသည်။ သို့သော် စစ်အစိုးရလက်ထက်တွင် ခွင့်ပြုချက် မရနိုင်သဖြင့် ထိုစာအုပ်များကို မြန်မာနိုင်ငံအတွင်း ထုတ်ဝေခြင်း မပြုနိုင်ခဲ့ပါ။ ထို့ကြောင့် ၎င်းတို့သည် အေအေပီပီနှင့်ညှိနှိုင်းကာ ပြည်ပတွင် ထိုစာအုပ်များကို ထုတ်ဝေဖြန့်ချိ ခဲ့သည်။

ပထမ ၁၂ နှစ်တာကာလတွင် အေအေပီပီမှ ထုတ်ဝေခဲ့သည့် အကျဉ်းချုပ်ထားသော အရေးကြီးသည့် စာအုပ်များနှင့် အစီရင်ခံစာများစွာကို ရေးသားထုတ်ဝေခဲ့သည်။ ထိုကာလအတောအတွင်း ထုတ်ဝေခဲ့သော အစီရင်ခံစာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ထိုအစီရင်ခံစာများ ကို အေအေပီပီ၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။


အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ

## ရှင်သန်ခြင်း၏ စိတ်ဓာတ်ခွန်အား




၂၀၀၁ ခုနှစ်၊ အောက်တိုဘာလတွင် "ရှင်သန်ခြင်း၏ စိတ်ဓာတ်ခွန်အား" စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင်း အကျဉ်းထောင်တွင်း အတွေ့အကြုံများ၊ ကဗျာများ၊ လေ့လာဆန်းစစ်မှုများ၊ သရော်စာနှင့် အမြင်သဘောထားများ ပါဝင်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများမှ ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုစာအုပ်ကို ကိုရီးယား၊ ဂျပန်နှင့် ဂျာမန်ဘာသာတို့ဖြင့် ပြန်ဆို ထုတ်ဝေခဲ့သည်။

## လူငယ်တစ်ဦးရဲ့ မှတ်တမ်းမဲ့မှတ်တမ်း





ထိုစာအုပ်ကို နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဝင်းနိုင်ဦး ရေးသားခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည်။

ထိုစာအုပ်တွင် ကဗျာဆရာကြီး ဦးတင်မိုးမှ အောက်ပါအတိုင်း အမှာစကား ရေးသားခဲ့သည် –

*ဒီစာအုပ်ဟာ ဒီမိုကရေစီတိုက်ပွဲဝင် ရဲဘော်အပေါင်းရဲ့ နှလုံးသားလည်းဖြစ်၊ အလင်းတံခါးလည်းဖြစ်ပါတယ်။ ကိုဝင်းနိုင်ဦး ရဲ့ မှတ်တမ်းက မျက်ရည်စမ်းများဟာ ပြည်သူတွေအတွက် အလင်းတန်းကြီးတခုအဖြစ် ပြောင်းလဲသွားလိမ့်မယ်လို့ ယုံကြည်မိ ပါတယ်။ အရင်းအနှီးမှန်သမျှ ဘယ်ခါမျှ အချည်းနှီး မဖြစ်ပါ"*

## Ten Years On




၂၀၀၂ ခုနှစ်၊ ဇူလိုင်လတွင် အေအေပီပီမှ နိုင်ငံရေး အကျဉ်းသားဟောင်း ကိုမိုးအေး ရေးသားခဲ့သော Ten Years On စာအုပ်ကို အင်္ဂလိပ်ဘာသာမှ ဂျာမန်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ သည်။ အကျဉ်းထောင်အတွင်း၌ ဆယ်စုနှစ်တစ်စုကြာ ဖြတ်သန်းခဲ့ရ သည့် စာရေးသူ၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် နိုင်ငံရေးအကျဉ်း သားများ ကြုံတွေ့ရသော ဆိုးရွားသည့်အခြေအနေများကို ရေးသား တင်ပြထားခြင်းဖြစ်သည်။

နှစ် ၂၀ ပြည့် အေအေပီပီ


နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

## မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ





၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အေအေပီပီနှင့် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) တို့သည် "မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ" အစီရင်ခံစာကို ပူးတွဲထုတ်ဝေခဲ့သည်။ ထိုပူးတွဲအစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများကို ဖော်ပြထားသည်။ ထို့ပြင် စစ်ကြောရေးပြုလုပ်ချိန်နှင့် အမျိုးသမီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခံရမှု၊ အကျဉ်းထောင်များအတွင်း အမျိုးသမီးများ နေထိုင်ရမှု၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ရင်ဆိုင်ရသည့် အခက်အခဲများ၊ ပြန်လည်လွတ်မြောက်လာပြီးနောက် အခြေအနေများအား ပြန်လည်လွတ်မြောက်လာသည့် အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကာ စုစည်းတင်ပြထားသည်။

## ဒေါက်ဖြုတ်သံ




၂၀၀၄ ခုနှစ်၊ မတ်လတွင် ဒေါက်ဖြုတ်သံ ထောင်တွင်းစာစုများကို မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ပါဝင်သောဆောင်းပါးများကို နိုင်ငံရေးအကျဉ်းသားများ အကျဉ်းကျခြင်း ခံခဲ့ရချိန်က ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်ကို နိုင်ငံရေးအကျဉ်းသားများမှ အပြင်သို့ စွန့်စားစွာ ထုတ်ယူ၍ နောက်ဆုံး အေအေပီပီမှ လက်ခံရရှိခဲ့ပြီး ထိုနိုင်ငံရေးအကျဉ်းသားများကို ဂုဏ်ပြုသောအားဖြင့် ထိုစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

*ဒေါက်ဖြုတ်သံရဲ့အဓိပ္ပါယ်က အကျဉ်းထောင်အတွင်း ကြိုးစင်တင်ပြီး လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့အခါ နောက်ဆုံးခလုတ်ဖြစ်တဲ့ ဒေါက်ကိုဖြုတ်တဲ့အခါ ထွက်ပေါ်လာတဲ့ကျယ်လောင်တဲ့အသံနဲ့အတူ ကြိုးစင်တင်ခံရတဲ့ အကျဉ်းသားဟာလည်း လည်ပင်းကြိုးတန်းလန်းနဲ့ အသက်ထွက်သွားပါတော့တယ်၊ ဒါကြောင့် ဒီအသံကို အကျဉ်းသားအားလုံးက စက်ဆုပ်မုန်းတီးကြတယ်၊ မကောင်းဆိုးဝါးအသံ၊ မိစ္ဆာတို့ရဲ့ ကြုံးဝါးသံလို့ ယူဆခဲ့ကြတယ်၊ ဒါပေမဲ့ ကျနော်တို့ရဲ့ ရဲဘော် နိုင်ငံရေးအကျဉ်းသားတွေ ဟာ ဒေါက်ဖြုတ်သံ သို့မဟုတ် မိစ္ဆာတို့ရဲ့ကြုံးဝါးသံကို အံတုရင်ဆိုင် ရင်း ဒီဒေါက်ဖြုတ်သံဆိုတဲ့ စာစောင်ကို ရေးသားထုတ်ဝေခဲ့တာလို့ ထင်ရပါတယ်။*





**Burma: A Land Where Buddhist Monks Are Disrobed and Detained in Dungeons:**

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုအစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာအကြောင်းကို မိတ်ဆက်တင်ပြထားသည်။ န၀တ၊ နအဖ စစ်အာဏာရှင်လက်ထက်တွင် သံဃာတော်အပါး ၃၀၀ ကျော်သည် ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရသည်ဟု ဖော်ပြထားသည်။ ထို့ပြင် ရဲဘက်စခန်းများသို့ ပို့ဆောင်ခြင်းခံခဲ့ရသော သံဃာတော်များ အခြေအနေနှင့် ရဲဘက်တွင် ပျံလွန်တော်မူသွားသော သံဃာတော်များ အကြောင်းတို့ကိုလည်း ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အကျဉ်းထောင်တွင်း သံဃာတော်များနှင့် အတူနေထိုင်ခဲ့ရသည့် အတွေ့အကြုံများ ဖော်ပြထားသည့် ဆောင်းပါးများဖြင့် ဖြည့်စွက်ထားသည်။




## နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုအသိုင်းအဝိုင်းများလက်စွဲ

၂၀၀၅ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ သက်ဆိုင်ရာမိသားစုတို့၏ ခံစားချက်များ၊ ပြဿနာများနှင့် ထိုပြဿနာများအား ရင်ဆိုင် ကျော်လွှားနိုင်ရန် အကြံပြုတင်ပြထားသည့် “Counseling Torture Survivors” စာအုပ်ထဲမှ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုများလက်စွဲဆိုသောအခန်းအား ဘာသာပြန်၍ ထုတ်ဝေခဲ့သည်။ စနစ်တကျ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ကြရသော နိုင်ငံရေးအကျဉ်းသားများအား ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများ အပါအဝင် ၎င်းတို့၏မိသားစုများ အလွယ်တကူလိုက်နာလုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။




**The Darkness We See: Torture in Burma's Interrogation Centers and Prisons**

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုအစီရင်ခံစာကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင် စစ်အစိုးရ၏ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များတွင် ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများကို စနစ်တကျ အသုံးပြုထားသည်ကို ဖော်ပြထားသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း


## ရှစ်စက္ကန့်ငြိမ်

၂၀၀၆ ခုနှစ်၊ မေလတွင် ထိုအစီရင်ခံစာကို မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ စစ်ကြောရေးစခန်း၊ အကျဉ်းထောင်တွင်းနှင့် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာပြီး မကြာခင် အကျဉ်းထောင်အတွင်းမှ ရရှိလာသည့် ရောဂါဖြင့် သေဆုံးသွားသူ ၁၂၇ ဦးတို့၏ ကိုယ်ရေးအကျဉ်းနှင့် သေဆုံးခဲ့ရပုံတို့အား ဖော်ပြထားသည်။





## အသွင်ကူးပြောင်းရေးကာလ ချက်နိုင်ငံအတွေ့အကြုံ (ဘာသာပြန်)

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ချက်သမ္မတနိုင်ငံ အသွင်ကူးပြောင်းရေးကာလတွင် ပါဝင်ခဲ့သော ပညာရှင်များ၊ ခေါင်းဆောင်များ စသည့် သမိုင်းဝင်ပုဂ္ဂိုလ် ၂၄ ဦးတို့၏ အတွေ့အကြုံနှင့် ဖြတ်သန်းမှုများအား ရေးသား ဖော်ပြထားသော စာအုပ်ဖြစ်သည်။





## ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများ (၂၀၀၂) – လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ

၂၀၀၈ ခုနှစ်၊ ဇွန်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများ (၂၀၀၂) – လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆို ထုတ်ဝေခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရာတွင် နိုင်ငံတကာ၏ စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးကော်မရှင်နှင့် လူ့အခွင့်အရေးကောင်စီအကြောင်း၊ ၎င်းတို့၏ ယန္တရားများ၊ လုပ်ပိုင်ခွင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို သိရှိနိုင်ရန် အတွက် လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International) နှင့် အင်္ဂလန်နှင့် ဝေးလ်ဥပဒေရေးရာအဖွဲ့ကြီး (The Law Society) တို့ ပူးတွဲထုတ်ဝေခဲ့သည့် The United Nations “Thematic Mechanisms 2002” An Overview of their work and mandates စာအုပ်ကို ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သည်။



### နှစ် ၂၀ ထိုခရီး

**The Future in the Dark: The Massive Increase in Burma's Political Prisoners**




၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် "The Future in the Dark: The Massive Increase in Burma's Political Prisoners" အစီရင်ခံစာကို United States Campaign for Burma (USCB) နှင့် ပူးတွဲ၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၌ ၈၈ မျိုးဆက်ကျောင်းသားများ ဖမ်းဆီးခံရခြင်း၊ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေး ၌ ဖမ်းဆီးခြင်းခံခဲ့ရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အကျဉ်းချခြင်းခံနေကြရသော နိုင်ငံရေး အကျဉ်းသားများအကြောင်း၊ ၎င်းတို့၏ အမှုတွဲဖိုင်များကို ဖော်ပြထားသည်။ ထိုအစီရင်ခံစာကို ကမ္ဘာ့ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။





### နောက်ကြည့်မှန်

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် အကျဉ်းကျခံနေရဆဲဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၏ ၄၇ နှစ်မြောက် မွေးနေ့အမှတ်တရအဖြစ် သူ၏ ပင်ကိုယ်ရေးဝတ္ထုရှည် "နောက်ကြည့်မှန်"အား ဂုဏ်ပြုထုတ်ဝေခဲ့သည်။ မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းသူ လူငယ်ကျောင်းသားများကို အခြေခံ၍ ခေတ်ဟောင်း၊ စနစ်ဟောင်းအပေါ် အမုန်တကယ် စိတ်ကုန်ခမ်းခဲ့သည့် သာမန်ပြည်သူများ၏ တကယ့်ဘဝများအား နောက်ခံထား ဖော်ပြထားသည်။

### မြန်မာနိုင်ငံတွင်း ၈၈၈၈ လူထုလှုပ်ရှားမှုတွင် ကျောင်းသားများ၏ အခန်းကဏ္ဍ


၂၀၁၀ ခုနှစ်၊ မတ်လတွင် ထိုအစီရင်ခံစာကို ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ထိုစာအုပ်သည် မြန်မာနိုင်ငံအတွင်း ၈၈ မျိုးဆက် အစုအဖွဲ့မှ ထုတ်ဝေခဲ့ပြီးသောစာအုပ်ဖြစ်သည်။ ၁၉၈၈ ခုနှစ် လူထုအရေးတော်ပုံနှင့် နောက်ပိုင်းကာလများတွင် ထိုကျောင်း သားများ ဒီမိုကရေစီအတွက် မည်ကဲ့သို့ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပြီး လူထုအခြေပြု လှုပ်ရှားမှုအတွက် နယ်ပယ်တစ်ခုကို ဖန်တီးပေးသည်ကို ထင်ရှားစွာ ဖော်ပြထားသည်။

## ဆိတ်ငြိမ်စွာဖြင့် သဘောထားကွဲလွဲခြင်း





၂၀၁၀ တွင်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ထုတ်ဖော်ပြောဆိုမှု၊ မီဒီယာ၊ အသင်းအဖွဲ့နှင့် စုဝေးမှု၊ သတင်း အချက်အလက်များရရှိမှုတို့တွင် လွတ်လပ်မှုမရှိကြောင်း ဖော်ပြထားသည်။ လွတ်လပ်စွာထုတ်ဖော်ခွင့် မရှိဘဲ တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲများ မဖြစ်နိုင်ပါဟု ထိုအစီရင်ခံစာမှ ဖော်ပြထားသည်။

## ဘာလဲဟဲ့ လူ့ငရဲ





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး၊ သတင်းစာဆရာနှင့် စာရေးဆရာ ဦးဝင်းတင်၏ ၂၀၁၀ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင်ကျရောက်သော ၈၀ နှစ်ပြည့်မွေးနေ့တွင် ထိုစာအုပ်ကို ထုတ်ဝေဖြန့်ချိ ခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်တွင် ဦးဝင်းတင်၏ ထောင်တွင်းဖြတ်သန်းမှု ၁၉ နှစ်ကျော်ကာလ အတွေ့အကြုံများအား မှတ်တမ်းတင် ရေးသားထားသည်။ ထို့ပြင် ထိုစာအုပ်တွင် ဦးဝင်းတင်၏ ခိုင်မာပြတ်သားသော လူထုအရေး၊ ဒီမိုကရေစီအရေး ရပ်တည်ချက်များဖြင့် ယုံကြည်ချက်ကို အလံမလှဲသည့် နိုင်ငံရေးအားမာန်ဆောင်းပါးများ ပါဝင်သည်။ ထိုစာအုပ်ကို ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) မှ ထုတ်ဝေခဲ့ ခြင်းဖြစ်ပြီး အေအေပီပီမှ ဖြန့်ချိ ခဲ့သည်။

## အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ၏ အခန်းကဏ္ဍ




၂၀၁၀ ခုနှစ်၊ မတ်လတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ထုတ်ဝေခဲ့သော ထိုစာအုပ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၌ နိုင်ငံရေးအကျဉ်းသားများ ပါဝင်မှု အရေးကြီးပုံကို ထင်ရှားစွာ ထုတ်ဖော်ထားသည်။ ထို့ပြင် နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်တွင် နိုင်ငံရေးအကျဉ်းသားများ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မှုကို ရှင်းပြထားသည်။ ၎င်းပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အစိုးရ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် အခြားပါဝင်သူများကြား ဆက်လက်လုပ်ဆောင်မည့် တွေ့ဆုံဆွေးနွေးမှုများ၏ အရေးကြီးမှုကိုလည်း အလေးပေးဖော်ပြထားသည်။ သို့ဖြစ်၍ ထိုစာအုပ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လမ်းပြမြေပုံတစ်ခုအဖြစ်ရှိပြီး ထိုလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားများ၏ အရေးပါမှုကိုလည်း ဖော်ပြထားသည်။




## ကန္တာရမိုင်တိုင်များ – ၁၀နှစ်ပြည့်မှတ်တမ်း

၂၀၁၀ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အေအေပီပီ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကန္တာရမိုင်တိုင်များ ၁၀ နှစ်ပြည့်မှတ်တမ်း အစီရင်ခံစာအုပ်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ အေအေပီပီ၏ ၁၀ နှစ်တာ လှုပ်ရှားမှုသမိုင်းကို အစီရင်ခံတင်ပြထားသည်။




## အမှောင်လှိုင်းထဲက သူရဲကောင်းတို့တိုင်းပြည်

၂၀၁၁ ခုနှစ် မတ်လ အေအေပီပီထူထောင်ခြင်း ၁၁ နှစ်မြောက်နေ့တွင် လွတ်လပ်သောအာရှအသံ(RFA) မြန်မာပိုင်း အစီအစဉ်တွင် အပတ်စဉ် တင်ဆက်ထုတ်လွှင့်ခဲ့သည့် ဆရာမ နှင်းပန်းအိမ်၏ "အမှောင်လှိုင်းထဲက သူရဲကောင်းတို့တိုင်းပြည်" ရေဒီယိုအသံလွှင့် ဆောင်းပါးများပေါင်းချုပ်ကို လွတ်လပ်သော အာရှအသံ၏ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်ထုတ်ဝေဖြန့်ချိ ခဲ့သည်။ ထိုဆောင်းပါးများသည် နိုင်ငံရေးအကျဉ်းသားများ၏ အတွင်း အပြင် ဘဝရုပ်ပုံများအား အသေးစိတ် ပုံဖော်ခြယ်မှုန်းထားခြင်းဖြစ် သည်။

## ညှဉ်းပန်းနှိပ်စက်မှု၊ နိုင်ငံရေးအကျဉ်းသားများ နှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်း

၂၀၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ အတွင်းရှိ အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှုများ ကျင့်သုံးလျက်ရှိသည်ကို ဖော်ပြထားပြီး ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများအား စနစ်တကျ ကျယ်ပြန့်စွာ မည်ကဲ့သို့ အသုံးပြုသည်ကို ဖော်ပြထားသည်။ ထို့ပြင် ထိုနည်းစနစ်များ အသုံးပြုခြင်းသည် လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများဖြစ်သည်ကို ဖော်ပြထားသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



အပိုင်း (၂)

# မြန်မာနိုင်ငံအတွင်းလှုပ်ရှားဆောင်ရွက်ခြင်း

## ၂၀၁၂ – ၂၀၂၀

၂၀၁၂ ခုနှစ်မှစ၍ သမ္မတ ဦးသိန်းစိန်အစိုးရသည် မြန်မာပြည်တွင်း အပြုသဘောဆောင်သော ပြောင်းလဲမှုတချို့ကို ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မြန်မာအစိုးရသည် ကိုမင်းကိုနိုင်၊ ဦးခွန်ထွန်းဦးနှင့် အရှင်ဂမ္ဘီရတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၆၅၀ ဦးကို လွှတ်ပေးခဲ့သည်။ ထိုနေ့မတိုင်မီ ဇန်နဝါရီလ ၅ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုအား အတည်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် မဲဆန္ဒနယ် ၄၄ နေရာ ဝင်ရောက်ယှဉ်ပြိုင်ရာ ၄၃ နေရာတွင် အနိုင်ရရှိခဲ့သည်။ ထိုပြောင်းလဲမှုများသည် အေအေပီပီ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်ရန်အတွက် အခြေခံကောင်းများဖြစ်ခဲ့သည်။

သမ္မတဦးသိန်းစိန်သည် ၂၀၁၃ ခုနှစ်အကုန်တွင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမည်ဟု ကတိပေးခဲ့သော်လည်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဆက်လက်ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်မှုများ ရှိနေဆဲဖြစ်သည်။ တချိန်တည်းတွင် နိုင်ငံရေးအကျဉ်းသားများ အပါအဝင် အကျဉ်းသားများကို လွှတ်ပေးခဲ့ပြီး တိုးတက်မှုများ ပြုလုပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်း၏ သမ္မတသက်တမ်းတွင် ကနဦးမျှော်လင့်ချက်နှင့် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ ထားရှိသော်လည်း ကတိပြုထားသလောက် ပြုပြင်ပြောင်းလဲမှုမျိုးကိုတော့ မတွေ့ရပေ။၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းနှင့် ရွေးကောက်ပွဲများ ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အာဏာရရှိလာခြင်းနှင့်အတူ နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀၀ ကျော်သည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်ခြင်းခံခဲ့ရသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများအတွက် လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်မှု ကျဆင်းလာသည်ကို တွေ့မြင်ရသည်။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် လစဉ်နီးပါး နိုင်ငံရေးအကျဉ်းသားအရေအတွက် တိုးလာခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်း ဒီမိုကရေစီကူးပြောင်းရေးဆီသို့ ဦးတည်နေသည့် အဓိကကျသည့် ခြေလှမ်းများ ရှိနေသော်လည်း များစွာသောလုပ်ငန်းစဉ်များကို ပြီးမြောက်စေရန် ဆက်လက်လုပ်ဆောင်ကြရဦးမည်ဖြစ်ပြီး အေအေပီပီသည် အရေးကြီးသော အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေဦးမည်ဖြစ်သည်။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ




# ပြည်တွင်းသို့ ပြန်လည်ရွှေ့ပြောင်းရန် ဆုံးဖြတ်ခြင်း

၂၀၁၀ ကျော်ကာလအတွင်း အေအေပီပီတွင် အဓိကပြောင်းလဲမှုနှစ်ခုရှိခဲ့သည်။ မြန်မာပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းနှင့် ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များကို နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုများနှင့်အညီ ပြင်ဆင်ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် သမ္မတဦးသိန်းစိန်အစိုးရသည် နယ်စပ်ဒေသတွင် အခြေပြု၍ ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ဦးဆောင်သူအတော်များများကို အမည်မည်းစာရင်းမှ ပယ်ဖျက်ပြီး မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက် လှုပ်ရှားဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ထိုအထဲတွင် အေအေပီပီလည်း အပါအဝင်ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် အေအေပီပီ အတွင်းရေးမှူး ဦးတိတ်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်တို့သည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်ဝင်ရောက်ခဲ့သည်။ ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် စာနယ်ဇင်း၊ မီဒီယာများနှင့် အင်တာဗျူးများစွာ ပြုလုပ်ခဲ့ပြီး လတ်တလောလုပ်ငန်းစဉ် အနေဖြင့် ကျန်ရှိနိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားအဖြစ် အသိအမှတ်ပြုနိုင်ရေး၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ပြန်လည်ထူထောင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွတ်မြောက်ပြီး နိုင်/ကျဉ်းဟောင်းများအား လွတ်မြောက်သည့်နေ့မှစ၍ နိုင်ငံသားတယောက်၏ ရပိုင်ခွင့်များအား ပြန်လည်ရရှိစေရန်နှင့် နိုင်/ကျဉ်းဟောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်သူအားလုံးနှင့် ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်။

အေအေပီပီ ၁၃နှစ် ၂၀ပြည့် အေအေပီပီ

# စိန်ခေါ်မှုများ

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြည်သူ့လွှတ်တော်၌ ရွေးကောက်ပွဲဝင်ခဲ့ခြင်းတို့နှင့်အတူ သမ္မတဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အာရုံစိုက်မှုများရှိလာခဲ့သည်။ မြန်မာပြည်၌ စတင်၍ ပြောင်းလဲမှုများ ရှိလာခဲ့ပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရွေးကောက်ခံအစိုးရနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လိုစိတ်ရှိလာကြပြီး နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းနှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများသည်လည်း ပြည်တွင်းတွင် အခြေစိုက်လှုပ်ရှားရန် စိုင်းပြင်းလာကြသည်။ အေအေပီပီသည်လည်း လူ့အခွင့်အရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်ဆက်နွယ်သော ပြုပြင်ပြောင်းလဲမှုတွင် အနီးကပ်ပါဝင်နိုင်ရန်အတွက် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရန် ခက်ခဲသော ဆုံးဖြတ်ချက်ကိုချခဲ့သည်။

၂၀၁၂ ခုနှစ်တွင် အေအေပီပီ၏ မြန်မာပြည်တွင်းရှိ ပထမဦးဆုံးရုံးကို ရန်ကုန်မြို့ရှိ တာမွေမြို့နယ်တွင် ဖွင့်လှစ်ထားသော ၁၄၁+ အဖွဲ့၏ ကူညီမှုဖြင့် ၎င်းတို့၏ရုံးတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုမှတဆင့် ကျောက်မြောင်း၊ သဃ်န်းကျွန်းတို့တွင် ပြောင်းရွှေ့ဖွင့်လှစ်ကာ ၂၀၁၇ ခုနှစ်တွင် မြောက်ဒဂုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ အေအေပီပီသည် နယ်စပ်ဒေသတွင် အချိန်ကာလ ကြာမြင့်စွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြသဖြင့် ပြည်တွင်းသို့ တဖန်ပြန်လည် အခြေချလှုပ်ရှားရာတွင် စိန်ခေါ်မှု ကြီးမားစွာ ဖြတ်သန်းခဲ့ရသည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ယုံကြည်မှုရရန် အချိန်ယူတည်ဆောက်ရခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုမူဆောင်ရွက်ရခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု အသစ်များကို ဖန်တီးရခြင်းနှင့် အဖွဲ့အစည်းရပ်တည်မှု တည်ငြိမ်စေရန် ကြိုးစားဆောင်ရွက်ရခြင်းများ ရင်ဆိုင်ခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း အများစုဖြင့် အေအေပီပီအား လည်ပတ်လျက်ရှိသော်လည်း နိုင်ငံတွင်း ဥပဒေအရ နိုင်ငံရေးအကျဉ်းသားဆိုသည်ကို တရားဝင် အသိအမှတ်ပြုခြင်း မရှိပါ။ လက်ရှိအစိုးရမှလည်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖြစ် အသိအမှတ်ပြု လက်ခံရန် ခက်ခဲနေဆဲဖြစ်ပြီး ထိုအခြင်း အရာသည် အေအေပီပီအတွက် အကျပ်အတည်းကို ဖြစ်ပေါ်စေသည်။ လွှတ်တော်တွင်း နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀၀ ကျော် ရှိသော်လည်း နိုင်ငံရေးအကျဉ်းသားများကို တရားဝင်အသိအမှတ်ပြုခြင်း မရှိသေးပါ။ ထိုအခြင်းအရာသည် ကြီးမားသော ပြဿနာဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း နှောင့်နှေးမှု ဖြစ်စေသည်။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ

# မှုဝါဒများ ပြင်ဆင်သတ်မှတ်ခြင်း

ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ချိန်တွင် ပြည်တွင်း နိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲလာခြင်း၊ မိမိတို့၏ လုပ်ကိုင်နိုင်မှု အခွင့်အလမ်းပေါ်မူတည်၍ ဦးတည်ချက်၊ လုပ်ငန်းစဉ်များကိုလည်း ပြောင်းလဲခဲ့သည်။ အေအေပီပီအနေဖြင့် နိုင်ငံရေးအကျဉ်းသား ကိစ္စရပ်တခုတည်းကို သီးခြားလုပ်ဆောင်ခြင်းသည် လုံလောက်ခြင်းမရှိဟု ဆန်းစစ်မိခြင်းနှင့်အတူ ထိုပြောင်းလဲမှု အခြေအနေတွင် တစုံလုံးသော လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ အေအေပီပီအနေဖြင့် ထုတ်ဖော်ပြောဆိုရန် လိုအပ်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများကို လူမှုအသိုင်းအဝိုင်းတွင်း ပြန်လည်ပါဝင်လာစေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန်အတွက် ကူညီရန်လည်း လိုအပ်ခဲ့သည်။ သို့ဖြစ်ခဲ့၍ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ကုစားမှုများ၊ ပြန်လည်ထူထောင်မှုများ ပြုလုပ်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပြန်လည်ဖမ်းဆီးခံရခြင်းမှ ကာကွယ်မည့် ဥပဒေသများနှင့်ပတ်သက်၍ လုပ်ဆောင်ခြင်းနှင့် အနာဂတ်တွင် နိုင်ငံရေးအကျဉ်းသား မရှိစေရန် ဆောင်ရွက်ခြင်းတို့ အပါအဝင် အေအေပီပီ၏ လုပ်ငန်းစဉ်များကို ချဲ့ထွင်ခဲ့ကြသည်။ ထို့ပြင် ဖိနှိပ်ထားသော ဥပဒေများကို ပြင်ဆင်ဖြည့်စွက်၊ ရုပ်သိမ်းရန်အတွက် တိုက်တွန်း လှုံ့ဆော်မှုများပြုခြင်းနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အသိပညာပေးရေးတို့အတွက် စည်းရုံးမှုများ ပြုခြင်းတို့ကို စတင် ဆောင်ရွက်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

အေအေပီပီ၏ မျှော်မှန်းချက်နှင့် ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

## မျှော်မှန်းချက်

နိုင်ငံရေးအကျဉ်းသား မရှိသော၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ကာကွယ်၊ ထိန်းသိမ်း၊ ဖြည့်ဆည်းပေးသော လွတ်လပ်သည့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းဖြစ်လာစေရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကူညီပေးရန်။

## ဦးတည်ချက်

- နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိလွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် လိုအပ်သော ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ကူညီပေးရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ ပါဝင်ခွင့် ရရှိစေရန်။
- နိုင်ငံရေးလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အပါအဝင် မြန်မာနိုင်ငံသားများအား လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်တားဆီးရန်။
- နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စရပ်များ၊ ယင်းနှင့် ဆက်စပ်ပတ်သက်နေသော ပိုမိုကျယ်ပြန့်သည့် အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများအား ရှာဖွေကူညီခြင်းဖြင့် နိုင်ငံရေးအကျဉ်းသားကိစ္စရပ်နှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချရသော အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ သိရှိစေရေး ဆောင်ရွက်ရန်နှင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များမှတဆင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ပိုမိုသိရှိခံစားလာစေရန်။
- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူဖြစ်စေသည့် အသွင်ကူးပြောင်းရေး ကာလတရားမျှတမှုလုပ်ငန်းစဉ်ကို စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

အေအေပီပီ ၁၃နှစ် ၂၀ပြည့် အေအေပီပီ

## လုပ်ငန်းစဉ်များ

• နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုများအား လူသားချင်း စာနာမှု အကူအညီများနှင့် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပညာများ ကူညီထောက်ပံ့ခြင်း။

• နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မိသားစုဝင်များနှင့် အခြားစိတ်ပိုင်းဆိုင်ရာ ခံစားနေရသူများအား စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ရေး အစီအစဉ်မှ (ကောင်ဆယ်လင်း) စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေး နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အရပ်ဘက် လူထုအခြေပြု အဖွဲ့အစည်းဝင်များအား (ကောင်ဆယ်လင်း) စိတ်ဓာတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ရေး နှစ်သိမ့်ဆွေးနွေးပေးသည့် သင်တန်းပေးခြင်း။

• အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း နှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု သင်တန်းပေးခြင်း။

• နိုင်ငံရေးအကျဉ်းသားများအခြေအနေ၊ အကျဉ်းထောင်အခြေအနေနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်း။

• စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့မှ ရရှိလာသော အချက်အလက်များအပေါ် မူတည်၍ အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်း။

• နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးနှင့် စပ်လျဉ်းသည့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး၊ အင်စတီကျူးရှင်းများ ပြောင်းလဲရေး၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေးနှင့် မူဝါဒပြုပြင်ပြောင်းလဲရေးတို့ကို အရပ်ဘက်လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

• ဖိနှိပ်သော ဥပဒေ ပုဒ်မများကို ဖျက်သိမ်းရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် အစိုးရ၊ လွှတ်တော် နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ် စာတမ်းများကို အစိုးရအနေဖြင့် လက်မှတ်ရေးထိုးလာနိုင်ရန် တိုက်တွန်းခြင်း။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ

# ကူညီထောက်ပံ့မှု

အအေအေပီပီအနေနှင့် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုများအား လူသားချင်းစာနာမှု အကူအညီများနှင့် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပညာများ ကူညီထောက်ပံ့ခြင်းတို့ကို ရရှိသောရန်ပုံငွေများမှ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခဲ့သည်။

အအေအေပီပီ ပြည်တွင်းသို့ ပြန်လည်အခြေချပြီးချိန် **၂၀၁၃ ခုနှစ်မှ ၂၀၁၉ အထိ**

အကျဉ်းထောင်တွင်း ထောင်ဒဏ်ကျခံနေရသော **နိုင်ငံရေးအကျဉ်းသား** ၄၈၈ ဦးနှင့် အချုပ် ၁၁၅ ဦးအား ၁၇၆,၇၁၅,၉၇၅ ကျပ်၊ နိုင်ငံရေးအကျဉ်းသား (ကျန်းမာရေး) ၉၈ ဦးအား ၁၉,၀၁၁,၃၀၀ ကျပ်၊

**နိုင်ငံရေးအကျဉ်းသားဟောင်း** (ကျန်းမာရေး) ၄၅၀ ဦးအား ၁၄၄,၁၇၆,၆၆၅ ကျပ်၊ (ပညာရေး) ၇၀ ဦးအား ၅၀,၉၈၉,၈၄၅ ကျပ်၊ (သက်မွေးအတတ်ပညာ) ၄၅ ဦးအား ၃,၈၅၈,၀၀၀ ကျပ်၊

**နိုင်ငံရေးအကျဉ်းသားမိသားစု** (အခြေခံပညာရေး)၊ ၁၇၆ ဦးအား ၂၂,၆၂၀,၀၀၀ ကျပ်၊(သက်/မွေးပညာရေး) ၁၈ ဦးအား ၅,၄၂၀,၀၀၀ ကျပ်၊

**အကျဉ်းထောင်တွင်း ကျဆုံး** နိုင်ငံရေးအကျဉ်းသား ၁၁၅ ဦးအား ၈၄,၅၀၀,၀၀၀ ကျပ်၊

စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်တွင်း **ညှဉ်းပန်းနှိပ်စက်မှု ပြင်းထန်စွာခံခဲ့ရသူ** ၁၆၇ ယောက်အား ၄၂,၈၇၀,၀၀၀ ကျပ်၊

**၂၀၁၇-၁၉** ခုနှစ်အတွင်း တရားရင်ဆိုင်နေရသူများအတွက် **အကျိုးဆောင်ပေးသော ရှေ့နေ** ၁၉ ဦးအား တရားခွင်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ၃၉,၈၅၀,၀၀၀ ကျပ် အား ကူညီခဲ့ပါသည်။

◆

အအေအေပီပီ ၂၀ နှစ် ပြည့် အအေအေပီပီ

# အသိအမှတ်ပြုခြင်း၊ ပြန်လည်ကုစားရေးနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များ

အေအေပီပီမှ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိချိန်မှစ၍ “ကွန်ရက်အစည်းအဝေးများနှင့် အမှန်တရားကို ထုတ်ဖော်ပြောကြားခြင်း အခမ်းအနား” များကို စတင်ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားများတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် အကျဉ်းထောင်တွင်း ရှင်သန်နေထိုင်မှုဘဝ၊ ၎င်းတို့ခံစားခဲ့ရသော ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားဆက်ဆံခံရမှုတို့အပါအဝင် ၎င်းတို့၏ အတွေ့အကြုံများအကြောင်းကို လူထုတွင်း ဖွင့်ဟပြောဆိုမှုတွင် ပါဝင်ခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများကို ပြောကြားခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့ ပူးတွဲ၍ အကျဉ်းထောင်များအတွင်း ကျဆုံးသွားသော နိုင်ငံရေးအကျဉ်းသားများကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် အခမ်းအနားပြုလုပ်ပေးခြင်းနှင့် ထိုသူတို့၏ အနစ်နာခံမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၎င်းတို့၏မိသားစုများကို အသိအမှတ်ပြု ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ပထမအကြိမ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး၊ ဒုတိယအကြိမ်ကို ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးတွင် တစုံတရာအထောက်အပံ့ပြုနိုင်ရန်အတွက် ၎င်းတို့၏ မိသားစု ၁၁၅ စု အတွက် ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာ

သူရဲကောင်းအာဇာနည်တွေဆိုတာ ခေတ်အဆက်ဆက်မှာရှိခဲ့ကြပါတယ်။ တိုက်ပွဲအဆက်ဆက်၊ အရေးတော်ပုံ အဆက်ဆက်မှာ ပေါ်ပေါက်ခဲ့ကြပါတယ်။ သူရဲကောင်းအာဇာနည်တွေဟာ ပုံစံအမျိုးမျိုးနဲ့ တိုင်းပြည်အတွက်၊ အမျိုးဘာသာသာသနာအတွက် စွန့်လွှတ်စွန့်စားခဲ့ကြ၊ ပေးဆပ်အနစ်နာခံခဲ့ကြပါတယ်။ အဲဒီအထဲမှာမှ အသက်စွန့်ခဲ့ကြသူများဟာ အမြင့်ဆုံးပေးဆပ်ခဲ့ကြတဲ့သူတွေ၊ အဆုံးစွန်ဆုံး စွန့်လွှတ်ခဲ့ကြသူတွေဖြစ်ပါတယ်။

အသက်စွန့်သွားတဲ့ သူရဲကောင်းတွေ၊ အာဇာနည်တွေဆိုတာ သူတို့ယုံကြည်ချက်အတွက် ရဲရဲဝံ့ဝံ့ရပ်တည်ခဲ့ကြ၊ လှုပ်ရှားခဲ့ကြတဲ့သူတွေပါ။ တစ်နည်းအားဖြင့် သူတို့မယုံကြည်တဲ့အရာကို လက်ခံဖို့ အသက်စွန့်ပြီး ငြင်းပယ်ခဲ့ကြတဲ့သူတွေပါ။ အဲဒါကြောင့် သူတို့ကို အကောင်းဆုံးဂုဏ်ပြုဖို့ဆိုရင် သူတို့ ယုံကြည်ချက် တွေကို ဆက်လက်ကိုင်စွဲဖို့၊ သူတို့ မျှော်မှန်းချက်တွေပြည့်ဝအောင် ဆက်ပြီးအကောင်အထည်ဖော်ဖို့၊ သူတို့ ရည်ရွယ်ချက်ပန်းတိုင်ရောက်အောင် တာဝန်သိသိနဲ့ဆက်ပြီးလျှောက်လှမ်းကြဖို့ လိုပါလိမ့်မယ်။

အကျဉ်းထောင်တွေ၊ စစ်ကြောရေးစခန်းတွေကို အသုံးပြုပြီး လူတွေရဲ့ယုံကြည်ချက်တွေကို ရိုက်ချိုးဖို့ ကြိုးစားတာဟာ တိုင်းပြည်ကို အညွန့်ကျိုးစေတာပါပဲ။ တကယ်တမ်းကျတော့ ဒီအကျဉ်းထောင်တွေ၊ စစ်ကြောရေး စခန်းတွေကို ဖြတ်သန်းခဲ့ကြသူတွေရဲ့ စိတ်ဓါတ်တွေ၊ အယူအဆတွေ၊ ယုံကြည်ချက်တွေဟာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးပြီး တိုင်းပြည်ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အခြေခံကောင်းတွေဖြစ်ခဲ့ပါတယ်။ စစ်မှန်တဲ့ အာဇာနည်စိတ်ဓါတ်ဆိုတာ အာဃာတကင်းစင်ပြီး၊ မြင့်မြတ်တဲ့ ပေါင်းစည်းညီညွတ်ရေးကိုသာ လိုလားရပါတယ်။

ကျွန်မတို့တိုင်းပြည်မှာ ဒီလိုယုံကြည်ချက်တွေ လွတ်လပ်စွာဖေါ်ပြနိုင်ပြီး လက်တွေ့လည်းကျင့်သုံးနိုင်တဲ့ ခေတ်၊ အကျည်းတန်ခဲ့တဲ့ အတိတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အကောင်းဆုံးကုစားနိုင်မဲ့ ခေတ်ကို အမြန်ဆုံး ရောက်သင့်ပါပြီ။ ဂုဏ်ပြုပွဲအခမ်းအနားကို ကျွန်မကိုယ်တိုင်မတက်ရောက်နိုင်ပေမဲ့ တတ်နိုင်သမျှ ကျရာ တာဝန်ကို အကောင်းဆုံး ထမ်းရွက်ဖို့ ကြိုးစားပါ့မယ်ဆိုတဲ့ ဂုဏ်ပြုစကားနဲ့ပဲ ဒီသဝဏ်လွှာကို ပေးပို့လိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်မှ လွတ်မြောက်လာစဉ် ၎င်းတို့ဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာရန် ပထမဦးစားပေးအနေနှင့် ဆောင်ရွက်ကြရသည်။ ၎င်းတို့သည် အကျဉ်းထောင်မှ လွတ်လွတ်ချင်း ကျန်းမာရေး စစ်ဆေးခြင်း၊ လိုအပ်သည့် ဆေးဝါးကုသခြင်းတို့ကို ဆောင်ရွက်ကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အေအေပီပီသည် နယ်စပ်ဒေသတွင် အခြေစိုက်စဉ်ကာလကတည်းက အကူအညီလိုအပ်သူများကို လက်လှမ်းမီသရွေ့ ကူညီထောက်ပံ့ခဲ့သည်။ ယခုအချိန်တွင် ကျန်းမာရေးစစ်ဆေးခြင်းကိစ္စများကို မဆောင်ရွက်ပေးနိုင်တော့သော်လည်း ဆေးဝါးကုသရန် လိုအပ်သူများကို တတ်နိုင်သလောက် ကူညီထောက်ပံ့ပေးနေဆဲ ဖြစ်သည်။

ထို့အပြင် အကျဉ်းထောင်တွင်းနှင့် လွတ်မြောက်ကာစ နိုင်ငံရေးအကျဉ်းသားများ၏ သား/သမီးများ အထက်တန်းပညာ ဆက်လက်သင်ကြားနိုင်ရန်အတွက် အကူအညီလိုသူများကို တတ်နိုင်သရွေ့ ကူညီထောက်ပံ့ပေးခဲ့သည်မှာ ၂၀၀၅ ခုနှစ်မှစ၍ ၁၀ စုနှစ် တခုကြာမျှဖြစ်ပြီး၊ ယခုအချိန်ထိ နိုင်ငံရေးအကျဉ်းသားဟောင်းများ မြန်မာနိုင်ငံအတွင်း တက္ကသိုလ်နှင့် ဘွဲ့လွန်တန်းများ တက်ရောက်နိုင်ရန် ကူညီပေးလျက်ရှိသည်။




အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ











နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ပြန်လည်လွတ်မြောက်ပြီးချိန်တွင် ကျန်းမာရေး၊ ပညာရေး ပြတ်တောက်မှုများအပြင် စီးပွားရေးပြတ်တောက်မှုများလည်း ကြုံတွေ့ကြရပါသည်။ စားဝတ်နေရေး အတွက် ခက်ခဲစွာ ပြန်လည်တည်ဆောက်ကြရသူများမှာ အများစုဖြစ်သည်။ ထိုပြဿနာများကို အေအေပီပီ သည် တဖက်တလမ်းမှ ဖြေရှင်းပေးရန် ကြိုးစားလျက်ရှိသည်။ သို့ဖြစ်၍ ပြည်တွင်းပြန်ရောက်ပြီး အချိန် ကာလများတွင် ထိုသူများအတွက် သက်မွေးဝမ်းကျောင်းသင်တန်းများကို စီစဉ်ဆောင်ရွက်မှုများ ပြုလုပ် ပေးခဲ့သည်။

စစ်အစိုးရလက်ထက်ကာလများတွင် ဖမ်းဆီး၊ ထောင်ချခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများသည် ညှဉ်းပန်းနှိပ်စက်မှုများ အနည်းနှင့် အများဆိုသလို ခံကြရသည်။ ထိုသူတို့သည် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များ ကိုယ်စီခံစားလာ ခဲ့ကြရာ ပြန်လည်ကုစားနိုင်ရန်အတွက် မဖြစ်မနေ အကူအညီလိုအပ်သူများရှိနေခဲ့သည်။ မိမိတို့အနေဖြင့် ထိုသို့ အရေးပေါ်လိုအပ်သူများကို နိုင်သမျှ ကူညီပေးလျက်ရှိပါသည်။

◆

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး အစီအစဉ်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းသည် နိုင်ငံရေးအကျဉ်းသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတခုဖြစ်သည့်အတွက် နိုင်ငံရေးအကျဉ်းသားများ ကြုံတွေ့ခဲ့ရသည့် ရက်စက်၍လူမဆန်သော စစ်ကြောရေးအတွေ့အကြုံများ၊ ဆိုးရွားကြမ်းတမ်း၍ ခက်ခဲလှသော အကျဉ်းထောင်တွင်းနေထိုင်မှုတို့နှင့် ပတ်သက်၍ ကိုယ်တိုင်တွေ့ကြုံခဲ့ကြရသူများဖြစ်သည့်အတွက် ထိုသို့တွေ့ကြုံခဲ့ကြရသူများ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို စာနာနားလည်ကြသည်။ အကျဉ်းထောင် အသီးသီးမှ လွတ်မြောက်ခဲ့ကြပြီးနောက်တွင်လည်း စစ်အာဏာရှင်တို့၏ နည်းလမ်းအမျိုးမျိုးဖြင့် နှောင့်ယှက်မှုများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုသည် မိမိတို့ဘဝ ပြန်လည်ထူထောင်ရေး အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးကြရခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်ရာတွင်လည်း အခက်အခဲ၊ အကျပ်အတည်းများ ကြုံတွေ့ကြရခြင်း စသည်တို့ကြောင့် အများစုမှာ အဆင်မပြေမှုများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားများတင်မက ၎င်းတို့၏ မိသားစုဝင် များသည်လည်း လူမှုရေး၊ စီးပွားရေးပြဿနာများ ကြုံတွေ့ခံစားကြရသောကြောင့် သူတို့သည်လည်း စိုးရိမ်ပူပန်ခြင်း၊ မလုံခြုံခြင်းနှင့် စိတ်ဓာတ်ကျမှုတို့ကို ခံစားကြရသည်။

ထို့ကြောင့် အေအေပီပီ၏ လုပ်ငန်းစဉ်များတွင် လွတ်မြောက်လာပြီးသော နိုင်ငံရေး အကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ပြန်လည်ပြုစုပျိုးထောင်ပေးရေးကို အဓိက လုပ်ငန်းစဉ်တခုအဖြစ် ထည့်သွင်းခဲ့သည်။ သို့သော် **စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး** လုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သော ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်း၊ နည်းပညာအားဖြင့် ထောက်ပံ့ကူညီမည့် အဖွဲ့အစည်းတို့ လိုအပ်နေခဲ့သဖြင့် အလျင်အမြန်အကောင်အထည် ဖော်ရန် မဖြစ်နိုင်ခဲ့ပေ။

၂၀၁၀ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ အေအေပီပီရုံးသို့ အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်၏ ဘလွန်းဘတ် လူထုကျန်းမာရေးကျောင်းမှ အသုံးချစိတ်ကျန်းမာရေးသုတေသနအဖွဲ့ (Johns Hopkins University, Bloomberg School of Public Health, Apply Mental Health Research Group) မှ သုတေသီများက ၎င်းတို့ သုတေသနပြုလုပ်ထားသော စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုနည်းလမ်း (Component Based Intervention) ကို ထိုင်း-မြန်မာနယ်စပ်မှ မြန်မာနိုင်ငံသားများကို လာရောက် သုတေသနပြုလုပ်လိုကြောင်း ဆွေးနွေးကမ်းလှမ်းခဲ့သည်။ အထက်ပါ JHU ၏ နည်းပညာအကူအညီများကို ရယူကာ ၂၀၁၀ တွင် **စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာထောက်ပံ့ကူညီရေး** အစီအစဉ်ကို စတင် အကောင် အထည်ဖေါ်ခဲ့သည်။

အေအေပီပီ ဒနှစ် ၂၀ပြည့် အေအေပီပီ




ထိုအစီအစဉ်သည် ကုထုံးများကို အခြေခံပြီး တဦးချင်း နှစ်သိမ့်ဆွေးနွေးပေးသည့် ကောင်ဆယ်လာများအပြင်၊ ကုသရေးပိုင်းဆိုင်ရာ ကြီးကြပ်သူများ၊ သင်တန်းနည်းပြများဖြင့် အဆင့်ဆင့် ဂရုစိုက်ဝန်ဆောင်ပေးရသည့် ဖြစ်စဉ်တခုဖြစ်ပါသည်။ အဓိကအားဖြင့် စိတ်ဒဏ်ရာ၊ စိတ်ဓာတ်ကျမှု၊ စိုးရိမ်ပူပန်မှု၊ အရက်/မူးယစ်ဆေးဝါးနှင့်ဆိုင်သည့် ပြဿနာများအတွက် ကူညီဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ အေအေပီပီမှ အဆိုပါနည်းပညာသင်တန်းကို သင်တန်းကာလ ၂ ပတ်၊ လေ့ကျင့်ကာလ ၂ လနှင့် လူတွေ့ စမ်းသပ်ကာလ ၈ ပတ်နှင့် ၁၂ ပတ်ခန့်ကြာ လေ့ကျင့်ပြီးနောက် စတင်လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၃ မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တိုးချဲ့ခဲ့ပြီးနောက် ယခုအခါ နှစ်သိမ့်ဆွေးနွေးပေးသူ (ကောင်ဆယ်လာ) ၁၇ ဦး၊ ကုသရေးဆိုင်ရာ ကြီးကြပ်သူ ၄ ဦး၊ သင်တန်းဆရာ တဦး၊ အစီအစဉ်တာဝန်ခံ တဦးတို့ဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ၎င်းတို့၏မိသားစုဝင်များ၊ လူကုန်ကူးခံရသူများ၊ စစ်ပြေးဒုက္ခသည်များ၊ ပြည်တွင်းနေရပ်စွန့်ခွာခဲ့ရသူများ၊ HIV ဝေဒနာရှင်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ညှဉ်းပန်းနှိပ်စက်ခံရသူများ၊ အဓမ္မပြုကျင့်ခံရသူများ၊ အိမ်တွင်းအကြမ်းဖက်ခံရသူများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများ စသည်ဖြင့် ယနေ့အထိ လူဦးရေစုစုပေါင်း ၃,၀၀၀ ကျော်ကို ဝန်ဆောင်မှုပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသမီးသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ၄ကျော်အောင်စမ်း လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီး သက်မွေးပညာသင်ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို ဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့အထိဖြစ်သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ




အေအေပီပီ၏ **စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာထောက်ပံ့ကူညီရေး** အစီအစဉ်အား လက်ရှိတွင် လုပ်ငန်းစဉ် ၅ခုဖြင့် ဆက်လက်လုပ်ဆောင်နေပါသည်။

၁။ စိတ်ဒဏ်ရာပြဿနာ၊ စိတ်ဓာတ်ကျမှုပြဿနာနှင့် အရက်နှင့် မူးယစ်ဆေးဝါး အလွဲသုံးမှု ပြဿနာများအတွက် စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း။

၂။ Common Elements Treatment Approach (CETA) ကောင်စယ်လာနှင့် စူပါဗိုက်စာ သင်တန်းများပေးခြင်းနှင့် ကြီးကြပ်မှုပေးခြင်း။

၃။ စိတ်ကျန်းမာရေးဆိုသည်ကို အများပြည်သူ သိရှိသဘောပေါက်၍ အဆိုးမြင်ခြင်း (STIGMA)များ လျော့ကျသွားစေရန် အသိပညာပေးခြင်းနှင့် မိမိ၏ စိတ်ကျန်းမာရေးကို ကိုယ်တိုင် ဂရုစိုက်နိုင်စေရန် သင်တန်းများပေးခြင်း။

၄။ စိတ်ဖိစီးမှုကို ဖြေရှင်းခြင်း၊ အခြေခံ စိတ်ပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းနှင့် မိမိကိုယ်ကို ဂရုစိုက်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ/ သင်တန်းများ ပေးခြင်း။ (ထိုသင်တန်းသည် တိုင်းရင်းသား အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ တွေ့ကြုံရလေ့ရှိသော စိတ်ဒဏ်ရာကူးစက်မှု၊ ခြေကုန်လက်ပမ်းကျမှု၊ စိတ်ဖိစီးမှု၊ လုပ်ငန်းခွင်မှ အထွေထွေအခက်အခဲများ ပြေလည်စေရန်၊ လူတို့၏ နေ့စဉ်ဘဝတွင် သာမက ပျော်ရွှင်ဖွယ် လုပ်ငန်းခွင်ဖြစ်စေရန်အတွက် အရည်အချင်းမြှင့်တင်ပေးရန် ရည်ရွယ်သည်။)

၅။ လူထုအခြေပြု စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများ ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန် အတွက် အစိုးရ၊ လွှတ်တော်၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်တွင်းမှ ပါဝင်ပတ်သက်သူများကို တိုက်တွန်းလှုံ့ဆော်ခြင်း။

အေအေပီပီ ၁၉နှစ် ၂၀ပြည့် အေအေပီပီ

## နှစ်သိမ့်ဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးသော ဒေသများ

၂၀၁၃ မှ ၂၀၂၀ ထိ - ရန်ကုန်၊ မန္တလေးမြို့များရှိ နိုင်/ကျဉ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုလည်း ဆက်လက်၍ စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့သည်။

၂၀၁၄-၂၀၁၅ တွင် အလုပ်အဖွဲ့တခုမှ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကရင်တိုင်းရင်းသား နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုများကို ဘိုကလေးမြို့သို့ သုံးလခန့် သွားရောက်၍ နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့သည်။ ထို့ပြင် ထိုဒေသမှ နိုင်/ကျဉ်းများနှင့် မိသားစုဝင်များအတွက် မှိုစိုက်ပျိုးနည်းသင်တန်းကိုလည်း ကျွမ်းကျင်သူပညာရှင်ကို ခေါ်ယူသင်ကြားပေးနိုင်ခဲ့သည်။

၂၀၁၄ - ၂၀၁၅ ခုနှစ်တွင်ပင် MHAP ၏ မန္တလေးအခြေစိုက် အလုပ်အဖွဲ့သည်လည်း စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့ရှိ နိုင်/ကျဉ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို သွားရောက်၍ နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့သည်။

၂၀၁၇ - ၂၀၂၀ ခုနှစ်များတွင် ရန်ကုန်မြို့ရှိ အမျိုးသမီး သက်မွေးပညာသင်ကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းများတွင် စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးနေပါသည်။

၂၀၁၉ - ၂၀၂၀ မကွေးတိုင်း၊ နတ်မောက်မြို့နှင့် တောင်တွင်းကြီးမြို့များရှိ နိုင်/ကျဉ်းဟောင်းများ၊ HIV ဝေဒနာသည်များကို စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးနေပါသည်။

၂၀၁၉ - ၂၀၂၀ တွင် အလုပ်အဖွဲ့တခုမှ မကွေးတိုင်း ပခုက္ကူ မြို့နယ်သို့ သွားရောက်၍ ထိုဒေသရှိ နိုင်/ကျဉ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုစိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများတွင် စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှု ပြုလုပ်ခြင်း**

| ဌာန / ခုနှစ် | ၂၀၁၇ | | ၂၀၁၈ | | ၂၀၁၉ | | ၂၀၂၀ ဖေဖော်ဝါရီထိ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း | ၄၇ | | ၈၉ | | ၁၃၈ | | ၁၇ | | ၂၉၁ |
| အမျိုးသမီး သက်မွေးပညာသင်ကျောင်း | - | ၂၅ | - | ၄၅ | - | ၁၈ | | ၇ | ၉၅ |
| အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန | - | ၄၆ | - | ၂၄ | - | ၁၃ | | - | ၈၃ |
| မသန်စွမ်း သက်ကြီး သက်မွေးသင်တန်းကျောင်း | - | - | - | - | ၁၅ | ၁၇ | - | - | ၃၂ |
| စုစုပေါင်း | ၄၇ | ၇၁ | ၈၉ | ၆၉ | ၁၅၃ | ၄၈ | ၁၇ | ၇ | ၅၀၁ |

## နှစ်အလိုက် ပြီးမြောက်အောင်မြင်ခဲ့သော စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုများ

| ဒေသ / ခုနှစ် | ၂၀၁၃ | | ၂၀၁၄ | | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၇ | | ၂၀၁၈ | | ၂၀၁၉ | | ၂၀၂၀ ဖေဖော်ဝါရီ ထိ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | က | မ | က | မ | က | မ | က | မ | က | မ | က | မ | က | မ | က | မ | |
| ရန်ကုန် | ၂၄ | ၂၄ | ၁၃၇ | ၁၀၁ | ၁၂၆ | ၁၁၇ | ၁၅၅ | ၁၃၈ | ၁၄၆ | ၂၀၃ | ၈၃ | ၈၇ | ၂၂၀ | ၁၆၇ | ၃၂ | ၁၁ | ၁၇၇၁ |
| မန္တလေး | ၄ | - | ၃၀ | ၁၁ | ၃၆ | ၁၅ | ၃၆ | ၁၅ | ၃၈ | ၁၁ | ၁၀ | - | ၂၃ | ၈ | ၁ | ၄ | ၂၄၂ |
| ဘိုကလေး/ ချောင်းဦး | - | - | - | - | ၄၄ | ၁၃ | - | - | - | - | - | - | - | - | - | - | ၅၇ |
| ပခုက္ကူ | - | - | - | - | - | - | - | - | - | - | - | - | - | - | ၉ | ၈ | ၁၇ |
| နတ်မောက်/ တောင်တွင်းကြီး | - | - | - | - | - | - | - | - | - | - | - | - | ၃ | ၄ | ၈ | ၈ | ၂၃ |
| မဲဆောက်၊ ထိုင်းနိုင်ငံ | ၉၁ | ၈၈ | ၇၁ | ၁၃၂ | ၄၅ | ၃၂ | ၂၇ | ၄၂ | ၈၂ | ၃၂ | ၇၃ | ၄၂ | ၁၀၄ | ၆၀ | ၃ | ၄ | ၉၂၈ |
| | | | | | | | | | | | | | | | | | ၃၀၃၈ |

စိတ်ကျန်းမာရေးနှစ်သိမ့်ဆွေးနွေးမှုပြုလုပ်ခဲ့သော ကလိုင်းယန့်များမှာ နိုင်/ကျဉ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသူများ၊ လူကုန်ကူးခံခဲ့ရသူများ၊ အဓမ္မအကျင့်ခံရသူများ၊ HIV နှင့်နေထိုင်သူများ၊ LGBTIQAs များ၊ လိင်လုပ်သားများ၊ ဒုက္ခသည်များ၊ စစ်ဘေးရှောင် ဒုက္ခသည်များ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ရွှေ့ပြောင်းလုပ်သားများအပါအဝင် အားနည်း၍ ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

### Common Elements Treatment Approach (CETA) သင်တန်းများ သင်ကြားပေးခြင်းနှင့် ကြီးကြပ်မှု ပြုလုပ်ခြင်း

| အဖွဲ့အစည်းအမည် | ခုနှစ် | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|
| နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း | ၂၀၁၄ | ၁၇ | |
| PU-AMI (Mae La Refugee Camp) | ၂၀၁၄ | ၂၆ | |
| PU-AMI (Umpiem and Nupo Refugee Camp) at Umphang | ၂၀၁၅ | ၂၂ | |
| Karen Department of Health and Welfare + Backpack Health Workers Team | ၂၀၁၆ | ၂၂ | |
| နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း | ၂၀၁၆ | ၁၁ | |
| Population Services International (PSI) | ၂၀၁၇ | ၇ | |
| ငြိမ်းဖောင်ဒေးရှင်း၊ Substance Abuse Research Association (SARA) and Kachin Baptist Convention (KBC) at | ၂၀၁၇၊ | ၂၇ | |
| Metta Foundation, Karuna Mission Social Solidarity, Kachin Development | ၂၀၁၈ | ၂၇ | ကြီးကြပ်မှု ဆက်လုပ်ပေးလျက်ရှိ |
| PSI, SARA, KDG, and KBC at Myitkyina | ၂၀၁၉ | ၂၇ | ကြီးကြပ်မှု ဆက်လုပ်ပေးလျက်ရှိ |

၃။ စိတ်ကျန်းမာရေးဆိုသည်ကို အများပြည်သူ သိရှိသဘောပေါက်၍ အဆိုးမြင်ခြင်း (STIGMA) များ လျော့ကျသွားစေရန် အသိပညာပေးခြင်းနှင့် မိမိ၏စိတ်ကျန်းမာရေးကို ကိုယ်တိုင်ဂရုစိုက်နိုင်စေရန် သင်တန်းများပေးခြင်း

၂၀၁၈

| အမှတ်စဉ် | ခုနှစ်၊ လ | ဒေသ | သင်တန်းသားဦးရေ | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | | |
| ၁ | ဧပြီ၊ ၂၀၁၈ | ဒဂုံမြို့သစ် တောင်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး | ၉ | ၁၆ | ၂၅ | |
| ၂ | ဇွန်၊ ၂၀၁၈ | ကျိုက္ကလီ၊ ရခိုင်ပြည်နယ် | ၁၉ | ၁၄ | ၃၃ | |
| ၃ | ဇူလိုင်၊ ၂၀၁၈ | မြစ်ကြီးနား၊ ကချင်ပြည်နယ် | ၁၆ | ၉ | ၂၅ | |
| ၄ | ဩဂုတ်၊ ၂၀၁၈ | ပြည်၊ ပဲခူးတိုင်း | ၁၁ | ၁၆ | ၂၇ | |
| ၅ | ဩဂုတ်၊ ၂၀၁၈ | ပဲခူး၊ ပဲခူးတိုင်း ဒေသကြီး | ၉ | ၁၃ | ၂၂ | |
| ၆ | စက်တင်ဘာ၊ ၂၀၁၈ | ဟုမ္မလင်း၊ စစ်ကိုင်းတိုင်း | ၁၁ | ၉ | ၂၀ | |
| ၇ | စက်တင်ဘာ ၂၀၁၈ | ဟုမ္မလင်း၊ စစ်ကိုင်းတိုင်း | ၁၅ | ၉ | ၂၄ | |
| ၈ | အောက်တိုဘာ ၂၀၁၈ | မိုးကောင်း၊ ကချင်ပြည်နယ် | ၁၅ | ၁၄ | ၂၉ | |
| ၉ | အောက်တိုဘာ ၂၀၁၈ | ဟိုပင်၊ ကချင်ပြည်နယ် | ၁၈ | ၁၂ | ၃၀ | |
| ၁၀ | နိုဝင်ဘာ ၂၀၁၈ | မိုးမောက်၊ ကချင်ပြည်နယ် | ၇ | ၁၈ | ၂၅ | |
| ၁၁ | နိုဝင်ဘာ ၂၀၁၈ | ဟသ်ာတ၊ ဧရာဝတီတိုင်း | ၁၅ | ၁၅ | ၃၀ | |
| ၁၂ | ဒီဇင်ဘာ ၂၀၁၈ | တောင်ကုတ်၊ ရခိုင်ပြည်နယ် | ၁၆ | ၁၂ | ၂၈ | |
| ၁၃ | ဒီဇင်ဘာ ၂၀၁၈ | ကျိုက်ထို၊ မွန်ပြည်နယ် | ၁၆ | ၆ | ၂၂ | |

၂၀၁၉

| အမှတ်စဉ် | ခုနှစ်၊ လ | ဒေသ | သင်တန်းသားဦးရေ | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | | |
| ၁ | ဇန္နဝါရီ၊ ၂၀၁၉ | စစ်တွေ၊ ရခိုင်ပြည်နယ် | ၁၃ | ၉ | ၂၄ | |
| ၂ | မေ၊ ၂၀၁၉ | ကျို င်းတုံ၊ ရှမ်းပြည်နယ် | ၇ | ၁၆ | ၂၃ | |
| ၃ | မေ၊ ၂၀၁၉ | ပုသိမ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၁၇ | ၇ | ၂၄ | |
| ၄ | ဇွန်၊ ၂၀၁၉ | ပြင်ဦးလွင်၊ မန္တလေးတိုင်း ဒေသကြီး | ၉ | ၁၅ | ၂၄ | |
| ၅ | စက်တင်ဘာ၊ ၂၀၁၉ | ကျောက်ပန်းတောင်း၊ မန္တလေးတိုင်း ဒေသကြီး | ၁၂ | ၁၈ | ၃၀ | |
| ၆ | စက်တင်ဘာ၊ ၂၀၁၉ | ညောင်ဦး၊ မန္တလေးတိုင်း ဒေသကြီး | ၉ | ၁၀ | ၁၉ | |
| ၇ | စက်တင်ဘာ၊ ၂၀၁၉ | ညောင်ဦး၊ မန္တလေးတိုင်း ဒေသကြီး | ၉ | ၂၁ | ၃၀ | |
| ၈ | အောက်တိုဘာ၊ ၂၀၁၉ | ဝိမုတ္တိ အမျို းသမီးအဖွဲ့ တောင်ဒဂုံ၊ ရန်ကုန်တိုင်း ဒေသကြီး | ၂၅ | ၂ | ၂၇ | |
| ၉ | အောက်တိုဘာ၊ ၂၀၁၉ | The Wings Institute. ပုစွန်တောင်၊ ရန်ကုန်တိုင်း ဒေသကြီး | ၁၀ | ၁၃ | ၂၃ | |
| ၁၀ | အောက်တိုဘာ၊ ၂၀၁၉ | တအာင်းအမျို းသမီးအဖွဲ့ (TWO)၊ လားရှိုး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁၉ | - | ၁၉ | |
| ၁၁ | နိုဝင်ဘာ၊ ၂၀၁၉ | တောင်သာ၊ မန္တလေးတိုင်း ဒေသကြီး | ၃ | ၂၅ | ၂၈ | |
| ၁၂ | နိုဝင်ဘာ၊ ၂၀၁၉ | မြင်းခြံ၊ မန္တလေးတိုင်း ဒေသကြီး | ၁၆ | ၁၇ | ၃၃ | |

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ

ထိုသင်တန်းများကို တက်ရောက်ခဲ့ကြသူများသည် မိမိတို့၏ လုပ်ငန်းခွင်၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်၊ မိမိတို့၏ လူမှုအသိုင်းအဝိုင်းကြားတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ကျန်းမာရေးပြဿနာများကို နားလည်သဘောပေါက်ပြီး ထိုသူများအပေါ်တွင် အဆိုးမြင်ခြင်း (Stigma) များ လျော့နည်းသွားကြသည်။ ထို့ပြင် မိမိကိုယ်ကို ဂရုစိုက်မှု ပြုလုပ်နည်းများကို စနစ်တကျ နားလည်သွားကြပြီး မိမိ၏ လိုအပ်ချက်များကို သိမြင်လာကာ ပြင်ဆင်မှုများ ပြုလုပ်နိုင်ကြပါသည်။

**၄။ စိတ်ဖိစီးမှုကို ဖြေရှင်းခြင်း၊ အခြေခံ စိတ်ပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းနှင့် မိမိကိုယ်ကို ဂရုစိုက်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ/ သင်တန်းများ ပေးခြင်း။**

| စဉ် | လ/ ခုနှစ် | အဖွဲ့အစည်း/ ဒေသ | သင်တန်းသား အမျိုးအစား | သင်တန်းသား အရေအတွက် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ကျား | မ | |
| ၁ | ဖေဖော်ဝါရီ/ ၂၀၁၈ | တအာင်း အမျိုးသမီးအဖွဲ့၊ လားရှိုး၊ ရှမ်းပြည်နယ်မြောက်ပိုင်း | ရှမ်းပြည်နယ် မြောက်ပိုင်းတခွင်ရှိ တအာင်း အမျိုးသမီးအဖွဲ့ဝင်များ | - | ၂၆ | |
| ၂ | ဇူလိုင်/ ၂၀၁၈ | Sandhi Governance Institute, ရန်ကုန်တိုင်းဒေသကြီး | နယ်ပယ်အသီးသီး၊ ဒေသအသီးသီးမှ နိုင်ငံရေး တက်ကြွ | ၁၂ | ၁၅ | |
| ၃ | ဒီဇင်ဘာ/၂၀၁၈ | Population Services International (PSI) ပြင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့အစည်း၏ စီမံခန့်ခွဲရေး ဘုတ်အဖွဲ့ဝင်များ | ၁၆ | ၂၀ | |
| ၄ | ဖေဖော်ဝါရီ/၂၀၁၉ | ထားဝယ်အမျိုးသမီးသမဂ္ဂ၊ ထားဝယ်၊ တနင်္သာရီတိုင်း | ထားဝယ်အမျိုးသမီးသမဂ္ဂ အဖွဲ့ဝင်များ | ၂ | ၂၀ | |
| ၅ | ဖေဖော်ဝါရီ/၂၀၁၉ | Sandhi Governance Institute, ရန်ကုန်တိုင်းဒေသကြီး | လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် | ၁၆ | ၁၂ | |
| ၆ | မေ/၂၀၁၉ | Sandhi Governance Institute, ရန်ကုန်တိုင်းဒေသကြီး | လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ | ၁၆ | ၁၂ | |
| ၇ | အောက်တိုဘာ/ ၂၀၁၉ | အမျိုးသမီးရှေ့ဆောင်ရပ်ဝန်း၊ ပြင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး | အမျိုးသမီးသင်တန်းသားများ | ၀ | ၂၀ | |
| ၈ | နိုဝင်ဘာ/ ၂၀၁၉ | တအာင်းကျောင်းသားလူငယ်သမဂ္ဂ၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် | အကြီးတန်းမန်နေဂျာများနှင့် ဝန်ထမ်းများ | ၁၀ | ၉ | |

အောအောပီပီ ဘနှစ် ၂၀ ပြည့် အောအောပီပီ

**၅။ လူထုအခြေပြု စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများ ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန်အတွက် အစိုးရ၊ လွှတ်တော်၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်တွင်းမှ ပါဝင်ပတ်သက်သူများကို တိုက်တွန်းလှုံ့ဆော်ခြင်း။**

အေအေပီပီသည် **စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး** အစီအစဉ်ကို အကောင်အထည်ဖော်ရခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ထိုအစီအစဉ်သည် မြန်မာနိုင်ငံတွင် လိုအပ်ချက်ကြီးမားနေခြင်းကြောင့်ဖြစ်သည်။ ထိုသို့ လိုအပ်ချက်ကြီးမားနေသောလုပ်ငန်းကို တပြည်လုံးအတိုင်းအတာဖြင့် လုံလောက်အောင် အကောင်အထည်ဖော်ရန် အေအေပီပီတခုတည်းဖြင့် မဖြစ်နိုင်သလို အစိုးရ၏ မူဝါဒတွင် ထည့်သွင်းရေးဆွဲပြီး ဝိုင်းဝန်းအကောင်အထည်ဖေါ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် အေအေပီပီသည် ဤ**စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး** အစီအစဉ်ကို အထောက်အထား အခြေခံသော စည်းရုံးလှုံ့ဆော်ရေးကိရိယာအဖြစ် အသုံးပြု၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နေဆဲဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ကမ္ဘာ့စိတ်ကျန်းမာရေးနေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း၏ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ်မှ “မြန်မာနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ပိုင်းဆိုင်ရာနာမကျန်းဖြစ်မှုကို ကုသပေးခြင်းနှင့် ပြည့်စုံသော စိတ်ကျန်းမာရေးမူဝါဒများ လိုအပ်မှု” အစီရင်ခံစာကို ထုတ်ဝေခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဦးစီးဌာနမှ အကြီးအကဲများနှင့် တွေ့ဆုံ၍လည်းကောင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေးနှင့် အားကစားကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင်လည်းကောင်း၊ စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးသည့် လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ တိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။

ထို့ပြင် စိတ်ကျန်းမာရေးဆိုင်ရာ တိကျသောမူဝါဒများ ပေါ်ပေါက်ရေးနှင့် ထိုမူဝါဒများထဲတွင် စိတ်ကျန်းမာရေးဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပညာပေးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် အမျိုးသားအဆင့် မူဝါဒများပါဝင်ရေး၊ ခေတ်မီသောစိတ်ကျန်းမာရေးဥပဒေတရပ် ပေါ်ပေါက်ရေးနှင့် ထိုဥပဒေတွင် နှစ်သိမ့်ဆွေးနွေးပညာပေးရေးလုပ်ငန်းများအတွက် ဥပဒေတရပ်ပြဋ္ဌာန်းပေးရေးတို့ကိုလည်း စည်းရုံးလှုံ့ဆော် ခဲ့ပါသည်။

၂၀၁၉၊ ဇွန်လတွင် နေပြည်တော်၌ ပြုလုပ်သော အမျိုးသားအဆင့် စိတ်ကျန်းမာရေးမူဝါဒများ ပြန်လည်သုံးသပ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရခဲ့ပြီး ထိုစိတ်ကျန်းမာရေးမူဝါဒများထဲတွင် နှစ်သိမ့်ဆွေးနွေးပညာပေးသည့်လုပ်ငန်းများအတွက် အမျိုးသားအဆင့်မူဝါဒများ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးအကြံပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် မူကြမ်းတွင် စိတ်ကျန်းမာရေး နှစ်သိမ့်ဆွေးနွေးရေးနှင့် သက်ဆိုင်သည့် နည်းပညာများ မဟာဗျူဟာချမှတ်ရေးအဖွဲ့(Establish mental health technical strategic group (TSG) under Myanmar Health Sector Coordinating Committee) ကို ဖွဲ့စည်းမည့် လုပ်ငန်းစဉ်ချမှတ်ခြင်း၊ လုပ်ဆောင်ချက်များတွင်လည်း စိတ်ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ စိတ်ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများ ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်ရန် အစီအစဉ်များ ပါဝင်လာခဲ့ပါသည်။

အေအေပီပီ ဘနှစ် ၂၀ပြည့် အေအေပီပီ

အချုပ်အားဖြင့် အေအေပီပီ၏ စိတ်ခံစားပြန်လည်မြှင့်တင်ပေးရေးအစီအစဉ်သည် အသွင်ကူး ပြောင်းရေးကာလ တရားမျှတမှုရှာဖွေရေး၏ တစိတ်တပိုင်းဖြစ်သော ပြန်လည်ကုစားရေးလုပ်ငန်းများတွင် နိုင်/ကျဉ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ကျူးလွန်ခံရသူများအတွက် လိုအပ်ချက်တခု ဖြစ်သည့်အပြင် အားနည်း၍ထိခိုက်လွယ်သူများ၊ ဖယ်ကြဉ်ခံထားရသူများ၊ စစ်ဘေးရှောင်ပြည်သူများ၊ အကျဉ်းသားများအတွက်လည်း ကြီးမားသော လိုအပ်ချက်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် လိုအပ်နေသော ဖြစ်လေ့ဖြစ်ထရှိသည့် စိတ်ကျန်းမာရေးပြဿနာများကို ကုသပေးရေးဟူသည့် အလွန် ကြီးမားသော ကွက်လပ်တစ်ခုကိုလည်း မိမိတို့ စွမ်းဆောင်နိုင်သမျှ ဖြည့်စည်းပေးနေသည့် အစီအစဉ် တစ်ခုဖြစ်ပေသည်။

◆

# လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေရေးသင်တန်းများ အသိပညာပေးဆွေးနွေးပွဲများ

၂၀၁၃ ခုနှစ်မှစ၍ အေအေပီပီသည် လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံမှုများ၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို စတင်ပို့ချခဲ့ပြီး ယနေ့အချိန်ထိ ထိုသင်တန်းများကို မြန်မာပြည်အနှံ့ ပို့ချပေးလျက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးပါတီများ၊ ဒေသဆိုင်ရာလွှတ်တော်များမှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး နယ်ပယ်ရှိ လှုပ်ရှားဆောင်ရွက်နေသူများကို ပို့ချပေးခြင်းဖြစ်သည်။ သင်တန်းကာလသည် ၁၂ ရက် ကြာမြင့်ပြီး အခြေခံလူ့အခွင့်အရေးသဘောတရား၊ လူ့အခွင့်အရေးသမိုင်းကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအဓိပ္ပါယ်၊ နိုင်ငံတကာစာချုပ်စာတမ်းများ၊ ခွဲခြားဆက်ဆံမှုများ၊ လူ့အခွင့် အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုရှာဖွေခြင်းစသည့် အကြောင်းအရာများအား ပို့ချပေးသည်။ ၂၀၁၃ ခုနှစ်မှ ယနေ့အချိန်ထိ သင်တန်းပေါင်း (၁၀၆) ကြိမ် ပြုလုပ်ပေးခဲ့ပြီး သင်တန်းသား/သူ (၂၆၈၀) ဦး တက်ရောက်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ








အခြေခံလူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို အစိုးရအထက်တန်းကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပြုလုပ်ပေးလျက်ရှိသည်။ ငယ်ရွယ်စဉ်အချိ န်အခါမှ စတင်ကာ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အသိပညာပေးမှု မြှင့်တင်ရန် ရည်ရွယ်၍ ထိုဆွေးနွေးပွဲများကို ပြုလုပ်ခြင်းဖြစ်သည်။ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ် အတွင်းရှိ တက္ကသိုလ်/ကောလိပ် (၃၂) ခုတွင် ပြုလုပ်ပေးခဲ့ပြီး ၁၃,၂၉၃ ဦး တက်ရောက်ခဲ့သည်။ ပြည်နယ်နှင့်တိုင်း ၆ ခုတွင် အစိုးရအထက်တန်းကျောင်း (၄၆၆) ကျောင်းတွင် ပြုလုပ်ပေးခဲ့ပြီး ၁၇၃,၈၇၃ ဦး တက်ရောက်ခဲ့သည်။ ကိုယ်ပိုင်အထက်တန်းကျောင်း (၁၅) ကျောင်းတွင်လည်း ပြုလုပ်ပေးခဲ့ပြီး ၂,၁၀၄ ဦး တက်ရောက်ခဲ့သည်။

ထို့အပြင် ကျေးရွာများတွင်လည်း ထိုဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိသည်။ ကျေးရွာပေါင်း (၈၅)ရွာတွင် ပြုလုပ်ပေးခဲ့ပြီး ၈၇၈၄ ဦး တက်ရောက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် ၂၈ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို လူ့အခွင့်အရေးနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုခေါင်းစဉ်ဖြင့် တစ်ရက်တာဆွေးနွေးမှုများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းကာ ပြုလုပ်ပေးခဲ့သည်။

အေအာပီပီ နှစ် ၂၀ ပြည့် အေအာပီပီ

## ဆွေးနွေးပွဲများကျင်းပရခြင်း ရည်ရွယ်ချက်များ

*နိုင်ငံသားတိုင်း လူ့အခွင့်အရေးအခြေခံအချက်များ သိရှိနားလည်ရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ရန်*

*လူ့အခွင့်အရေးအခြေခံအချက်များကို နားလည်သိရှိပြီး အခြားသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာနိုင်ရန်*

*လူ့အခွင့်အရေးကို လေးစားပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်ကာ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်*

*လူအချင်းချင်း ခွဲခြားဆက်ဆံမှုများ မပြုလုပ်စေရန်နှင့် အမုန်းစကားများ မပြောစေရန်*

*မူးယစ်ဆေးဝါးဆိုးကျိုးနှင့်ပတ်သက်၍ သိရှိနားလည်စေရန် တို့ဖြစ်ပါသည်။*

## ဆွေးနွေးသည့် အကြောင်းအရာများ

*လူ့အခွင့်အရေးအယူအဆသမိုင်းကြောင်း*

*အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံ*

*အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အချက် (၃၀)*

*အခွင့်အရေးနှင့် တာဝန်ယူမှု တာဝန်ခံမှု*

*လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် တိုင်တန်းမှုယန္တရား*

*ခွဲခြားဆက်ဆံမှုများ လျှော့နည်းပပျောက်စေမှု*

*အကြမ်းဖက်မှုများ ရပ်တန့်ရန်*

*သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားကာကွယ်စောင့်ရှောက်နိုင်ရန်*

*စစ်ပွဲဆိုင်ရာစည်းမျဉ်းများ (Geneva Convention)*

*မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်း*

*စည်းကမ်းလိုက်နာမှု*

*ဘဝရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် အရှုံးမပေးဘဲ ဇွဲလုံ့လရှိရှိဖြင့် ကြိုးစားနိုင်ရန် စသည်တို့အတွက် ပါဝါပွိုင့်များ၊ ဇာတ်လမ်းတိုများ ပြသ၍ ဆွေးနွေးပါသည်။*

ဘောဘောပီပီ ဘနှစ် ၂၀ ပြည့် ဘောဘောပီပီ

## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ

| စဉ် | နေရာ | ဆွေးနွေးပွဲအရေအတွက် | သင်တန်းသားဦးရေ |
|---|---|---|---|
| ၁ | တက္ကသိုလ်/ကောလိပ် | ၃၂ | ၁၃၂၉၃ |
| ၂ | အခြေခံပညာအထက်တန်းကျောင်း | ၄၆၆ | ၁၇၃၈၇၃ |
| ၃ | ကိုယ်ပိုင်အထက်တန်းကျောင်း | ၁၅ | ၂၁၀၄ |
| ၄ | ကျေးရွာများ | ၈၅ | ၈၇၈၄ |
| ၅ | ရပ်/ကျေးအုပ်ချုပ်ရေးမှူး | ၂၈ | ၂၁၇၆ |
|  | စုစုပေါင်း | ၆၂၆ | ၂၀၀၂၃၀ |

## လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေရေး သင်တန်း

| စဉ် | ပြည်နယ်/တိုင်း | သင်တန်းအရေအတွက် | သင်တန်းသားဦးရေ |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၄ | ၃၉၇ |
| ၂ | ကယားပြည်နယ် | ၂ | ၅၀ |
| ၃ | ကရင်ပြည်နယ် | ၃ | ၈၄ |
| ၄ | ချင်းပြည်နယ် | ၂ | ၄၁ |
| ၅ | မွန်ပြည်နယ် | ၁၁ | ၂၄၇ |
| ၆ | ရခိုင်ပြည်နယ် | ၄ | ၉၃ |
| ၇ | ရှမ်းပြည်နယ်-အရှေ့ပိုင်း | ၅ | ၁၁၂ |
| ၈ | ရှမ်းပြည်နယ်-တောင်ပိုင်း | ၈ | ၁၉၁ |
| ၉ | ရှမ်းပြည်နယ်-မြောက်ပိုင်း | ၇ | ၁၉၃ |
| ၁၀ | ရန်ကုန်တိုင်း | ၆ | ၁၃၁ |
| ၁၁ | မန္တလေးတိုင်း | ၉ | ၂၁၅ |
| ၁၂ | ပဲခူးတိုင်း | ၁၀ | ၂၂၆ |
| ၁၃ | မကွေးတိုင်း | ၈ | ၁၉၇ |
| ၁၄ | စစ်ကိုင်းတိုင်း | ၈ | ၁၉၂ |
| ၁၅ | ဧရာဝတီတိုင်း | ၇ | ၂၀၆ |
| ၁၆ | တနင်္သာရီတိုင်း | ၃ | ၈၃ |
|  | စုစုပေါင်း | ၁၀၆ | ၂၆၈၅ |

အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ






# ရန်ကုန်လူ့အခွင့်အရေးလမ်းကြား

ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်းကြား(အောက်လမ်း) တွင် နောက်ဖေးလမ်းကြားဥယျာဉ် ဖွင့်ပွဲကို ၂၀၂၀ ခုနှစ် မတ်လ ၈ ရက်နေ့၌ ပြုလုပ်ခဲ့သည်။ အဆိုပါလမ်းကြားတွင် အေအေပီပီမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (၃၀)၊ လူ့အခွင့်အရေးဆိုသည်မှာ၊ လူ့အခွင့်အရေးအခြေခံမူ (၄) ချက် စသည်တို့ကို ကာတွန်းပိုစတာများ ရေးဆွဲ ခင်းကျင်းပြသ၍ ပံ့ပိုးပါဝင်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



## ကမ္ဘာ့အမျိုးသမီးများနေ့ တီဗွီဇာတ်လမ်း

"မကျောကြွေးနှင့် ပန်းပွင့်များအတွက်အန္တရာယ်" ဇာတ်လမ်းကို မတ်လ ၈ ရက်နေ့၊ ကမ္ဘာ့အမျိုးသမီးများနေ့ အထိမ်းအမှတ်အတွက် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ N(LD) နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) တို့မှ ပူးပေါင်းရိုက်ကူးတင်ဆက်ထားပါသည်။

ကျေးလက်ဒေသ၊ ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်ကြသည့် ပြည်သူလူထုအများစုမှာ အလုပ်အကိုင်ရှားပါးမှုပြဿနာ၊ ကုန်ဈေးနှုန်းကြီးမားမှုပြဿနာ၏ အကျိုးဆက်ဖြင့် ကြွေးတင်နေကြသည်။ ကြွေးသံသရာလည်နေကြသည်။ ထိုကြွေးသံသရာသည် မျိုးဆက်သစ်လူငယ်များအထိ ပတ်သက်လာသည့်အခါ "ကြွေး" ကျေအောင်ဆပ်ဖို့အတွက် မှားယွင်းစွာဆုံးဖြတ်ခဲ့သည့် အမျိုးသမီးငယ်လေး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေတည်ပြီး ရိုက်ကူးထားခြင်း ဖြစ်ပါသည်။

မိဘများ အထူးသဖြင့် မိခင်အမျိုးသမီးများ အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် မကျောကြွေးများနှင့် ကင်းဝေးစေရန် ရည်ရွယ်တင်ဆက်ထားခြင်းဖြစ်သည်။ မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အမျိုးသမီးများနေ့တွင်MRTV, DVB နှင့် Mizzima TV Channels များမှ ထုတ်လွှင့်ပြသခဲ့သည်။

# ဦးတည်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ




## စောင့်ကြည့်မှတ်တမ်းတင်ခြင်း

အေအေပီပီတွင် မှတ်တမ်းဌာနကို သီးသန့်ထားရှိ၍ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့် မှတ်တမ်းများ၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများအား ခြိမ်းခြောက်မှု၊ မတရားဖမ်းဆီးမှုတို့နှင့် သက်ဆိုင်သည့် အမှုဖြစ်စဉ်များ စသည်တို့ကို စနစ်တကျ မှတ်တမ်းပြုစုသည့်အပြင် နိုင်ငံရေးအကျဉ်းသားစာရင်းအားလည်း နေ့စဉ် သို့မဟုတ် အပတ်စဉ် ပြုစုတင်ပြလျက်ရှိပါသည်။ စစ်ကြောရေးနှင့် အကျဉ်းထောင်များအတွင်း ကျဆုံး သွားသော နိုင်ငံရေးအကျဉ်းသားများအားလည်း လက်လှမ်းမီသမျှ စာရင်းပြုစုထားပြီး၊ ကျဆုံး နိုင်ငံရေး အကျဉ်းသားများဂုဏ်ပြုပွဲအတွက် ထိုအချက်အလက်များက များစွာအထောက်အပံ့ ဖြစ်စေ ခဲ့ပါသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့ ပူးတွဲ၍ ခေတ်အဆက်ဆက် နိုင်ငံရေးအကျဉ်းသားများ၏ စာရင်းအား ကောက်ယူပြီး၊ စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းခြင်းအား စတင်လုပ်ဆောင်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း (၃,၅၀၀) ကျော်၏ အချက်အလက်များအား မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အတူ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)နှင့် ပြန်လည်ကုစားပေးလျော်ရေး အလုပ်အဖွဲ့တို့တွင် ကွန်ရက်၏ အားကောင်းသော အဖွဲ့ဝင် အနေဖြင့် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖေါက်မှုများအပေါ် အချက်အလက်ကောက်ယူခြင်း၊ စနစ်တကျ မှတ်တမ်းတင်ခြင်းနှင့် ပြန်လည်ကုစားပေးလျော်ရေးဆိုင်ရာ မူဝါဒများ ပြုစုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းစဉ်များတွင်လည်း မှတ်တမ်းဌာနမှ အားကောင်းစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



ချက်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ရှိနေသည့် Burma Centre Prague နှင့် Post Bellum အဖွဲ့တို့နှင့် ပူးပေါင်း၍ ညှဉ်းပန်းနှိပ်စက်ခံ နစ်နာသူများ၏ သက်သေခံထွက်ဆိုချက်များအား အထောက်အထားအခြေပြု ရုပ်သံမှတ်တမ်းတင်ခြင်း ပြုလုပ်ထားပြီး၊ ချက်ပြည်သူ့သမ္မတနိုင်ငံရှိ Memory of Nations အင်တာနက်စာမျက်နှာနှင့် ၎င်း web server တွင် စနစ်တကျ မှတ်တမ်းပြု သိမ်းဆည်းထားခဲ့ပါသည်။

ထိုသို့ ပြုစုထားသော မှတ်တမ်းများအား အခြေခံ၍ အေအေပီပီ၏ တစ်လအတွင်း သုံးသပ်ချက်၊ လစဉ် အစီရင်ခံစာ၊ နိုင်ငံရေးအကျဉ်းသားစာရင်း ထုတ်ပြန်ချက် စသည်တို့အား လစဉ် ထုတ်ပြန်နေသကဲ့သို့ အေအေပီပီ၏ အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်သော အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်အပေါ် ကန့်သတ်ထားသော ဥပဒေများ ပြင်ဆင်ရေး၊ တရားဥပဒေစိုးမိုးရေး စသည်တို့ ပါဝင်သည့် မြန်မာနိုင်ငံ၏ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် စည်းရုံးလှုံ့ဆော် ပညာပေးရေး လုပ်ငန်းစဉ်အတွက် အချက်အလက်များ ပံ့ပိုးပေးနေပြီး၊ အစီရင်ခံစာများ၊ သုတေသနစာတမ်းများ၊ ဥပဒေဆိုင်ရာ သုံးသပ်ချက်များ ပြုစုရာတွင်လည်း အချက်အလက် ဘဏ်တိုက်တစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နေပါသည်။

ယခုအခါ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း၏ (Database)ဒေတာဘေ့စ်အား ထူထောင်ပြီး အချက်အလက်ရှာဖွေသူများ၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်နေသူများအတွက် နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့် အချက်အလက်များ လွယ်ကူမြန်ဆန်စွာ ရှာဖွေနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

# ပြခန်းနှင့် သံတမန်များအား လက်ခံတွေ့ဆုံခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကျရောက်သော အေအေပီပီ၏ ၁၈ နှစ်မြောက် နှစ်ပတ်လည်နေ့၌ အဆင်မြှင့်တင်၍ Memory of the past ဟု အမည်ပေးထားသည့် ပြခန်းတခုကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အေအေပီပီရုံး၌ ထပ်မံဖွင့်လှစ်ခဲ့သည်။

ထိုပြခန်း ဖွင့်လှစ်ပြီးသည့်နောက် နိုင်ငံတကာမှ လေ့လာသူများ၊ ပြည်တွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားများ ပိုမိုလာရောက် လေ့လာကြည့်ရှုမှုများလာခဲ့သည်။

အေအေပီပီသည် နိုင်ငံတကာမှ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ သုတေသီများ၊ ကျွမ်းကျင်ပညာရှင်များ၊ လွှတ်တော်အမတ်များ ပြခန်းသို့ လာရောက်လည်ပတ် ကြည့်ရှုပြီး အေအေပီပီနှင့် ပုံမှန်အစည်းအဝေးများလည်း ပြုလုပ်ခဲ့သည်။ ပြခန်းကို လာရောက်လည်ပတ်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသူများအနက်မှ တချို့ကို အောက်တွင် ကောက်နှုတ်ဖော်ပြထားသည်။

- ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး
- အမေရိကန်သံအမတ်ကြီး
- ဗြိတိန်သံအမတ်ကြီး
- ပြင်သစ်သံအမတ်ကြီး
- ဂျာမန်သံအမတ်ကြီး
- ချက်သံအမတ်ကြီး
- နော်ဝေသံအမတ်ကြီး
- ဥရောပသမဂ္ဂ သံအမတ်ကြီး
- ဆွီဒင်နိုင်ငံ မြန်မာနိုင်ငံသံရုံးတာဝန်ခံ စသည်တို့

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Jeremy Hunt သည် မြန်မာနိုင်ငံသို့ လည်ပတ်ခဲ့သည့် နှစ်ရက်တာ ခရီးစဉ်အတွင်း အေအေပီပီရုံးနှင့် ပြခန်းသို့ လာရောက်လည်ပတ်ခဲ့ပြီး အေအေပီပီတာဝန်ရှိသူများနှင့် နိုင်ငံရေးအကျဉ်းသားအရေး၊ လူ့အခွင့်အရေးနှင့် လက်ရှိနိုင်ငံရေး အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤသို့လာရောက်မှုသည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံအတွင်း လည်ပတ်သည့် တစ်ခုတည်းသော အရပ်ဘက်အဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့သည်။ အင်္ဂလန်ပါလီမန်သို့ ပြန်လည်ရောက်ရှိသောအခါ ၎င်းသည် မြန်မာအစိုးရအား နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စရပ်ကို ကိုင်တွယ်ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။

အေအေပီပီမှ ရန်ကုန်နှင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့များတွင် ပြခန်းနှစ်ခုကို ဆက်လက်ဖွင့်လှစ်ထားပြီး အေအေပီပီ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် လက်ရှိနိုင်ငံရေးအခြေအနေများကို ပိုမိုသိရှိ လေ့လာလိုပါက အေအေပီပီအား ဆက်သွယ်၍ လာရောက်လည်ပတ် လေ့လာနိုင်ပါသည်။

အေအေပီပီ ၁၂နှစ် ၂၀ ပြည့် အေအေပီပီ
















အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ




MEMORY OF THE PAST


Killing Field For The Prisoners
Life in Prison
Learning Behind Bars
Life Behind The Bars
Tortures In Prisons And Interrogation Centers
Black September
Political Prisoners and Their Families
96 - 98


Black September
Political Prisoners and Their Families


THE ROAD WE WALKED


Prisons In Burma
Killing Field For The Prisoners
Life In Prison
Products Made In
Learning Behind Bars
Life Behind The Bars


2015 Students Movement
Current Political Prisoners
MAP OF PRISONS IN BURMA
Prisons In Burma


Products Made

## လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ

၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အေအေပီပီ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိပြီးသည့်နောက် တလအကြာ သမ္မတဦးသိန်းစိန်အစိုးရမှ လက်ကျန်နိုင်ငံရေးအကျဉ်းသားအရေးနှင့်ပတ်သက်၍ စိစစ်လွှတ်ပေးနိုင်ရန် ကော်မတီတခု ဖွဲ့စည်းရာတွင် အေအေပီပီအား ထိုကော်မတီတွင် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ (CSRPP)ကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၉ ဦးသည် အစိုးရဘက်မှ ကိုယ်စားလှယ်များ ဖြစ်ကြပြီး အေအေပီပီအပါအဝင် ၁၀ ဦးသည် အရပ်ဘက်အဖွဲ့အစည်းများမှ ဖြစ်ကြသည်။ ထိုကော်မတီ၌ ပါဝင်ခြင်းသည် အေအေပီပီအနေဖြင့် အစိုးရနှင့် ပထမဆုံး လက်တွဲလုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားဆိုသည်ကို နှစ်များစွာကြာ ငြင်းပယ်ခြင်းခံခဲ့ရသော အဖွဲ့အစည်းအတွက် ကြီးမားသောအောင်မြင်မှုတခုလည်းဖြစ်သည်။

ထိုအခြင်းအရာသည် အစိုးရမှ အေအေပီပီ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားများဆိုသည်ကို လျစ်လျူရှု၍ မရနိုင်ကြောင်း သက်သေပြခဲ့သည်။ ထိုကော်မတီမှ နိုင်ငံရေးအကျဉ်းသားများကို စိစစ်ခြင်းများပြုလုပ်ကာ သမ္မတထံသို့ လွှတ်ပေးရန်အတွက် ထောက်ခံ တိုက်တွန်းခဲ့သည်။ ထိုကော်မတီ၏ ထောက်ခံမှုဖြင့် နိုင်ငံရေးအကျဉ်းသား ၄၆၀ ကျော် လွတ်မြောက်ခဲ့သည်။

သို့သော်လည်း ၂၀၁၅ ခုနှစ်အတွင်းတွင် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ (CSRPP) ကို ဖျက်သိမ်းခဲ့သည်။ ထိုနှစ်အတွင်းတွင် အစိုးရမှ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသောအကျဉ်းသားများရေးရာ ကော်မတီကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပြီး အေအေပီပီအား ဆက်လက်ပါဝင်ရန် ဖိတ်ခေါ်ခြင်း မပြုခဲ့ပါ။ ထိုသို့လုပ်ဆောင်ခြင်းသည် စိစစ်မှုများကို စနစ်တကျနှင့် မှန်ကန်စွာစိစစ်ပေးမည့် အရပ်ဘက်အဖွဲ့အစည်းများအား အစိုးရမှ ရည်ရွယ်ချက်ရှိရှိ တားဆီးခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့သည်လည်း သမ္မတ ဦးသိန်းစိန်အစိုးရနှင့်အတူ ကွယ်ပျောက်သွားခဲ့သည်။

◆

## နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်

၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက် သတ်မှတ်နိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာရှိ ဥပဒေရေးရာနှင့် အကျဉ်းထောင်အရေး ကျွမ်းကျင်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများနှင့် ပဏာမဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

FIDH၊ International Center for Transitional Justice၊ ICRC တို့အပါအဝင် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့်ဆွေးနွေးအကြံပြုချက်များ ရယူခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ရန် အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့တို့မှ ကမကထပြု၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံရေးအကျဉ်းသားအရေး ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဥပဒေကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး ထိုအလုပ်ရုံဆွေးနွေးပွဲမှ နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်တခုကို ယာယီအားဖြင့် ဖွင့်ဆိုသတ်မှတ်နိုင်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ




*“မည်သူမဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားအားလုံး ပါဝင်သည့် နိုင်ငံသားအခွင့်အရေးတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်းတို့ကြောင့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများ အားလုံးကိုလည်းကောင်း၊*

*ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ဥပဒေတရပ်ရပ်အရဖြစ်စေ၊ ဖွဲ့စည်းပေါ်ပေါက်လာသော မဏ္ဍိုင် (၃) ရပ်နှင့် လုပ်ငန်းအဖွဲ့များ သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်လုပ်ငန်းအဖွဲ့များ၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်များအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် တဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ၊ ကန့်ကွက်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ မကျေနပ်ကြောင်း၊ ကန့်ကွက်ကြောင်းကို အခြားပုံသဏ္ဌာန် တခုခုဖြင့် လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း ဆက်စပ်ပတ်သက်ခြင်း စသည်တို့ကြောင့် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများ အားလုံးကိုလည်းကောင်း နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်သည်။”*

သို့သော်လည်း ယနေ့အချိန်အထိ အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားတည်ရှိမှုကို အသိအမှတ်ပြုမှု မရသေးပါ။

◆

အေအေပီပီ နှစ် ၂၀ ပြည့် အေအေပီပီ

# အေအေပီပီနှင့် လွတ်ငြိမ်းသက်သာခွင့်များ

၂၀၁၀ လွှတ်တော်ပေါ်ပေါက်လာပြီးနောက်ပိုင်းကာလများတွင် သမ္မတလွတ်ငြိမ်းသက်သာခွင့်များ ပေးသည့်အခါ အေအေပီပီမှ ကောက်ယူ ပြုစုထားသော နိုင်ငံရေးအကျဉ်းသားစာရင်းသည် အရေးပါသည့် ကိုးကားရာ အရင်းအမြစ်တခု ဖြစ်ခဲ့သည်။

အေအေပီပီသည် ပုံမှန်အားဖြင့် မိမိတို့ ပြုစုထားသော နိုင်ငံရေးအကျဉ်းသားစာရင်းကို သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံ ပို့ပေးလျက်ရှိသည်။ အထူးသဖြင့် သမ္မတ၏လွတ်ငြိမ်း သက်သာခွင့် ပေးကာနီးအချိ န်များတွင် အေအေအေပီပီ၏ ပြုစုထားသောစာရင်းများကို တဆင့်ခံ တောင်းခံလေ့ရှိပြီး ထိုစာရင်းအပေါ်အခြေခံ၍ လွှတ်ပေးလေ့ရှိသည်။

နဝတ၊ နအဖခေတ်တွင် လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့် စကားလုံးများသုံးကာ ၁၄ ကြိမ် ကြေညာခဲ့သည်။ ထိုကြေညာချက်များအရ လွတ်မြောက်လာသည့် အကျဉ်းသားပေါင်း (၁၁၇,၈၃၆) ဦး ရှိပြီး ၎င်းတို့ထဲတွင် နိုင်ငံရေးအကျဉ်းသား (၅၈၉) ဦးသာ ပါဝင်ခဲ့သည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် လွတ်ငြိမ်းသက်သာခွင့် (၁၇)ကြိမ်ပေးခဲ့ပြီး ထိုအထဲတွင် နိုင်ငံရေး အကျဉ်းသား (၁,၁၄၈) ဦးအပါအဝင် အကျဉ်းသား/သူ စုစုပေါင်း (၂၆,၄၆၁) ဦး လွတ်မြောက်ခဲ့သည်။

သမ္မတဦးသိန်းစိန် အာဏာလွှဲပြောင်းပေးချိ န်တွင် အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၂၇ ဦးသာ ကျန်ရှိခဲ့ကြောင်းသိရသည်။

အန်အယ်ဒီအစိုးရလက်ထက်တွင် လွတ်ငြိမ်းသက်သာခွင့် (၇) ကြိမ်ပေးခဲ့ပြီး ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား (၃၄၈) ဦးအပါအဝင် အကျဉ်းသား/သူ စုစုပေါင်း (၃၁,၉၂၈) ဦး လွတ်မြောက်ခဲ့သည်။ ယခုအစီရင်ခံစာ ရေးသားနေချိ န်၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၆၄၂ ဦးရှိသည်။ ထိုအထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၇၄ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၃၉ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင် နေရကာ ၄၂၉ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။

အေအေပီပီ ဘနှစ် ၂၀ ပြည့် အေအေပီပီ

# ဦးသိန်းစိန်အစိုးရလက်ထက် အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးခြင်း

| စဉ် | နေ့စွဲ | အကျဉ်းသားစုစုပေါင်း အရေအတွက် | နိုင်ငံရေးအကျဉ်း သား | အခြားအကျဉ်းသား |
|---|---|---|---|---|
| ၁ | ၁၆/၅/၂၀၁၁ | ၁၄,၆၀၀ | ၇၃ | ၁၄,၅၂၇ |
| ၂ | ၁၂/၁၀/၂၀၁၁ | ၆,၃၅၉ | ၂၄၇ | ၆,၁၁၂ |
| ၃ | ၄/၁/၂၀၁၂ | ၆၅၁ | ၃၄ | ၆၁၇ |
| ၄ | ၁၃/၁/၂၀၁၂ | ၃၃၆ | ၃၀၂ | ၃၄ |
| ၅ | ၃/၇/၂၀၁၂ | ၄၆ | ၂၅ | ၂၁ |
| ၆ | ၁၇/၉/၂၀၁၂ | ၅၁၄ | ၈၈ | ၄၂၆ |
| ၇ | ၁၅/၁၁/၂၀၁၂ | ၄၅၂ | ၀ | ၄၅၂ |
| ၈ | ၁၉/၁၁/၂၀၁၂ | ၆၆ | ၅၁ | ၁၅ |
| ၉ | ၂၃/၄/၂၀၁၃ | ၉၃ | ၆၉ | ၂၄ |
| ၁၀ | ၁၇/၅/၂၀၁၃ | ၂၃ | ၂၁ | ၂ |
| ၁၁ | ၂၃/၇/၂၀၁၃ | ၇၃ | ၆၈ | ၅ |
| ၁၂ | ၈/၁၀/၂၀၁၃ | ၅၆ | ၅၆ | ၀ |
| ၁၃ | ၁၅/၁၁/၂၀၁၃ | ၆၉ | ၆၆ | ၃ |
| ၁၄ | ၁၁/၁၂/၂၀၁၃ | ၄၄ | ၄၁ | ၃ |
| ၁၅ | ၃၁/၁၂/၂၀၁၃ | ၅ | ၅ | |
| ၁၆ | ၇/၁၀/၂၀၁၄ | ၃,၀၇၃ | ၁ | ၃,၀၇၂ |
| ၁၇ | ၁၉/၁/၂၀၁၅ | ၁ | ၁ | |
| | စုစုပေါင်း | ၂၆,၄၆၁ | ၁,၁၄၈ | ၂၅,၃၁၃ |

# NLD အစိုးရလက်ထက် အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးခြင်း

| စဉ် | နေ့စွဲ | အကျဉ်းသားစုစုပေါင်း | နိုင်ငံရေးအကျဉ်းသား | အခြားအကျဉ်းသား |
|---|---|---|---|---|
| ၁ | ၈/၄/၂၀၁၆ | ၁၁၅ | ၁၁၅ | ၀ |
| ၂ | ၁၇/၄/၂၀၁၆ | ၈၃ | ၈၃ | ၀ |
| ၃ | ၂၄/၅/၂၀၁၇ | ၁၈၆ | ၈၉ | ၉၇ |
| ၄ | ၁၇/၄/၂၀၁၈ | ၈,၅၄၁ | ၃၆ | ၈,၅၀၅ |
| ၅ | ၁၇/၄/၂၀၁၉ | ၉,၅၃၅ | ၂ | ၉,၅၃၃ |
| ၆ | ၂၆/၄/၂၀၁၉ | ၆,၉၄၈ | ၃ | ၆,၉၄၅ |
| ၇ | ၇/၅/၂၀၁၉ | ၆,၅၂၀ | ၂၀ | ၆,၅၀၀ |
| | စုစုပေါင်း | ၃၁,၉၂၈ | ၃၄၈ | ၃၁,၅၈၀ |

အောင်ပါ အနှစ် ၂၀ ပြည့် အောင်ပါ

# အေအေပီပီနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

အေအေပီပီသည် မြန်မာနိုင်ငံ နိုင်ငံတော်အဆင့် တခုတည်းသော လူ့အခွင့်အရေးကော်မရှင်ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပုံမှန်ထိတွေ့မှုများ ရှိခဲ့သည်။ အကျဉ်းထောင်တွင်း အကျဉ်းသားအခွင့်အရေးချိုးဖောက်မှုများကို အေအေပီပီမှ ကြားခံ၍ လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားပေးခြင်းများ၊ ပြည်နယ်၊ တိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အကြိမ်ကြိမ် ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။

၂၀၁၈ ခုနှစ် မတ်လ ၈၊ ၉ ရက်များတွင် အေအေပီပီနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးတွဲ၍ အကျဉ်းထာင်ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲ တခု ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ICRC မှ Mr Shane Clive Bryan မှ အကျဉ်းထောင်နှင့်ပတ်သက်သည့် ကုလသမဂ္ဂ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၉ ဦး တက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲမှ ရရှိသည့်အချက်များကို ကော်မရှင်မှ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံခဲ့သည်။




အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



ထို့အတူ **၂၀၁၉** ခုနှစ် မတ်လတွင် အေအေပီပီနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်(MNHRC)တို့ ပူးပေါင်း၍ “လူ့အခွင့်အရေးနှင့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး အလားအလာ” အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(MNHRC) အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့မှ ကိုယ်စားလှယ်များ၊ အေအေပီပီ တာဝန်ရှိသူများ၊ အကျဉ်းဦးစီးဌာနမှ အငြိမ်းစားအရာရှိများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့သည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် ကော်မရှင်မှ ဒုဥက္ကဋ္ဌ ဦးစစ်မြိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အေအေပီပီသို့ လာရောက်လည်ပတ်ပြီး အေအေပီပီ တာဝန်ရှိသူများနှင့် လူ့အခွင့်အရေး မြှင့်တင် ကာကွယ်မှု များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အေအေပီပီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(MNHRC) ဥပဒေကို ပြန်လည် ပြင်ဆင်ရန်လည်း အဖွဲ့အနေနှင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း တိုက်တွန်းမှုများလည်း ပြုလုပ်ခဲ့သည်။

# အေအေပီပီနှင့် လွှတ်တော်




၂၀၁၅ ခုနှစ်၊ မေလတွင် အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့တို့မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်အား ဥပဒေအရ တရားဝင်ဖြစ်မြောက်လာစေရေးအတွက် နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲ တခု ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး တက်ရောက်ခဲ့သည်။

အမျိုးသားလွှတ်တော်သို့ ပြည်ထဲရေးဝန်ကြီးဌာနမှ တင်သွင်းလာသည့် အကျဉ်းထောင်ဥပဒေမူကြမ်းအား ဦးသိမ်းဆွေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) မှ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးနိုင်ရန် အေအေပီပီမှ လိုအပ်သည့် အချက်အလက်များ ပြင်ဆင်ပေးခဲ့သည်။

ငြိမ်းစုစီ ဥပဒေကြမ်း ပြင်ဆင်နိုင်ရေးအတွက် အေအေပီပီမှ ၂၀၁၆ ခုနှစ်၊ မေလတွင် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့်လည်းကောင်း၊ ဩဂုတ်လတွင် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့်လည်းကောင်း သွားရောက်ဆွေးနွေးခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန်လတွင် ပြည်သူ့လွှတ်တော်၌ နိုင်ငံရေးအကျဉ်းသားကိစ္စနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မေးခွန်းများ မေးမြန်းခဲ့သည်။ ထို မေးခွန်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် ထောက်အထားများကို ပံ့ပိုးပေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အေအေပီပီမှ အကျဉ်းထောင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတခုကို အမျိုးသားလွှတ်တော်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် အကျဉ်းထောင်ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မေလတွင် အကျဉ်းထောင်များဥပဒေမူကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ သွားရောက်ဆွေးနွေးခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ပဲခူးတိုင်းလွှတ်တော်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကော်မတီဥက္ကဋ္ဌတို့နှင့် ပဲခူးမြို့တွင် တည်ဆောက်မည့် ဒီမိုကရေစီမော်ကွန်း အထိမ်းအမှတ်ကျောက်တိုင်ကိစ္စ ဆွေးနွေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၈၊ ၉ ရက် နေပြည်တော်တွင် အေအေပီပီနှင့် မြန်မာနိုင်ငံလူ့အခွင့် အရေးကော်မရှင်တို့ ပူးတွဲ၍ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ရှေ့နေချုပ်ရုံး၊ တရားသူကြီးချုပ်ရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အလုပ်သမားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များနှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားလွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားကော်မတီ၊ ဥက္ကဋ္ဌနှင့် စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ရေးကိစ္စရပ်များအတွက် ဆွေးနွေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ ဖိတ်ကြား ချက်အရ အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး၊ အကျဉ်းထောင်ဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စ များအား ဆွေးနွေးခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ အိုင်စီအာစီမှ တာဝန်ရှိသူများလည်း တက်ရောက်ဆွေးနွေးခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ တို့နှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေး ခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုလွှတ်တော်၌ ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အလုပ်အဖွဲ့မှ "ဥပေက္ခာမပြုကောင်းသောဘဝများ" အစီရင်ခံစာ စာအုပ်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး ခဲ့ရာတွင် အေအေပီပီမှ ပူးပေါင်းပါဝင် ဆွေးနွေးခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

၂၀၁၉ ခုနှစ်၊ မတ်လ (၉/၁၀) တွင် အေအေပီပီနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးတွဲ၍ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအလားအလာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC)၊ အကျဉ်းဦးစီးဌာနမှ အငြိမ်းစားအရာရှိများ၊ ကူးစက်ရောဂါ ပြန့်ပွားနိုင်သည့် အုပ်စုများ တက်ရောက်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့် အကျဉ်းသားဦးရေလျှော့ချနိုင်ရေးအတွက် ဆွေးနွေးပွဲကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ အေအေပီပီအပါအဝင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကျဉ်းဦးစီးဌာန၊ အိုင်စီအာစီတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ဆွေးနွေးခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့၊ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကော်မတီတို့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပြုပြင်ပြောင်းလဲရေးကိစ္စများ ဆွေးနွေးခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်၌ အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးတွင် ထိခိုက်ခံစားလွယ်သောအုပ်စုများနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ KP Organization မှကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေးကော်မတီ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးကော်မတီတို့တွင် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာအလုပ်အဖွဲ့ (RWG) နှင့် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာမူဝါဒအတွက် တွေ့ဆုံဆွေးနွေးရာတွင် အေအေပီပီမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့နှင့် HRV Coalition Group အနေဖြင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အေအေပီပီမှ ပါဝင်ဆွေးနွေးခဲ့သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင် ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့ (RWG) နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပါသည်။ ထိုအလုပ်အဖွဲ့တွင် အေအေပီပီလည်း အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

အေအေပီပီအနေဖြင့် နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက် ဖွင့်ဆိုနိုင်ရန်အတွက် လွှတ်တော်တွင် မေးခွန်းမေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ မေးခွန်းများ မေးမြန်းနိုင်ခဲ့သည်။

အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး၊ အကျဉ်းထောင်ဥပဒေပြုပြင်ပြောင်းလဲရေး၊ အကျဉ်းသားဦးရေလျှော့ချရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်ရှိ သက်ဆိုင်ရာရေးရာကော်မတီများနှင့် ၅ ကြိမ်ဆွေးနွေးနိုင်ခဲ့သည်။

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

ပြည်ထဲရေးဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော်သို့ တင်သွင်းလာသည့် အကျဉ်းထောင်များဥပဒေ မူကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များမှ ပြန်လည်ဆွေးနွေးရာတွင် အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့တို့ ပူးပေါင်းပြင်ဆင်ထားသည့် အကျဉ်းထောင်ဥပဒေမူကြမ်းသည် များစွာအထောက်အကူပြုခဲ့သည်။

လွှတ်တော်မှအတည်ပြုခဲ့သော ငြိမ်းစုစီဥပဒေတွင် အေအေပီပီ၏ အကြံပြုချက် များစွာပါဝင်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေးနှင့် ကော်မရှင်ဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်ထောင်စုလွှတ်တော်ရှိ သက်ဆိုင်ရာကော်မတီများနှင့် နှစ်ကြိမ်ဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံတကာစာချုပ်စာတမ်းများ (ICCPR, UNCAT) လက်မှတ်ရေးထိုးနိုင်ရေးအတွက် လွှတ်တော်ရေးရာကော်မတီများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာအလုပ်အဖွဲ့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာမူဝါဒနှင့် ဥပဒေပေါ်ပေါက်ရေးအတွက် လွှတ်တော်နှင့် သုံးကြိမ်ဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကိုလည်း တက်ရောက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် ဒီမိုကရေစီအထိမ်းအမှတ်ကျောက်တိုင် တည်ဆောက်ရေးတွင်လည်း ပူးပေါင်းပါဝင်ခဲ့သည်။

◆

# အစီရင်ခံစာများ

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် အေအေပီပီနှင့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (BP) မှ ထိုအစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပူးတွဲထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေကြရသော အခက်အခဲများကို ရှင်းလင်းတင်ပြရန် ရည်ရွယ်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ရန်အတွက် ၎င်းတို့အား တွေ့ဆုံမေးမြန်းခြင်း၊ အစီရင်ခံစာများနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို အခြေခံ၍ သုတေသနပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ ထိုအစီရင်ခံစာကို ရေးသားခဲ့ခြင်းဖြစ်သည်။



## လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်

**(မှတ်တမ်းကောက်ယူရေးလုပ်ငန်းစဉ် ကြားဖြတ်အစီရင်ခံစာ)**

မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၇,၀၀၀မှ ၁၀,၀၀၀ ကြားတွင်ရှိပြီး ၎င်းတို့သည် ထောက်ပံ့ကူညီမှု အနည်းငယ်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်း အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ဆံ့နိုင်မှု အနည်းငယ်သာရှိခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ (FPPS) နှင့် ပူးတွဲထုတ်ဝေခဲ့သော အစီရင်ခံစာတွင် နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ဖော်ပြထားသည်။ အစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လိုအပ်ချက်များကို အကဲဖြတ်ရန် ရည်ရွယ်သည်။ သို့မှသာ အဖွဲ့အစည်းများနှင့် အစိုးရများသည် ထိုကွာဟချက်ကို ဖြည့်ဆည်းရန် ၎င်းတို့ မည်သည့် အခန်းကဏ္ဍမှ ပါဝင်ရမည်ကို သိရှိနားလည်မည်ဖြစ်သည်။

ထိုအစီရင်ခံစာတွင် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်၊ အကျဉ်းချခြင်း၊ ထောင်များနှင့် အချုပ်ထောင်များတွင် မတရားဆက်ဆံမှုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ဆံ့နိုင်ရန် ခက်ခဲမှု အပါအဝင် နိုင်ငံရေးအကျဉ်းသားများ ၎င်းတို့၏ ဘဝတလျှောက်တွင် ရင်ဆိုင်ကြရသော အမျိုးမျိုးသော ချိုးဖောက်ခံရမှုများကို ဖော်ပြထားသည်။ ထို့ပြင် ထိုအစီရင်ခံစာတွင် နိုင်ငံရေးအကျဉ်းသားများ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထောက်ပံ့ကူညီမှု၊ ပညာရေး၊ ငွေရေးကြေးရေးနှင့် လူမှုရေးတို့တွင် ထောက်ပံ့ကူညီမှုများ လိုအပ်သည်ကို အလေးပေး ဖော်ပြထားသည်။



## လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေအနေ အကဲဖြတ်အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ ဧပြီလတွင် PEN Myanmar နှင့် မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း အပါအဝင် အေအေပီပီနှင့် အခြားသော အဖွဲ့အစည်း ၁၄ ဖွဲ့သည် ထိုအကဲဖြတ်အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ အဖွဲ့အစည်းများမှ မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) လက်ထက်တွင် နယ်ပယ်ခြောက်ခုဖြစ်သော မီဒီယာလွတ်လပ်မှုနှင့် အမှီအခိုကင်းမှု၊ လွတ်လပ်စွာ စုဝေးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်၊ သတင်းအချက်အလက် အခွင့်အရေး၊ လုံခြုံမှုနှင့် လုံခြုံရေးတို့၌ သုံးသပ်ထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အစိုးရလက်ထက်တွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်သည် တိုးတက်မှုမရှိကြောင်းလည်း ထိုအစီရင်ခံစာ၌ ဖော်ပြထားသည်။

## မြန်မာနိုင်ငံ၏အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ

ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အခြေအနေများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားစေရန် မည်ကဲ့သို့ ဖန်တီးပေးပုံနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးသည် ထိုချိုးဖောက်မှုများကို လျော့နည်းသွားစေရန် မည်ကဲ့သို့ ကူညီပေးမည်ကို အလေးပေးဖော်ပြထားသည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ၏ ဖြစ်နိုင်ခြေကို အကဲဖြတ်ထားခြင်းကို ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် အရေးကြီးသော ပြဿနာများနှင့် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန်အတွက် အဆိုပြုထားသော အကြံပြုချက်များအပြင် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအတွက် အကြံပြုချက်များကိုလည်း အလေးပေးဖော်ပြထားသည်။





## နိုင်ငံရေးလှုပ်ရှားမှုများနှင့် ၎င်းတို့ပါဝင်ဆောင်ရွက်ခဲ့မှုများ အမျိုးသမီးနိုင်ငံရေး အကျဉ်းသူများ၏ အကျဉ်းကျခံရစဉ်က တွေ့ကြုံခံစားခဲ့ရမှုများ

၂၀၁၈ ခုနှစ်၊ မတ်လတွင် ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့၌ ထိုစာတမ်းကို ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ထိုစာတမ်းတွင် ကျား၊ မ ကွဲပြားမှုသည် နိုင်ငံရေးအကျဉ်းသား အတွေ့အကြုံများ အပေါ် မည်သို့မည်မျှ လွှမ်းမိုးထားသည်ကို ဖော်ပြထားသည်။ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်း/ အလွဲသုံးစားပြုခြင်း၊ ခုခံနိုင်မှုအားနည်းခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းကဲ့သို့သော အကြောင်းအရာများကိုလည်း ဆန်းစစ်ဖော်ပြထားသည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများပေါ် ထားရှိသောအမြင်ကို အဖွဲ့အစည်းအခြေပြု၍ ချဉ်းကပ်ခြင်းအားဖြင့် အမျိုးသမီးများ အကျဉ်းမကျမီ၊ အကျဉ်းကျနေချိန်အတောအတွင်းနှင့် အကျဉ်းထောင်မှ လွတ်မြောက်ပြီးနောက် မြန်မာနိုင်ငံတွင်း ပြောင်းလဲရေးကို ဖန်တီး၊ စည်းရုံး၊ လှုံ့ဆော်ရန် မည်သို့မည်ပုံ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ကို အလေးပေးဖော်ပြထားသည်။

## အကျဉ်းထောင်တွင်းလူဦးရေ လျှော့ချနိုင်ရေး အရေးတကြီးလုပ်ဆောင်ရန် လိုအပ်သည့် အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး နည်းလမ်းများ

ထိုအစီရင်ခံစာကို ၂၀၁၉ ခုနှစ်တွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း လူဦးရေပြည့်သိပ်နေခြင်းကို အသေးစိတ် ဖော်ပြထားပြီး ထိုအခြင်းအရာသည် အကျဉ်းသားများအပေါ် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်စေသည်ကို ဖော်ပြ ထားသည်။ အေအေပီပီမှ အကျဉ်းထောင်တွင်း လူဦးရေပြည့်သိပ်နေခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု ပုံစံ တစ်မျိုးဖြစ်သည်ဟု ထုတ်ဖော်ထားသည်။ ထိုအစီရင်ခံစာတွင် အကျဉ်းထောင်တွင်း လူဦးရေပြည့်သိပ် နေခြင်းကို လျှော့ကျစေရန်အတွက် အကြံပြုချက်များကို ဖော်ပြထားသည့်အပြင် များစွာသော နိုင်ငံတကာ လေ့လာမှုများအပါအဝင် အလားအလာရှိသော ဖြေရှင်းမှု ဥပမာများကိုလည်း ဖော်ပြထားသည်။








## မြန်မာပြည် အာဏာရှင်တို့လက်ထက် စနစ်တကျ နှိပ်စက်ညှဉ်းပန်းမှုများကို အသုံးပြုပုံနှင့် နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများ

၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ညှဉ်းပန်းနှိပ်စက်မှု ပုံစံအမျိုးမျိုးကို ဖော်ပြထားပြီး မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှု၏ သဘောသဘာဝကို အသေးစိတ် ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်းများ၊ နိုင်ငံရေးအတိုက်အခံများကို ဖိနှိပ်ရန် ညှဉ်းပန်းနှိပ်စက်မှုကို လက်နက်သဖွယ် မည်ကဲ့သို့ အသုံးပြုပုံနှင့် နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ခဲ့ရသော အမျိုးမျိုးသော အတွေ့အကြုံများအကြောင်းကို အသေးစိတ် ဖော်ပြထားသည်။ လွန်ခဲ့သော နှစ်များစွာကတည်းက ထိုညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်ပွားခဲ့ပြီး လူတွေ့မေးမြန်းမှုပြုထားသည့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသူများအားလုံးသည် လွတ်မြောက်ပြီးဖြစ်သော်လည်း အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ယနေ့ထက်ထိတိုင်အောင် ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်။

## မြန်မာနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်မှုကို ကုသပေးခြင်းနှင့် ပြည့်စုံသော စိတ်ကျန်းမာရေးမူဝါဒများ လိုအပ်မှု

ဖြစ်လေ့ဖြစ်ထရှိသော စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်မှုများရှိသော်လည်း ကမ္ဘာ့လူဦးရေအများစုမှာ ထိုကုသမှုများကို ရရှိနိုင်မှု မရှိကြပေ။ မြန်မာနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်မှုများအတွက် ကုသမှုကွာဟချက်သည် ၉၀ ရာခိုင်နှုန်း နီးပါးရှိသည်။ (Than Tun Sein et al. 2014) မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများသည် မူဝါဒရေးဆွဲသူများအတွက် အားကောင်းသောစိတ်ကျန်းမာရေးစနစ်တခုကို ဖန်တီးရန် အခွင့်အလမ်းတရပ် ပွင့်လာခြင်းဖြစ်သည်။ အေအေပီပီသည် စိတ်ကျန်းမာရေးလုပ်ငန်းကို ဦးစားပေးအကောင်အထည်ဖော်နေသည့် အဖွဲ့များထဲမှ တဖွဲ့ဖြစ်ပြီး စိတ်ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်မှုအတွက် အထောက်အကူပေးနေသော အဖွဲ့အစည်းတခု ဖြစ်သည်။ ယခုအစီရင်ခံစာသည် စိတ်ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေအေပီပီ၏ ပထမဆုံးအစီရင်ခံစာဖြစ်သည်။



## နိုင်ငံတကာသဘောတူစာချုပ်များ တရားဝင်အတည်ပြု လက်မှတ်ရေးထိုးခြင်း

ဤအစီရင်ခံစာတွင် နိုင်ငံတကာသဘောတူစာချုပ်များ အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် အစိုးရသစ်အတွက် လူ့အခွင့်အရေးများနှင့် နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံတခု ထူထောင်နိုင်ရန် အခွင့်အလမ်းတရပ်ဖြစ်ပြီး နိုင်ငံတကာသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းလိုသည့် အစိုးရ၏သန္နိဋ္ဌာန်ကို ဖော်ပြရာ ရောက်ပြီး၊ နိုင်ငံတကာနှင့် ပြည်သူတို့၏ ယုံကြည်မှုကို တိုးပွားစေသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတကာစံများကို ပြည်တွင်း၌ အကောင်အထည်ဖော်လိုသည့် အစိုးရ၏ကတိကဝတ်နှင့် တာဝန်ခံလိုသည့် ဆန္ဒသဘောထားများကို ပြသရာရောက်ပြီး လူ့အခွင့်အရေးများအတွက် အလွန်အားတက်ဖွယ်ခြေလှမ်း ဖြစ်ကြောင်း အကြံပြုတိုက်တွန်းထားသည်။




အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ

## အပိုင်း ၃

# ရှေ့ဆက်ရှိဦးမည့်အနာဂတ်

## ရှေ့ဆက်ရဦးမည့် အနာဂတ်

အေအေပီပီကို တည်ထောင်ခြင်းမပြုမီ ကာလအတန်ကြာကတည်းက ခိုင်မာသော အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများသည် ထိုင်း-မြန်မာနယ်စပ်တွင် အခြေစိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ထိုလှုပ်ရှားမှုများကြားတွင် အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားအရေးအတွက် တစိုက်မတ်မတ် ရည်ရွယ်လုပ်ဆောင်သည့် အဖွဲ့အစည်းတခုအဖြစ် ဖြည့်ဆည်းခဲ့သည်။ အေအေပီပီကို လွတ်လပ်၍ အမှီအခို ကင်းသော နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတခုအဖြစ် တည်ထောင်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများဖြင့် စတင်လည်ပတ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားအရေးနှင့်ပတ်သက်၍ ကမ္ဘာမှ အာရုံစိုက်မှုရှိလာစေရန်အတွက် အေအေပီပီကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ထိုရည်ရွယ်ချက်ကိုလည်း ဖြည့်စွမ်းနိုင်ခဲ့သည်။ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းလှုပ်ရှားသူများသည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန်အတွက် အစိုးရအား ဖိအားပေးခဲ့ကြသည်။ သို့သော် နိုင်ငံတကာမှ စောင့်ကြည့်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင်း နိုင်ငံရေးလှုပ်ရှားမှုများအတွက် အကျဉ်းချထားမှုများ ဆက်လက်ရှိဆဲဖြစ်သည်။

ယနေ့တွင် အေအေပီပီ နှစ် ၂၀ ပြည့်မြောက်ပြီ ဖြစ်သည်။ လက်ရှိအချိန်တွင် အေအေပီပီသည် ရန်ကုန်နှင့် မဲဆောက်တွင် ရုံးခန်းများ ဖွင့်လှစ်ထားပြီး၊ နိုင်ငံရေးအကျဉ်းသားဟောင်းအများစု ပါဝင်သည့် ဝန်ထမ်းအင်အား ၄၂ ဦးသည် အဖွဲ့၏မျှော်ရည်ချက်များကို အောင်မြင်စေရန် အားမာန်အပြည့်ဖြင့် တက်ကြွစွာ အကောင်အထည်ဖော် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

အေအေပီပီကို စတင်တည်ထောင်ချိန်က နှစ်၂၀ ကြာသည်အထိ ဆက်လက်တည်ရှိနေ မည်ဟု တွေးထင်ထားခြင်းမရှိပါ။ ထို့အပြင် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်သော အစိုးရ အာဏာရလာပြီးနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားများ တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးမှုများကို မှတ်တမ်းပြုခြင်းများ ဆက်လက်လိုအပ်နေမည်ဟုလည်း တွေးထင်ထားခြင်းမရှိပါ။ လွတ်မြောက်ရေးအတွက် တိုက်တွန်းလှုံ့ဆော်ခြင်းများ ဆက်လက်လုပ်ဆောင်နေရဦးမည်ဟုလည်း ထင်မှတ်မထားပါ။

သို့သော် မျက်မှောက်ကာလတွင် ရင်ဆိုင်ရသောပြဿနာသည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိနေရုံသာ မဟုတ်ပါ။ တခြားအရေးကိစ္စများသည်လည်း ကြီးမားကျယ်ပြန့်လာပြီဖြစ်သည်။ နိုင်ငံရေးလှုပ်ရှားမှုများအတွက် နိုင်ငံသားများကို ထောင်သွင်းအကျဉ်းကျစေသော ဥပဒေများကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်လည်း လိုအပ်သည်။ လယ်ယာမြေသိမ်းဆည်းခြင်း ပြဿနာများကို ဖြေရှင်းရန်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားမှုများကို ရပ်တန့်ရန် စသည့် ပြည်သူများအား ဖိနှိပ်အနိုင်ကျင့်ထားသည့် ဥပဒေများကို ပြင်ဆင်၊ ပယ်ဖျက်နိုင်ရေးအတွက်လည်း လုပ်ဆောင်ရဦးမည်ဖြစ်သည်။ အစိုးရမှ နောက်ကြောင်းပြန်ဆုတ်စေသော မူဝါဒများကို ပြောင်းလဲပစ်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွတ်ပေးခြင်းဖြင့် သက်သေပြနိုင်ရန်လည်း လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းမပြုလျှင် နိုင်ငံရေးအကျဉ်းသားများ ယနေ့ လွတ်မြောက်လာသော်လည်း နောက်တရက်တွင် ပြန်လည်

အေအေပီပီ ၏ နှစ် ၂၀ ပြည့် အေအေပီပီ

ဖမ်းဆီးခြင်းခံရနိုင်ဦးမည်ဖြစ်သည်။ ထို့ပြင်မကအကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး၊ တရားရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲခြင်း စသည့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လည်း လိုအပ်နေသေးသည်။

အေအေပီပီသည် လက်ရှိနိုင်ငံရေးအကျဉ်းသားများအတွက် စည်းရုံးလှုံ့ဆော်ရန် လိုအပ်သည်သာမကဘဲ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အခွင့်အရေးများအတွက်လည်း တိုက်တွန်းလှုံ့ဆော်ရဦးမည်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားအများစု လွတ်မြောက်လာခဲ့ကြပြီး မြန်မာ့လူမှုအသိုင်းအဝိုင်းအတွင်း ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားဟောင်းများလည်း ရှိနေသည်။ စိတ်ဓါတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေးအစီအစဉ် (MHAP) အပါအဝင် ၎င်းတို့၏ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့အတွက် ၎င်းတို့နှင့်အတူ ဆက်လက်၍ နီးကပ်စွာ လက်တွဲဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးရန်လည်း လိုအပ်နေဦးမည်ဖြစ်သည်။

အနာဂတ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စွန့်လွှတ်အနစ်နာခံခဲ့ရမှုများကို မေ့ပျောက်ခြင်းမရှိစေရန်အတွက် ၎င်းတို့၏ အတွေ့အကြုံများကို မှတ်တမ်းပြုခြင်းနှင့် သက်သေအထောက်အထားများ စုဆောင်းခြင်းကို အဓိကထား ဆောင်ရွက်ရန်လည်း မျှော်လင့်ထားသည်။ နှစ်များစွာကြာ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားပြုမူခြင်းတို့ကို ရင်ဆိုင်ခံစားခဲ့ရပြီးနောက် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်ပါက စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ၎င်းတို့ကို ကူညီရန်နှင့် ၎င်းတို့ ပေးဆပ်ခဲ့ရသော လူမှုအသိုင်းအဝိုင်းတွင် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်လာနိုင်ရန်ဖြစ်သည်။


မျက်မှောက်ကာလတွင် အေအေပီပီ၏ တိုးတက်မှုကို နှောင့်နှေးစေသော ပြဿနာများစွာသည်လည်း ဆက်လက်ရှိနေဆဲဖြစ်သည်။ အဘက်ဘက်မှ စည်းရုံးတိုက်တွန်းမှုများ ရှိနေသော်လည်း နိုင်ငံတော်အနေနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည်ကို တရားဝင် အသိအမှတ်ပြုခြင်း မရှိသေးပါ။ အေအေပီပီ၏ အသင်းအဖွဲ့ အဖွဲ့အစည်းတခုအဖြစ် မှတ်ပုံတင်ခြင်းအား အသိအမှတ်မပြုသေးပါ။

အေအေပီပီအဖွဲ့အစည်းကို စတင်တည်ထောင်ကတည်းက အဖွဲ့အစည်းအား လိုအပ်မှုမရှိတော့သည့် တချိန်ချိန်ကို ဦးတည်၍ လုပ်ဆောင်ခဲ့ကြသည်။ မိမိတို့၏ ပြင်းပြသော ရည်မှန်းချက်သည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိမနေစေချင်တော့ခြင်း ဖြစ်သည်။ သို့မှသာ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုများကို ရပ်တန့်နိုင်မည်ဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ ပြန်လည်ထူထောင်ရေးကိုသာ အာရုံစိုက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**"နိုင်ငံရေးအကျဉ်းသားများ ရှိနေသရွေ့**
**အမျိုးသားပြန်လည်သင့်မြတ်ရေးမဖြစ်နိုင်"**

◆

အေအေပီပီ အနှစ် ၂၀ ပြည့် အေအေပီပီ



# အနှစ် ၂၀ ကာလအတွင်း
# အေအေပီပီ ရဲဘော်
# နိုင်ငံရေးအကျဉ်းသားဟောင်းများ








# မပြီးသေးသောခရီးရှည်

လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ် မတ်လ ၂၃ ရက်နေ့ အေအေပီပီကို နယ်စပ်ဒေသရောက် နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့ ထူထောင်ခဲ့ပြီးတဲ့နောက် စတင်ကြုံတွေ့ရတာက အသိ ပညာ၊ အတတ်ပညာ ချို့တဲ့ခြင်းများ၊ ငွေကြေးအခက်အခဲများ၊ သံသယမျက်လုံးများနဲ့ လုံခြုံမှုမရှိခြင်းများပါ။

အဖေက စစ်ထွက်ဖြစ်လို့၊ နယ်စပ်ကို ထွက်ပြေးလာပြီး မဲဆောက်ဈေးထဲမှာ တစ်ညကို ဘတ် ၂၀ ပေးပြီး အိပ်ခဲ့ရတဲ့ အိမ်က မြန်မာပြည်ဘက် ထောက်လှမ်းရေးနဲ့ အဆက်အသွယ်ရှိလို့ဆိုတဲ့ စွပ်စွဲချက်မျိုးနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီးတခုက သံသယနဲ့ စောင့်ကြည့်တာလည်း ခံခဲ့ရတဲ့ အခြေအနေနဲ့လည်း ရင်ဆိုင်ခဲ့ရပြီး ကံကောင်းလို့ မသေခဲ့တာပါ။ ဒါကလည်း နယ်စပ်မှာရှိတဲ့ ရဲဘော်များရဲ့ အာမခံပေးတာကြောင့်နဲ့ ၂၀၁၁ ခုနှစ် အခြေအနေတွေကြောင့်ပါ။ သို့သော်လည်း နယ်စပ်မှာ အခြေစိုက်တဲ့ အခြားသော ဒီမိုကရေစီအင်အားစုများကတော့ ကျနော် စရောက်ကတည်းက အကူအညီပေးခဲ့ပါတယ်။

ထိုင်းနိုင်ငံ၊ မဲဆောက်မှာနေတယ်ဆိုပေမယ့် ထိုင်းနိုင်ငံမှာ တရားဝင်နေထိုင်ခွင့်လက်မှတ်မရှိဘဲ ခိုးဝင်နေထိုင်သူများအဖြစ် သတ်မှတ်ခံထားရသူများသာဖြစ်တဲ့အတွက် ကျနော်တို့ဟာ မဲဆောက်မှာ ထိုင်းအာဏာပိုင်များရဲ့ အကြိမ်ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသူများပါ။ ဒီလိုမျိုး ဖမ်းဆီးခံလိုက်၊ ပြန်လွတ်လာလိုက်နဲ့ အေအေပီပီမှာ တာဝန်ထမ်းဆောင်ခဲ့ကြရတာပါပဲ။

ဒီလိုအခြေအနေတွေထဲကမှ ကြိုးစားရင်း တဖြည်းဖြည်းချင်း နယ်စပ်ဒေသမှာ အခြေစိုက်တဲ့ တိုင်းရင်းသားအဖွဲ့တွေရဲ့ ယုံကြည်မှုကို ရခဲ့တာပါ။ အေအေပီပီက မြန်မာနိုင်ငံတွင်းနဲ့ နိုင်ငံတကာအကြား ပေါင်းကူးပေးတဲ့ တံတားတစ်စင်း ဖြစ်ခဲ့ပါတယ်။

အဲဒီနောက် နိုင်ငံရေးအကျဉ်းသားရှိတယ်ဆိုတာကို သက်သေပြနိုင်ဖို့အတွက် ကြိုးစားရတယ်။ အဲ့လိုကြိုးစားတယ်ဆိုတဲ့အခါမှာ documentation ပေါ့။ မှတ်တမ်းတင်တာက တော်တော်လေးအရေးကြီးပါတယ်။ ကျနော်တို့ ပထမဆုံးစလုပ်တာက မြန်မာနိုင်ငံမှာ ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းတွေကိုပြုစုတယ်။ အဲ့လိုပဲ နိုင်ငံရေးအကျဉ်းသားဟောင်းတွေရဲ့စာရင်းကို ပြုစုတယ်။ ပြီးတော့ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ ထောင်အသီးသီးရဲ့ အခြေအနေတွေကို စုံစမ်းတယ်။ လေ့လာတယ်။ အဲ့ဒီကနေပြီးတော့ အစီရင်ခံစာတွေ ထုတ်တယ်။ အဲ့ဒီအစီရင်ခံစာတွေကို နိုင်ငံတကာသံတမန်တွေ၊ ကုလသမဂ္ဂ၊ INGO တွေ၊ အဲ့လိုအဖွဲ့စည်းတွေကို ဖြန့်ဝေတယ်။ နောက် မီဒီယာပေါ့၊ မီဒီယာကလည်း အဲ့အချိန်တုန်းက ကျနော်တို့ကို တော်တော်လေးစိတ်ဝင်စားကြပါတယ်။ ကျနော်တို့အနေနဲ့ အထူးသဖြင့် ပြည်တွင်းမီဒီယာထက်စာရင် နယ်စပ်အခြေစိုက် နိုင်ငံတကာမီဒီယာတွေကို အလေးထားပြီးတော့ တင်ပြတာမျိုး တွေရှိပါတယ်။ အဲ့လိုပုံစံမျိုးနဲ့ လူတွေသိလာတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ နိုင်ငံတကာအစည်းအဝေးအသီးသီးမှာ အစိုးရတွေရဲ့ တောင်းဆိုချက်က နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဖြစ်လာပါတယ်။ ဒါက သူတို့အစည်းအဝေးရဲ့ ပထမဦးစားပေး Agenda ဖြစ်လာတယ်။ နောက်ပြီးတဲ့အခါကျတော့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်တို့၊ အမေရိကန်အစိုးရ၊ ဥရောပသမဂ္ဂအစိုးရတွေရဲ့ တောင်းဆိုချက်တွေမှာ ဘာတွေပါလဲဆိုတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုတွေမှာ နိုင်ငံရေးအကျဉ်းသား ဘယ်လောက်လွတ်သလဲဆိုတဲ့ အပေါ်မှာ တိုင်းတာလာတဲ့အဆင့်ထိ ရောက်ခဲ့တယ်။ အာဆီယံနိုင်ငံတွေမှာ နိုင်ငံအလိုက် အလှည့်ကျဥက္ကဋ္ဌဖြစ်တာတွေရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ မလွတ်တဲ့အတွက်၊ မြန်မာနိုင်ငံ ရဲ့ လူ့အခွင့်အရေးအခြေအနေတွေ မတိုးတက်တဲ့အတွက်၊ မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌအဖြစ် မလုပ်ဖို့ဆိုတာမျိုးကို အာဆီယံနိုင်ငံတွေက ဖိအားပေးလာတာမျိုးတွေ၊ နောက်ပြီးတဲ့အခါကျတော့ မြန်မာအစိုးရကို ဥက္ကဋ္ဌ အဖြစ်မှ ကျော်ခဲ့တဲ့ဟာမျိုးတွေလည်း ရှိတယ်။ နောက်ဒီပဲယင်းဖြစ်စဉ် ပြီးသွားတဲ့အချိန်မှာ အမေရိကန်နဲ့ အီးယူ

(EU)အစိုးရများကနေ မြန်မာနိုင်ငံပေါ်မှာ ပိုပြင်းထန်တဲ့ စီးပွားရေး ပိတ်ဆို့မှုတွေ လုပ်လာခဲ့တဲ့အထိ ရောက်အောင်လည်း အေအေပီပီက အခြားသောအဖွဲ့များနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နိုင်ခဲ့ပါတယ်။

AAPP ၂၀၀၀ ခုနှစ်ကနေ စတည်ထောင်ပြီးတော့ ၂၀၁၀ အထိ ၁၀ နှစ်တာ ဖြတ်သန်းခဲ့တဲ့ ပထမ ၁၀ နှစ်တပိုင်းမှာ AAPP အနေနဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လုပ်တယ်၊ campaign တွေလုပ်တယ်၊ advocacy တွေ lobby တွေလုပ်ခဲ့ကြတယ်။

ကျနော်တို့ ၂၀၀၉ ခုနှစ်က နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး campaign လုပ်တာရှိပါတယ်။ အဲ့ဒီ campaign ကတော့ တကမ္ဘာလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့တာမျိုးတွေရှိတယ်။ နိုင်ငံတကာအစိုးရအဖွဲ့တွေရဲ့ နိုင်ငံခြားရေးဝန်ကြီးတွေကိုယ်တိုင် ပါဝင်ပြီး လက်မှတ်ထိုးခဲ့တာတွေရှိတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်တော်တို့က၈၈၈၈ ကို ဂုဏ်ပြုတဲ့အနေနဲ့ လက်မှတ်ပေါင်း ၈သိန်း ၈သောင်း ၈ထောင် ၈ရာ ၈ဆယ့် ၈ခု ကောက်မယ်ဆိုပြီးတော့ လုပ်ကြပါတယ်။ ဒါပေမဲ့ ၈သိန်း ၈သောင်း ၈ထောင် ၈ရာ ၈ဆယ့် ၈ခု တော့မရခဲ့ပါဘူး။ အဲဒီအချိန် အီရတ်အရေးက ကမ္ဘာအဝန်းက လူတွေကို ဖမ်းစားနေတာကြောင့်ပါ။ ကျနော်တို့ လက်မှတ်ပေါင်း ၇ သိန်းနီးပါး တော့ ရခဲ့တယ်၊ အဲ့ဒီလက်မှတ်တွေကို ကုလသမဂ္ဂရဲ့ အထွေထွေအတွင်းရေးမှူးချုပ်ထံကို ကျနော်တို့ ပေးအပ်နိုင်ခဲ့တယ်။ ဒါကကုလသမဂ္ဂအနေနဲ့ အရပ်ဘက်အဖွဲ့အစည်း တွေကလုပ်တဲ့ campaignတွေကို ကုလသမဂ္ဂရဲ့ သမိုင်းမှာ ပထမဆုံး အသိအမှတ်ပြုတာပေါ့။ အဲ့ဒီ့ရဲ့သက်ရောက်မှုက မြန်မာနိုင်ငံမှာ နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေးဆိုတာကို နိုင်ငံတကာအစိုးရတွေက တကယ်ကို သဘောတူညီချက်ရှိရှိနဲ့ သူတို့ကိုယ်တိုင်က ပူးပေါင်းလုပ်ဆောင်လာတယ်။ ဒါက အောင်မြင်မှုတခုလို့ ကျနော်တို့ ပြောလို့ရပါတယ်။

၂၀၁၀ ခုနှစ်မှာ မြန်မာနိုင်ငံတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာခဲ့တယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေပေါ် မူတည်ပြီး တော့ ကျနော်တို့ရဲ့ Vision တွေ mission တွေကို ပြောင်းလဲခဲ့ပါတယ်။ ၂၀၁၀ မတိုင်ခင်အထိကတော့ ကျနော်တို့က နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး၊ ပြီးတော့ မလွတ်မြောက်ခင်စပ်ကြားမှာ တတ်နိုင်သမျှ ကူညီရေး၊ နောက်ပြီးတော့ လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသား ဟောင်းတွေ နိုင်ငံရေးဖြစ်စဉ်ထဲမှာ ပါဝင်ရေး၊ နိုင်ငံရေး အကျဉ်းသား ဟောင်းတွေရဲ့ ဘဝကိုပြန်လည်ထူထောင်ရေး အစရှိသဖြင့် ဒါမျိုးတွေကို ဦးစားပေးပြီးလုပ်ခဲ့တယ်။ ဒါပေမဲ့ ၂၀၁၀ နောက်ပိုင်း ပြောင်းလဲ လာတဲ့နိုင်ငံရေးအခြေအနေပေါ် မူတည်ပြီးတော့ ကျနော်တို့က ကျနော်တို့ရဲ့ Vision ကို ပြောင်းလိုက်တယ်။ ပြောင်းလိုက်တဲ့ Vision ကတော့ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ နိုင်ငံသားတိုင်း နိုင်ငံသားနှင့် နိုင်ငံရေးအခွင့် အရေးပြည့်ပြည့်ဝဝရရှိရေးနဲ့ နိုင်ငံရေးအကျဉ်းသားမရှိတဲ့ လူ့ဘောင်တခုကို တည်ထောင်နိုင်ရေး ဆိုတာမျိုးကို ကျနော်တို့ ပြောင်းလဲခဲ့တယ်။

အေအေပီပီ

အဲ့လိုပြောင်းလဲခဲ့ပြီးတဲ့အခါကျတော့ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ပြည့်ပြည့်ဝဝ ရရှိဖို့ဆိုပြီးတော့ ကျနော်တို့က လူ့အခွင့်အရေး သင်တန်းတွေပေးတယ်။ အဲ့လိုပဲ အထက်တန်းကျောင်းတွေမှာ၊ တက္ကသိုလ်တွေမှာ၊ ကျေးလက်ဒေသတွေမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အသိပညာ ပြန့်ပွားမှုတွေ ကျနော်တို့လုပ်ဆောင်လာခဲ့တာရှိတယ်။ အဲ့ဒီ့အပြင် ကျနော်တို့က ဒီမိုကရေစီအရေးကို အနှောင့်အယှက်ဖြစ်နေတဲ့ ဥပဒေတွေ ပြုပြင်ပြောင်းလဲရေးဆိုတာကို ကျနော်တို့ လုပ်ဆောင်လာတယ်။ အဲ့လို လုပ်ဆောင်လာတဲ့အထဲမှာတော့ Peaceful Assembly Law ပေါ့၊ ငြိမ်းစုစီ ဥပဒေပြုပြင်ပြောင်းလဲရေး၊ ၆၆(ဃ) ပြုပြင်ပြောင်းလဲရေး၊ အကျဉ်းထောင် စနစ်ပြုပြင်ပြောင်းလဲရေး ဆိုပြီးတော့ ဒီမိုကရေစီအရေးကို နှောင့်ယှက် ဖျက်ဆီးနေတဲ့ ဥပဒေတွေ ပယ်ဖျက်ရေးတွေကိုပါ တိုးချဲ့လုပ်ကိုင်လာ ပါတယ်။ အဲ့ဒီအပြင် ကျနော်တို့ အရင်လုပ်နေကျ နိုင်ငံရေးအကျဉ်းသား စာရင်းပြုစုရေး၊ နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့ကူညီရေး၊ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသား ဟောင်းတွေရဲ့ အသက်မွေးဝမ်းကြောင်း ပညာရပ်တွေကို သင်ကြားနိုင်ဖို့ အတွက် အထောက်အကူပေးတာတွေ၊ နောက်ပြီးတဲ့ အခါကျတော့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေရဲ့ မိသားစု၊ ကလေးတွေကို ပညာ သင်ကြားရေးအတွက် တတ်နိုင်သမျှကူညီတာတွေ၊ ဒါတွေကို ဆက်ပြီး တော့ လုပ်ဆောင်နေတာတွေရှိပါတယ်။ ကျနော်တို့ လုပ်ဆောင်နေတဲ့ အထဲမှာ ခြုံပြောရမယ်ဆိုလို့ရှိရင် Transitional Justice ပေါ့၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်တွေလည်း အများကြီး ပါဝင်နေပါတယ်။

ဒီအသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ ကိစ္စရပ်ကို ပြောရမယ်ဆိုရင် တံခါးကြီးလေးပေါက်ကို ဖြတ်သန်းရပါတယ်။ အဲ့ တံခါးကြီး လေးပေါက်ကို ဖြတ်သန်းရတဲ့အထဲမှာ အရေးကြီးဆုံးက Truth ပေါ့၊ Truth ရဖို့အတွက်ဆိုရင် documentation ရှိရမယ်၊ မှတ်တမ်း မှတ်ရာတွေ ရှိရမယ်။ အဲ့အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းတွေ တဦးချင်းစီရဲ့ မှတ်တမ်းမှတ်ရာတွေကို ကျနော်တို့ပြုစုတယ်။ ကျနော်တို့ ခန့်မှန်းထားချက်အရ နိုင်ငံရေးအကျဉ်းသားဟောင်းပေါင်း အနိမ့်ဆုံး တစ်သောင်း ဝန်းကျင်လောက် ရှိပါတယ်။ အဲ့ထဲမှာ အခုက ကျနော်တို့ ပြုစုပြီး သလောက်ဆိုရင် ၃,၅၀၀ လောက်ကို နိုင်ငံရေးအကျဉ်းသားဟောင်း တဦးချင်းရဲ့ ဖြတ်သန်းမှုတွေ၊ သူတို့ရဲ့ ထောင်တွင်းဖြတ်သန်းမှုတွေ၊ စစ်ကြောရေးမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတဲ့ ဖြတ်သန်းမှုတွေ၊ လက်ရှိဘဝ အခြေအနေတွေ၊ ဒါတွေကို အသေးစိတ်မှတ်တမ်းတင်ထားတာတွေရှိပါ တယ်။ ဒါကလည်း တချိ န်ချိ န်မှာ အမှန်တရား ဖော်ထုတ်ရေးလိုကိစ္စမျိ ုးမှာ အသုံးဝင်နိုင်ပါတယ်။ အဲ့လိုပဲ ကျနော်တို့ Justice ကိစ္စကို ပြောမယ်ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေးအတွက်ကို အဓိကထားပြီးတော့ ဆောင်ရွက်နေတာတွေရှိပါတယ်။ နောက်ပြီးတဲ့အခါကျတော့ အတိတ် ကာလက လူ့အခွင့်အရေးချိ ုးဖောက်ခံခဲ့ရသူတွေကို တစုံတရာ ပြန်ပြီး အသိအမှတ်ပြုဖို့လိုတယ်၊ ကုစားပေးဖို့လိုတယ် ဆိုတာမျိ ုးကိုလည်း

လုပ်ဆောင်နေတာတွေရှိပါတယ်။ ဒီလိုလုပ်ဆောင်နေတဲ့အခါမှာ အေအေပီပီ တဖွဲ့တည်း လုပ်ဆောင်နေတာမျိုးမဟုတ်ဘဲ ကျနော်တို့နဲ့ ရင်ဘတ်ချင်းတူတဲ့ တခြားအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ပေါင်းပြီးတော့ လုပ်ဆောင်နေတာတွေရှိပါတယ်။ ဒီလိုမျိုး အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုကိစ္စရပ်တွေကိုလည်း စနစ်တကျနဲ့ ဆောင်ရွက်နေပါတယ်။

ဒါတွေက တချိန်ချိန်မှာ အစိုးရကိုယ်တိုင်က လုပ်ကိုလုပ်ဆောင်ရမယ့်ကိစ္စတွေပါ။ ဒီကြားထဲမှာတော့ အခုလိုမျိုး လူ့အခွင့်အရေးချိုးဖောက်မှုတွေ နောင်တချိန်မှာ ပြန်မဖြစ်ဖို့ဆိုလို့ရှိရင် Institutions တွေကို Reform လုပ်ဖို့လိုပါတယ်။ အဲ့အတွက် ကျနော်တို့က အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၊ အရင်တုန်းက GAD လို့ခေါ်တဲ့ ထွေအုပ်ပေါ့၊ ဒီထွေအုပ်ကို အစိုးရလက်အောက် ရောက်ရှိရေးဆိုတာကို ကျနော်တို့နိုင်ငံခြားရေးရာပေါ်လစီအနေနဲ့ ထားပြီးတော့ လုပ်တယ်။ အခုတော့ ထွေအုပ်က အစိုးရလက်အောက်ကို ရောက်သွားပြီ။ လတ်တလောကျနော်တို့ရဲ့ နိုင်ငံခြားရေးရာပေါ်လစီထဲမှာ ဆိုရင်တော့ ရဲတပ်ဖွဲ့ကို လွတ်လပ်တဲ့ရဲတပ်ဖွဲ့ဖြစ်ရေးဆိုတာမျိုးကို ဦးတည်ထားပါတယ်။ အဲ့လိုပဲ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိရေးအတွက် နိုင်ငံတကာအစိုးရတွေနဲ့ လိုသလိုပူးပေါင်းဆောင်ရွက်နေတာတွေရှိပါတယ်။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ မြန်မာပြည်ထဲမှာ လာပြီးတော့လုပ်ဖို့ ဒီလိုကိစ္စမျိုးတွေလည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။

ဆိုတော့ နိုင်ငံရေးအကျဉ်းသားပြဿနာကို ဆက်လက်စဉ်းစားကြမယ်ဆိုရင် လက်ရှိ မြန်မာနိုင်ငံထဲမှာ ဖြစ်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာတွေနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။ ဥပမာ– ပြည်တွင်းစစ်က နိုင်ငံရေးအကျဉ်းသားတွေကို မွေးထုတ်ပေးနေတယ်၊ ပြည်တွင်းစစ်ကြောင့် မတရားသဖြင့် အဖမ်းခံနေရတဲ့သူတွေရှိတယ်၊ မတရားညှဉ်းပန်းနှိပ်စက်ခံရတဲ့သူတွေရှိတယ်၊ ဥပဒေမဲ့ သတ်ဖြတ်ခံရတဲ့ ကိစ္စမျိုးတွေရှိတယ်။ ဒီဟာတွေက နိုင်ငံရေးအကျဉ်းသား တိုးပွားစေတဲ့ အကြောင်းအရင်းတွေဖြစ်တယ်။ လယ်သမားတွေ တော်တော်များများက သူတို့လယ်ယာမြေတွေ အသိမ်းခံခဲ့ရတယ်။ အဲ့လယ်ယာမြေတွေ ပြန်လည်ရရှိရေးအတွက် သူတို့တွေတိုက်ပွဲဝင်ကြရတယ်။ တိုက်ပွဲဝင်ကြရင်း နဲ့ ဖမ်းဆီးခံရတယ်။ ဒါကလည်း နိုင်ငံရေးအကျဉ်းသားအရေအတွက် တိုးလာစေတဲ့ပြဿနာတွေ ဖြစ်ပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာရေးသားခွင့် အစရှိသဖြင့် ဒီမိုကရေစီရဲ့ စံချိန်စံနှုန်းတွေ လူ့အခွင့်အရေးရဲ့အခြေခံအချက်တွေကို အစိုးရတွေက ချိုးဖောက်နေတာမျိုးတွေ ရှိပါတယ်။ အဲ့ဒါတွေကို ရပ်တန့်ဖို့ လိုပါတယ်။ အဲလိုမျိုးရပ်တန့်နိုင်မှ နိုင်ငံရေးအကျဉ်းသားကိစ္စက မေးမှိန်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားဆိုတဲ့စကားလုံးကို ခြုံပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့နိုင်ငံရေး၊ တန်းတူညီမျှရေး ပြဿနာပေါင်းစည်းနေတယ်လို့ ကျနော်တို့ ပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးအကျဉ်းသား ပြဿနာကို စနစ်တကျနဲ့ ကိုင်တွယ်ဖြေရှင်းဖို့လိုတယ်။ ကိုင်တွယ်ဖြေရှင်း

အေအေပီပီ

တဲ့အခါမှာ ကျယ်ပြန့်တဲ့ချဉ်းကပ်မှုတွေ လုပ်ရမယ်။ တခုပြီးမှတခုလုပ်တာမျိုး မဟုတ်ဘဲနဲ့ ဘက်ပေါင်းစုံကနေပြီးတော့ ပြိုင်တူလုပ်ဖို့ လိုအပ်ပါတယ်။ ဥပမာ ပြည်တွင်းစစ်ရပ်စဲဖို့လိုတယ်။ လယ်ယာမြေပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းဖို့လိုအပ်တယ်။ လွတ်လပ်စွာရေးသားခွင့်တွေ လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်တွေကို အလေးထားဖို့လိုတယ်။ ဥပဒေတွေနဲ့ ကာကွယ်ပေးဖို့လိုတယ်။ ဒီလိုကိစ္စရပ်မျိုးတွေကို ကျနော်တို့ မည်သည့်အစိုးရကမဆို၊ မည်သူမဆိုအစိုးရဖြစ်လာရင်လည်း ဒါတွေကို လုပ်ဆောင်ဖို့လိုအပ်တယ်။ ဒါမှသာလျှင် ကျနော်တို့နိုင်ငံက နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးတွေကို အပြည့်အဝကျင့်သုံးနိုင်တဲ့ နိုင်ငံတစ်ခု ဖြစ်လာပြီးတော့ တည်ငြိမ်အေးချမ်းတဲ့နိုင်ငံတစ်ခု ဖြစ်လာမှာပါ။ ဒီလိုမှမဟုတ်ရင်တော့ ကျနော်တို့နိုင်ငံက ကမ္ဘာ့အလယ်မှာ မျက်နှာငယ်နေရဦးမယ်။ စီးပွားရေးပိတ်ဆို့မှုတွေ အများကြီးဖြစ်လာနိုင်ချေတွေ ရှိနေတယ်ဆိုတဲ့အခါကျတော့ ကျနော်တို့ လူ့အခွင့်အရေးအခြေအနေတွေ အမြန်ဆုံးတိုးတက်ဖို့တော့ လိုအပ်ပါတယ်။

တကယ်တော့ ကျနော်တို့ အေအေပီပီကို စပြီးတော့ဖွဲ့စည်းကတည်းက ကျနော်တို့ရဲ့ မျှော်မှန်းချက်က အေအေပီပီကို ဖျက်သိမ်းဖို့ပါပဲ။ အေအေပီပီကို ဖျက်သိမ်းဖို့ဆိုလို့ရှိရင် နိုင်ငံရေးအကျဉ်းသားမရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် ကျနော်တို့ ကြိုးစားရမှာပါ။ အဲ့ဒီ့အခြေအနေကို အမြန်ဆုံးရောက်လာလိမ့်မယ်လို့ ကျနော်တို့မျှော်လင့်တယ်။ ဒါပေမဲ့ ကျနော်တို့ ဆက်ပြီးတော့ ကြိုးစားရမှာတွေရှိပါတယ်။ အဲ့လိုမျိုး နိုင်ငံရေးအကျဉ်းသားမရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ဆိုလို့ရှိရင် လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားတဲ့ အစိုးရတွေ တက်လာဖို့လိုပါတယ်။ အဲ့လိုပဲ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ လူတွေတော်တော်များများကလည်း လူ့အခွင့်အရေးကို လေးစားတဲ့ လိုက်နာတဲ့ ပြည်သူတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ဆိုတော့ ဒီလိုအခြေအနေဖြစ်အောင်တော့ ကျနော်တို့က ဆက်လက်ပြီးတော့ ကြိုးစားသွားမယ်လို့၊ အဲ့လိုပဲ ကျနော်တို့ အေအေပီပီက ခေါင်းစဉ်အရ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးခေါင်းစဉ်ဖြစ်နေပေမယ့် ကျနော်တို့ လုပ်နေတဲ့အလုပ်က နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး အပြည့်အဝရရှိရေးကို ဦးတည်ထားပါတယ်။ အဲဒီဦးတည်ချက်ရောက်အောင် ဆက်ပြီးတော့ ချီ တက်ကြရမှာပါ။

ဘိုကြည်

**(တွဲဖက်အတွင်းရေးမှူး၊ အေအေပီပီ)**

အေအေပီပီ